# မိုးဆက်လင်းထက်

## မကြ့



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မိုးဆက်လင်းထက်

# ငွေ


တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း။

ဖုန်း -၂၄၅၂၈၄၊ ၃၇၉၄၈၇

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၆၂၆၁၁၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၅၆၆၁၁၀၇ |
| အဖုံး ဒီဇိုင်း | - | သင့်မြတ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းပပ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅·၈၃

မိုးဆက်လင်းထက်

ကြွေ / မိုးဆက်လင်းထက်။ - ရန်ကုန်။

တော်ဝင်မြို့မစာပေ ၊ ၂၀၀၉ ။

၁၃၄ - စာ၊ ၁၃ စင်တီမီတာ × ၂၀·၅ စင်တီမီတာ။

(၁) ကြွေ

ဆီဦးနေ့က

ဒီဇင်ဘာရဲ့

နှင်းပွင့်တွေ

ဖွဲးဖွေးလှုပ်ချောင်း

ကျတဲ့ နေ့ပေါ့ ....

မှတ်မှတ်ရရပါပဲ ...

နှင်းတွေဝေနေလိုက်တာများလေ ...

# အခန်း(၁)

"**မင်း**ဒီည ဝေမာတို့အိမ် သွားမှာလား . . ."

လင်းကိုက ကျွန်တော့်ကို လှမ်းမေးခြင်းဖြစ်သည်။ လွင်မောင်က ဂျာနယ်တစ်စောင် ဖတ်နေရင်းနှင့် တစ်ချက်မော့ကာ ကြည့်၏။ ကျွန်တော် ခပ်အေးအေးပင် ခေါင်းညိတ်ပြလိုက်ကာ . . .

"သွားမှာပေါ့ . . . ပြီးရင် ကိုဦးတို့အိမ်ပါ ဆက်ဝင်ရမယ်"

အားလုံး ခေါင်းညိတ်ပြကာ . . .

"အဲဒီ့အစီအစဉ် ကောင်းတယ် . . . ဝေမာ့အိမ်သွားပြီးမှ ကိုဦးအိမ် သွားတာပေါ့ . . ."

"မင်းတို့အကြံ ငါ သိသားပဲ . . . ကိုဦးအိမ်မှာ ဒီည ကြိုက်သလောက်သောက်ဆိုတော့ နောက်ဆုံးဘိတ် အိတ်နဲ့လွယ်ချင်နေကြတယ်မလား . . ."

အားလုံးက ရယ်ကြဲကြဲနှင့်ကြည့်ကာ . . .

"မင်းကရော ဘာထူးလို့လဲ . . ."

ဟု ကျွန်တော့်ကို ပြန်မေးသည်။

ကျွန်တော် ဘာမှမပြောဘဲ အသာငြိမ်နေလိုက်သည်။ ဒီည

က ခရစ်စမတ်ညဖြစ်၏။ ထို့ကြောင့် ဖိတ်ထားသော သူငယ်ချင်းတွေ အိမ်ကို သွားကြဖို့ တိုင်ပင်နေကြခြင်းပါ။ ဒီလိုပါပဲ . . . ဒီဇင်ဘာ (၂၄) လောက်ကစပြီး ကျွန်တော်တို့ အလုပ်ရှုပ်နေကြပြီ။ ခရစ်စမတ် နယူးရီးယားစသည်ဖြင့် ပွဲတွေက ရှေ့ဆင့်နောက်ဆင့်။ ဒီကြားထဲ ကရင်နှစ်သစ်ကူးကပါ ပါလိုက်သေး၏။

ကျွန်တော်တို့တွေက အပေါင်းအသင်းစုံသူဖြစ်၍ ဘယ်ပွဲမှ သိပ်မလွတ်။ သူများ မကျင်းပရင် ကိုယ့်ဘာသာကိုယ် ကျင်းပသည်။ အခုလည်း နယူးရီးယားညကို လင်းကိုတို့ခြံမှာလုပ်ဖို့ ဆုံးဖြတ်ပြီးသား။ သူငယ်ချင်းတွေကို ဖိတ်မည်။ ထုံးစံအတိုင်း (၁၂းဝဝ) နာရီကျော်သည်အထိ ကကြ၊ ခုန်ကြ သီချင်းတွေဆိုကြရင်းနှင့် နှစ်သစ်ကို ကြိုဆိုကြမည်ဖြစ်သည်။

ဒီလိုခရစ်စမတ်ညကျတော့ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်သည့် ဝေမာနှင့်ကိုဦးတို့ခြံမှာ အမြဲလုပ်ဖြစ်သည်။ ထို့ကြောင့် ဒီညကို သွားဖို့လာဖို့ တိုင်ပင်နေကြခြင်းပါ။

လင်းကိုက ကျွန်တော့်ကိုကြည့်၍ . . .

"မင်းဘာသာမင်း လာမှာလား . . ငါတို့ လာခေါ်ရမလား"

ကျွန်တော် တစ်ချက်စဉ်းစားလိုက်ပြီးမှ . . .

"ငါ့ဘာသာငါ လာခဲ့မယ် . . . မင်းတို့နဲ့ ကပ်လိုက်ရင် ပြန်ချင်တဲ့အချိန် မပြန်ရဘဲ ဖြစ်နေဦးမယ် . . ."

"အမယ် . . . ကြီးကြီးကျယ်ကျယ် . . . အရင်ကတော့ အပြင်သွားရင် ငါတို့ကားတွေ လိုက်ကပ်စီးနေတဲ့ကောင်ကများ"

ကျွန်တော် တစ်ချက်ရယ်လိုက်ရင်း . . .

"အရင်ကတော့ အရင်ကပဲလေ . . ဒီနေ့က အရင်က နေ့တွေလိုမှ မဟုတ်တာ . . . တော်ကြာ မင်းတို့က ခွေးသောက်၊ နွားသောက် သောက်ပြီး မှောက်သွားရင် ဘယ်သိုလုပ်မလဲ . . ."

လွင်မောင်က ဝင်၍ . . .

"မှောက်သွားတော့လည်း ကိုဦးအိမ်မှာပဲ အိပ်လိုက်ပေါ့ကွာ . . ခါတိုင်းလည်း အိပ်နေကျပဲဟာ . . ."

"ဒါတော့ ဒါပေါ့ကွ . . ငါက မနက်သွားစရာရှိသေးတယ်"

နှစ်ကောင်လုံး ဘာမှဆက်မပြောတော့ဘဲ 'မင်းသဘော' ဆိုသည့်အနေဖြင့် လက်သာရမ်းပြ၏။

ကျွန်တော်လည်း ရယ်နေလိုက်သည်။

ခဏကြာတော့ နှစ်ယောက်လုံး ကျွန်တော့်အိမ်မှ ပြန်သွားကြသည်။ ကျွန်တော်လည်း ညအတွက် ပြင်ဆင်သင့်တာ ပြင်ဆင်ဖို့ အခန်းထဲ ဝင်ခဲ့လိုက်ပါတော့သည်။

☆ ☆ ☆ ☆ ☆

**ဝတ်လို့**စားလို့ပြီးသွားတော့ မှန်ကိုတစ်ချက်ကြည့်လိုက်၏။ ဒီနေ့ညက ခါတိုင်းညတွေထက် အအေးပိုတာ သတိထားမိသည်။ ပြီးတော့ ထူးထူးခြားခြား နှင်းတွေကျနေလိုက်သေးသည်။ ထို့ကြောင့် ရှပ်အင်္ကျီအဖြူစင်းလေးနှင့် စတိုလ်ပင်အပြင် အပေါ်က ကုတ်အင်္ကျီ တစ်ထည်ပါ ဝတ်ထားလိုက်သည်။

မှန်ကြည့်ပြီးတော့ လိုလေသေးမရှိအောင် ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားကာ အခန်းထဲမှ ထွက်ခဲ့လိုက်တော့သည်။ ဧည့်ခန်း ရောက်တော့ အဖေနဲ့အမေ နှစ်ယောက်စလုံးထိုင်နေတာ တွေ့ရ၏။ အမေက ပုတီးစိပ်ရင်း တရားစာအုပ်တစ်အုပ်ကို ဖတ်နေတာ တွေ့ရ သည်။ အဖေကတော့ စလောင်းတလာသည့် ခရစ်စမတ်ပွဲတော်တွေ ကို ထိုင်ကာကြည့်နေသည်။

ကျွန်တော် ဆင်းလာတော့ အမေက တရားစာအုပ်ဖတ်နေ ရင်းမှ မော့ကြည့်ကာ . . .

"သွားတော့မလို့လား . . ."

"ဟုတ်ကဲ့ . . ."

"ဒီည မိုးချုပ်မှာလား . . . မနက်လည်း သွားစရာရှိတယ်နော် . . ."

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း . . .

"အရမ်းမိုးမချုပ်ပါဘူး အမေ . . . စိတ်ချပါ . . ."

အမေက ခေါင်းတစ်ချက်ညိတ်ပြပြီး တရားစာအုပ် ပြန်ဖတ်သွား၏။ ကျွန်တော် ကားသော့ကိုယူ၍ ထွက်မလို့လုပ်စဉ် အဖေက လှမ်း၍ . . .

"အရမ်းသောက်မလာနဲ့နော် . . ကားမောင်းပြန်ရမှာ . ."

ဟု တစ်ချက်လှမ်းကာ မှာသည်။ ကျွန်တော်က . . . .

"ဟုတ်ကဲ့ . . ."

ဟု လှမ်းပြောရင်း ထွက်လာခဲ့လိုက်ပါတော့သည်။ လမ်းရောက်တော့ ဟိုကောင်တွေဆီ ဖုန်းဆက်ကြည့်၏။ သူတို့လည်း သွားနေပြီဖြစ်ကြောင်း ပြန်ပြောသည်။ ဖုန်းချပြီးမှ ခရစ်စမတ်လက်ဆောင်ဝယ်ဖို့ သတိရသွားကာ ရန်ကင်းစင်တာဘက်သို့ ချိုးချလိုက်သည်။

ဝေမှာ့အတွက်တော့ ခွေးရုပ်ခပ်ကြီးကြီးတစ်ရုပ် ဝယ်သွားမည်။ ဝေမှာက ခွေးချစ်တတ်၏။ ကိုဦးအတွက်ကတော့ ဘာပေးရင်ကောင်းမလဲဆိုပြီး တွေးလိုက်သည်။ ဒီကောင် ဘာချစ်သလဲ၊ ပြီးတော့ ဘာကြိုက်တတ်သလဲ။

တွေးနေစဉ်မှာပင် ဖျတ်ခနဲ ပေါ်လာသည်။ အရက် . . .

သို့သော် အရက်ကတော့ ဒီလိုညမျိုးမှာ ပေါများနေမည်ဖြစ်၍ နိုင်ငံခြားဖြစ် ဝိုင်တစ်လုံးလောက် ဝယ်သွားမည်ဟု တွေးလိုက်၏။

တွေးနေစဉ်မှာပင် ရန်ကင်းစင်တာရှေ့ရောက်လာသောကြောင့် ကားကိုဝင်းထဲသွားမရပ်တော့ဘဲ ရန်ကင်းစင်တာနှင့်မျက်နှာချင်းဆိုင် ပလက်ဖောင်းမှာသာ ရပ်လိုက်သည်။

ထုံးစံအတိုင်း ပွဲတော်ညဖြစ်သောကြောင့် ကားတွေ၊ လူတွေ ရှုပ်ယှက်ခတ်နေသည်။ ထို့ကြောင့် ကားရပ်ဖို့နေရာကို တော်တော်လေး ပြူးပြဲရှာရသည်။ ကံအားလျော်စွာပင် ကျွန်တော့်ရှေ့က ကား တစ်စီးထွက်သွား၍ ထိုကားနေရာမှာဝင်ထိုးလိုက်သည်။

အရေးထဲ ထွက်သွားသည့်ကားက တီကိုကားအသေးလေး ဖြစ်၍ ကျွန်တော့်ကားက ပိုကြီးနေသောကြောင့် ကားပါကင်ကို မ နည်းထိုးယူခဲ့ရ၏။

ထို့နောက် စင်တာထဲဝင်၍ လိုအပ်သည့်ပစ္စည်းတွေ ဝင် ဝယ်လိုက်သည်။ လူတွေကလည်း ပြည့်ကျပ်ကာ ကြိတ်ကြိတ်တိုးနေ သောကြောင့် ကိုယ်လိုအပ်သည့် ခွေးရုပ်နှင့်ဝိုင်ပုလင်းကို မနည်းရှာ ဝယ်ခဲ့ရ၏။

အပြန်မှာ ခွေးရုပ်က တစ်ဖက်၊ ဝိုင်ပုလင်းက တစ်ဖက်နှင့် တော်တော်အလုပ်ရှုပ်သွားသည်။

ကားဆီပြန်ရောက်တော့ နောက်ခန်းထဲသို့ ခွေးရုပ်ကိုထည့် ကာ ရှေ့တံခါးဖွင့်၍ ဝင်မယ်အလုပ် ကားက တစ်ချက်သိမ့်ခနဲ ခါ သွား၍ . . .

"ဂျွတ် . . ."

"ဟင် . . ."

ပထမတော့ ကျွန်တော် ကြောင်တောင်တောင်ဖြစ်သွား သေးသည်။ ငလျင်လှုပ်တာများလားဆိုပြီးတော့တောင် ခပ်ကြောင် ကြောင်တွေးလိုက်သေး၏။ နောက်မှရှေ့ကကားက ထွက်မလို့ နောက်ဆုတ်လိုက်စဉ် ကျွန်တော့်ကားကို သူ့ဖင်မြီးနှင့် ဝင်ဆောင့် လိုက်ခြင်းပါ။

ချက်ချင်း ကျွန်တော် ဝိုင်ပုလင်းကို ရှေ့ခန်းထဲပစ်ထည့် လိုက်ကာ ရှေ့ကကားကို အကဲခတ်လိုက်သည်။ ရှေ့ကကားက မောင်း

တော့ပြေးမသွားပေ။ မောင်းပြေးချင်ရင်လည်း မရပါ။ အဲဒီ့အချိန်မှာ မီးပွိုင့်လွှတ်လိုက်ချိန်နှင့် တိုးနေသောကြောင့် သူ့ကားက လမ်းမပေါ်သို့ ကွေ့ထွက်ရန် အခွင့်အရေးမရ။ သို့သော် အချိန်အတော်ကြာသည်အထိ မောင်းသူဘက်က ဆင်းမလာသေးသောကြောင့် ကျွန်တော် ဖြည်းဖြည်းချင်း လျှောက်သွားလိုက်၏။

ထိုအခါကျမှ ကားမောင်းတဲ့ဘက်က တံခါးပွင့်သွား၍ မိန်းကလေးတစ်ယောက် ဆင်းလာသည်။ ခေတ်ဆန်သော ဝတ်စားဆင်ယင်မှုနဲ့အတူ ခေတ်ဆန်ဆန် အလှအပကို ပိုင်ဆိုင်ထားသော ကောင်မလေးတစ်ယောက်မှန်း မြင်မြင်ချင်း ကျွန်တော်အသိအမှတ်ပြုမိလိုက်သည်။ ထိုကောင်မလေးက ကျွန်တော့်ကိုကြည့်၍ . . .

"ဒါ . . . ရှင့်ကားလား . . ."

သူမ စကားပြောတာ နည်းနည်းမာ၍ ကျွန်တော့်ရင်ထဲမှာ တင်းခနဲဖြစ်သွားသည်။ အမှန်ဆို အခုထက် နည်းနည်းချိုသာသင့်သည်ဟု ကျွန်တော် ထင်သည်။ ထို့ကြောင့် ကျွန်တော် ပြန်ဖြေလိုက်သောအသံက မာသွားမှန်းသိ၏။

"ဟုတ်တယ် . . . မင်း ကိုယ့်ကားကို ဝင်တိုက်လိုက်တယ်"

"အို . . . ကျွန်မ ဝင်တိုက်တယ်လို့ မပြောပါနဲ့ . . မတော်တဆ ထိမိသွားတယ်လို့ပြောပါ . . . ပြီးတော့ ရှင့်ကားက ဒီလောက်ပါကင်ကျဉ်းကျဉ်းလေးကို ကတ်သီးကတ်သတ်ထိုးထားတာကိုး . . . ဒါကြောင့် ကျွန်မကားကွေ့ထွက်ဖို့ နောက်ဆုတ်လိုက်ရင်း ထိသွားတာ . . ."

ကျွန်တော် တစ်ချက်မျက်မှောင်ကြုတ်လိုက်မိသည်။ ရပ်ထားတဲ့ကားကို သူကပဲ ဝင်တိုက်သေးသည်။ ပြီးတော့ ကိုယ့်ကိုတောင် သူက ပြန်ကောနေသေး၏။ အခန့်မသင့်ရင် ကိုယ်ကတောင် ပြန်တောင်းပန်ရမလို . .။

"ဒါတော့ မသိဘူးလေ . . . မင်းက တိုက်တယ်ဆိုတော့ မင်းမှားတာပဲ . . ."

ကောင်မလေးက တစ်ချက်တွေဝေသွား၏။ ပြီးမှ . . .

"အို . . . ရှင့်ကားက နောက်က၊ ကျွန်မကားက ရှေ့က . . အဲဒီတော့ နောက်ကကားက ရှေ့ကကားနဲ့ထိရင် နောက်ကား မှားတာပဲ . . . မသိဘူး . . . သွား . . ."

"ဟာ . . . မင်း အဲဒီလို ကပ်မပြောနဲ့လေ . . ငါ့ကားက ရပ်ထားတာ . . ."

"ရှင့်ဟာရှင် ရပ်ပဲရပ်ရပ် . . . မောင်းပဲမောင်းမောင်း . . နောက်ကားမှားတာပဲ . . . ဒါပဲ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ် . . . နောက်တစ်ခါဆိုရင်တော့ လုံးဝပဲ . . . ရှင့်ကို ရဲတိုင်မယ် . . ."

"ဟင် . . ."

ကျွန်တော် ဘာပြန်ပြောရမှန်း မသိဘဲ ရုတ်တရက်ကြောင်ကာ မှင်သက်နေစဉ် ကောင်မလေးက သူ့မကားပေါ် လျင်မြန်စွာ တက်သွား၍ မောင်းပြေးသွားတော့သည်။

သူမရှေ့မှာရပ်ထားသည်ကားက ထွက်သွား၍ အခုလို လျင်မြန်စွာထွက်သွားနိုင်ခြင်းဖြစ်သည်။ တိုတောင်းသောအချိန်လေးအတွင်းမှာပင် ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် ကြောင်တောင်တောင်ကြီး ရပ်ကြည့်နေရင်းမှ အသိပြန်ဝင်ကာ. .

"ဟေ့ . . . ဟေ့ . . . နေဦးလေ . . ."

သို့သော် . . သူမကားလေးသည် ကျွန်တော်နဲ့ဝေးရာသို့ ရောက်သွားခဲ့ပြီဖြစ်သည်။ ကျွန်တော် သက်ပြင်းချကာ ကျွန်တော့်ကား ဘန်ဘာကို တစ်ချက်စစ်လိုက်၏။

တော်သေးသည်ဟု ဆိုရမည်။ အစင်းရာ ထင်ကျန်ခဲ့ရုံလေးသာ ပွန်းပဲ့သွား၏။

☆ ☆ ☆ ☆ ☆

## ၁၆

**မနက်** မိုးလင်းလင်းချင်း နိုးနေမိသည်။ ညက သောက်ထားပြုထားတဲ့အချိန်တွေကြောင့် ခေါင်းတစ်ခုလုံး အုံခဲကာကိုက်နေသည်။ နိုးနိုးချင်း အိပ်ရာကမထနိုင်သေးဘဲ အသာငြိမ်ကာနေလိုက်သည်။ ခဏကြာတော့ ရင်တစ်ခုလုံးပူကာနေ၍ ရေအေးအေးတစ်ခွက်ကို တမ်းတမိသည်။ ဒီအချိန် ရေခဲသေတ္တာထဲက ရေစက်လေးတွေ သီးထနေသည့် ရေတစ်ဗူးလောက် နှုတ်ခမ်းမှာတေ့ပြီး မော့ချလိုက်ရင် ခန္ဓာကိုယ်တစ်ခုလုံး အေးချမ်းသွားမှာပဲဟု တွေးမိလိုက်ကာ အိပ်ရာမှ ထလိုက်၏။

ထို့နောက် မီးဖိုခန်းထဲ ရေခဲသေတ္တာကိုဖွင့်ကာ ရေတစ်ပုလင်းယူ၍ မော့ချလိုက်တော့ . . .

"ဟား . . ."

လည်ချောင်းမှစီးဆင်းသွားသောရေသည် သွေးကြောတွေထဲအထိ အေးချမ်းသွားသည်ဟု ထင်လိုက်ရသည်။

"အပူတွေများနေတယ်ပေါ့ . . . ဟုတ်လား . . ."

ကျွန်တော့်ပုံစံကိုကြည့်၍ ဘုရားပန်းလဲပြီး မီးဖိုထဲဝင်လာ

သော အမေက ပြောသည်။ ကျွန်တော် ရေကို အားရှိပါးရှိ သောက်လိုက်ပြီးမှ . . .

"မနက်စာ ဘာလုပ်ထားလဲ အမေ . . ."

အမေက ရုတ်တရက်ပြန်မဖြေသေးဘဲ ဘုရားပန်းအဟောင်းများကို ကြွပ်ကြွပ်အိတ်တစ်လုံးထဲထည့်ပြီးမှ . . .

"ကြက်ဥနဲ့ပေါင်မုန့်ရှိတယ် . . စားမှာလား . . ."

"စားမယ်အမေ . . . အခုမှ ဗိုက်ဆာလာပြီ . . ."

အမေက မျက်စောင်းထိုးကာ . . .

"ပွန်း . . . မပြောလိုက်ချင်ဘူး . . အခုမှ . . ."

ကျွန်တော် ဘာမှမပြောဘဲရယ်ကာ ထမင်းစားပွဲမှာဝင်ထိုင်လိုက်သည်။ ခဏနေတော့ ပူပူနွေးနွေးကြော်ထားသည့် ကြက်ဥပဟတ်ဖရိုဒ်တစ်လုံးနှင့် ပေါင်မုန့်နှစ်ချပ် ကျွန်တော်ရှေ့ရောက်ကာလာ၏။ ကျွန်တော် စားနေစဉ်အတွင်းမှာ . . .

"ညက ဘာလို့ ဒီလောက်မိုးချုပ်တာလဲ . . ပြောတော့ စောစောပြန်လာမယ်ဆို . . ."

"သား စောပါတယ် အမေရ . . ."

"ဘာစောတာလဲ . . နင် ပြန်ရောက်တော့ တစ်နာရီတောင်ကျော်နေပြီ . . ."

"ဟာ . . . အဲဒါ စောတာပေါ့ . . . ဟီး ဟီး . . မနက်စောစောကိုပြောတာ . . ."

အမေက ဘာမှဆက်မပြောတော့ပေ။ သူ လုပ်စရာရှိတာသာ ဆက်လုပ်နေသည်။ ကျွန်တော်လည်း စားပြီးတော့ ထမလို့လုပ်စဉ် . . .

"ပြန်မအိပ်နဲ့တော့ . . . ဘော်ကြာ ငါ့ကိုအလှူလိုက်ပို့ဖို့လုပ် . . . ငါ့ကို အလှူပို့ပြီးရင် လူကြုံပစ္စည်းတစ်ခု သွားပို့စရာရှိ

တယ် . . . အဲဒါ ပို့ပြီးမှ ပြန်လာကြို . . ."

"အလှူ . . ဟုတ်လား . . ဘယ်အလှူလဲ . . . "

"မြမြတို့အလှူလေ . . . ညကမှ ဖုန်းဆက်ပြောလို့ . . . "

"ဪ . . . "

ကျွန်တော် ထိုသို့ပြောပြီး ကိုယ့်အခန်းကိုယ် ပြန်လာလိုက်သည်။ အခန်းထဲရောက်မှ သွားတိုက်မျက်နှာသစ်ရဦးမှာကို သတိရလိုက်သွား၍ ရေချိုးခန်းထဲသို့ ဝင်ခဲ့လိုက်ပါတော့သည်။ သွားတိုက်၊ မျက်နှာသစ်ရင်း တစ်ခါတည်း ရေချိုးလိုက်မည်ဟု ဆုံးဖြတ်လိုက်ကော့၏။

☆ ☆ ☆ ☆ ☆

ရေချိုးပြီးသွားတော့ တစ်ကိုယ်လုံးပေါ့ပါးလန်းဆန်းသွားသည်။ ထို့နောက် အဝတ်အစားလဲပြီး အောက်ဆင်းလာလိုက်၏။ အောက်ရောက်တော့ ဧည့်ခန်းကခုံမှာ ခဏထိုင်ရင်း စားပွဲပေါ်တင်ထားသည့် မဂ္ဂဇင်းတစ်စောင်ဖတ်နေလိုက်သည်။

မဂ္ဂဇင်းတွေကလည်း ထုံးစံအတိုင်း နာမည်ကြီးမင်းသား၊ မင်းသမီးတွေ အားရင်ဘာလုပ်တယ်ဆိုတဲ့အကြောင်းတွေနှင့် မင်္ဂလာဆောင်ပြီး ကလေးမွေးသည့်အကြောင်းတွေပဲ ပါသည်။ ဝတ်စားဆင်ယင်မှု ဖက်ရှင်တွေပါသည်။ ပြီးတော့ ကိုရီးယားမင်းသား၊ မင်းသမီးတွေအကြောင်း . . .

ကျွန်တော်လည်း ပျင်းပျင်းရှိတာနှင့် မဂ္ဂဇင်းကို စားပွဲပေါ်မှာချ၍ ဖတ်နေမိ၏။ စားပွဲပေါ်ချပြီး ဖတ်ရတာအကြောင်းရှိသည်။ လက်ကကိုင်ပြီး မဖတ်နိုင်လို့ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အခုနောက်ပိုင်း တချို့မဂ္ဂဇင်းတွေက တစ်ပိဿာနီးနီး အလေးချိန်စီး၏။ အကြောင်းအရာတွေက ဘာမှမယ်မယ်ရရမဟုတ်သော်လည်း ရိုက်ထားတဲ့စာရွက်သားတွေကထူပြီး ကာလာစာရွက်အချောစားတွေ

များနေ၍ တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်လို့ မဂ္ဂဇင်းနဲ့ကောက်ထုရင်တောင် ဖင်ထိုင်လျက်ကျသွားနိုင်သည့် အနေအထား။

ထိုအချိန်မှာ အမေက အဝတ်အစားလဲပြီး အခန်းထဲက ထွက်လာ၏။ လက်ထဲမှာလည်း အထုပ်တစ်ထုပ်ပါကာလာသည်။ ကျွန်တော့်နားရောက်တော့ အထုပ်ကိုပေးကာ . . .

"ရော့ . . . ဒါ နင်သွားပေးရမယ့် ပစ္စည်း . . ."

ကျွန်တော် အထုပ်ကိုယူလိုက်၍ . . .

"ဘယ်ကိုသွားပေးရမှာလဲ . . ."

"ဆေးရုံ . . ."

"ဗျာ . . ."

"ဟုတ်တယ် . . ဆေးရုံကို သွားပေးရမှာ . . လူနာအတွက် ပို့လိုက်တဲ့ဆေးတွေ . . ."

ကျွန်တော် ကြောင်တောင်တောင်နှင့်အိတ်ကို ဖြဲကြည့်လိုက်တော့ ကျွန်တော် နားမလည်နိုင်သောဆေးတွေကို တွေ့ရသည်။

"သားက ဘယ်ဆေးရုံကို သွားပို့ရမှာလဲ . . ."

"ရွှေဂုံတိုင်အထူးကုဆေးခန်း (SSC) ကို သွားပို့ရမှာ"

"ဟာ . . . ဆေးရုံတင်ပြီး ဆေးဝယ်ပို့ရသလား အမေရ . . . ဟိုမှာလည်း ဝယ်လို့မရဘူးလား . . ."

အမေက စိတ်မရှည်နိုင်စွာ စုတ်တစ်ချက်သပ်လိုက်ကာ . .

"ဟယ် . . . ဒီကောင်လေး လျှာရှည်လိုက်တာ . . . အဲဒါ နိုင်ငံခြားက ပို့လိုက်တဲ့အားဆေးတွေဟဲ့ . . . ဒီမှာ ဝယ်လို့ရမှန်းတော့ သိတာပေါ့ . . . သူတို့ဟာသူတို့ စေတနာရှိလို့ဝယ်ပို့တာ ငါက ဘာလုပ်ရမလဲ . . ."

ဟုတ်တော့လည်း ဟုတ်နေ၍ ကျွန်တော်ငြိမ်နေလိုက်သည်။ အမေက ဆက်ပြော၏။

တော်ဝင်မြို့မ စာအုပ်တိုက်

"မင်း . . . ခြောက်မိုင်ခွဲက ဦးဖိုးသားကို သိတယ်မဟုတ်လား . . ."

"ဪ . . . ဟို သဘော်လိုက်တဲ့ ဦးလေးကြီး . . ."

"အေး . . . ဟုတ်တယ် . . သူက အခုအရက်အသောက်များပြီး အသည်းရောဂါနဲ့ ဆေးရုံတက်နေရတယ် . . . အဲဒါ သူ့ယောက်ဖတွေဆီက ပို့လိုက်တဲ့ အသည်းအားဆေးတွေ . . ."

"သူတို့အိမ်က ဘယ်သွားလို့လဲ . . ."

"ရှည်လိုက်တာဟယ် . . . သူတို့အိမ်ကလူတွေ ခရီးသွားလို့ပေါ့ . . အဲဒါ ငါ့ကို သူ့အစ်မက လှမ်းပြီးအကူအညီတောင်းလို့"

ကျွန်တော် ဆက်မမေးတော့ပါ။ ဆက်မေးလည်း အအော်ခံရတော့မည်ဆိုတာသိ၍ အထုပ်ကလေးသာကိုင်ရင်း ကားဆီထွက်လာလိုက်တော့သည်။ ထို့နောက် အမေ့ကို အလှူရှိသည့်ဘောက်ထော်ဘက် အရင်ပို့ပေးသည်။ လမ်းရောက်တော့ အမေက . . .

"နင် သွားပို့ပြီး ငါ့ကိုလာကြိုနော် . . . ဘယ်မှသဝေထိုးမနေနဲ့ . . . ပြီးတော့ ကိုဖိုးသားကိုလည်း ပြောလိုက် . . . နောက်တော့ ငါတို့ လာဦးမယ်လို့ . . . ကျန်းမာရေးဂရုစိုက်လို့ ငါက မှာတယ်လို့ပြောလိုက် . . ."

"ဟုတ်ကဲ့ . . ."

"ပြီးတော့ . . . နင့်ကိုလည်း မြမြတို့က ငါနဲ့ဖုန်းပြောဖြစ်တိုင်း မေးနေတယ် . . . ငါ့ကိုပို့ပြီး တန်းထွက်မသွားနဲ့ဦး . . . ဝင်ပြီးခဏတဖြုတ် နှုတ်ဆက်လိုက်ဦး . . ."

ကျွန်တော်က ရယ်လိုက်ရင်း . . .

"အန်တီမြကိုပဲ နှုတ်ဆက်မှာနော် . . . ကျန်တဲ့လူတွေ မပါဘူးမလား . . . ."

"အမလေး . . . နင်ကများ ဈေးကိုင်ရတယ်ရှိသေး . . ."

တော်ဝင်မြို့မ စာအုပ်တိုက်

အန်တီမြမှာ သမီးနှစ်ယောက်ရှိ၍ ကျွန်တော်က သူတို့ကို ရည်ရွယ်၍ နောက်လိုက်ခြင်းဖြစ်သည်။ အမှန်လည်း အန်တီမြနှင့် အမေက လူကြီးချင်း သားသမီးတွေကိုကြိုတ်ပြီး တစ်ဖက်သတ် သဘောတူနေကြသည်။ အန်တီမြ သမီးတွေက ချောပါသည်။ အကြီး မလေးရော၊ အငယ်မလေးပါ လှတပတလေးတွေ . . .

နှစ်ဖက်လုံးက အကြီးနဲ့ပဲဖြစ်ဖြစ်၊ အငယ်နဲ့ပဲဖြစ်ဖြစ် သဘောတူနေကြ၏။ တစ်ရက် အမေက ကျွန်တော့်ကိုပြောတော့. .

"ရှုပ်ပါတယ်အမေရာ . . နှစ်ယောက်စလုံး မရနိုင်ဘူးလား"

ဟု ကျွန်တော် ပြန်ပြောတော့ . . .

"နင်က နင့်ကိုယ်နင် ဘာများမှတ်နေလဲ . . . "

"ဟုတ်တယ်လေ . . . အကြီးယူတော့ အငယ်က အသည်း ကွဲပြီး ကျန်ခဲ့ဦးမယ် . . အငယ်ကို ယူပြန်တော့လည်း အကြီးက ဒူး နဲ့မျက်ရည် သုတ်ရဦးမယ် . . နှစ်ယောက်စလုံးယူလိုက်တော့ . . . အေးရော . . . "

ထိုအခါ အမေက နားရင်းကိုတစ်ချက်ရိုက်ကာ 'ဟါးစပ်ပိတ် ထား' ဟု ဆို၏။ သို့သော် သူတို့တွေ ဖုန်းပြောတိုင်း သားသမီးတွေ အကြောင်း အမြဲပါသည်။ သူငယ်ချင်းတွေအဖြစ်မှ ဆွေမျိုးတွေ တော်ကြရင် ဘယ်လောက်ကောင်းမလဲဟု တိုးတိုးတိတ်တိတ် တိုင်ပင် ကြ၏။ လူကြီးတွေဆိုတော့ မကောင်းတတ်၍ ကျွန်တော် မသိချင် ယောင်ဆောင်နေခြင်းပါ။

အတင်းအကျပ်လုပ်လာရင်တော့ . . အင်း . . . လက်ခံ သင့်ရင် လက်ခံရမှာပေါ့လေ . . . ။

ကျွန်တော့်အတွေးနှင့်ကျွန်တော် ပြုံးနေစဉ်မှာပင် အန်တီမြ တို့အိမ်ရှေ့ရောက်လာ၍ ကျွန်တော် အမေနဲ့အတူ ကားပေါ်ကဆင်း ပြီး အန်တီမြကို ဝင်နှုတ်ဆက်သည်။ သူ့သမီးနှစ်ယောက်ကိုပါ တွေ့ရ

၍ ပြုံးပြနှုတ်ဆက်လိုက်၏။ နှစ်ယောက်မှာ အငယ်မလေးက ခပ်သွက်သွက်ဖြစ်၍ ကျွန်တော့်အား လှမ်းပြီး . . .

“ကိုထက် လာလေ . . . မဝင်တော့ဘူး . . .”

“မဝင်တော့ဘူး ညီမလေး . . . ကိုယ်က သွားစရာရှိသေးလို့ အပြန်ကျမှဝင်မယ် . . .”

ထိုအချိန်မှာ အမေက ကျွန်တော် သွားစရာရှိသည့်ကိစ္စကို ဝင်ရှင်းပေးသည်။ ခဏနေတော့ ကျွန်တော် ရွှေဂုံတိုင်ဘက်သို့ ကားကို ဦးတည်မောင်းခဲ့ပါတော့သည်။

☆ ☆ ☆ ☆ ☆

**ကျွန်တော်**က ဆေးရုံတွေနှင့် သိပ်ရင်းနှီးသူမဟုတ်။ ငယ်ငယ်ကတော့ တော်တော်ချူချာသည်ဟု အမေက ပြောဖူးသည်။ ဆေးရုံလည်း တက်ဖူးသည်ဟု ဆို၏။ အမှန်တော့ ကျွန်တော့်ကို အမေက ဆေးရုံပေါ်မှာ မွေးခဲ့၍ ကျွန်တော်က မွေးကတည်းက ဆေးရုံတက်ရသည်ဟု ဆိုကောင်းဆိုနိုင်သည်။ ငယ်ငယ်က ချူချာသည်ဟုဆို၍ ဆေးရုံတက်ရင်လည်း တက်ခဲ့ဖူးမည်။

သို့သော် လူမှန်းသိတတ်စကတည်းကစ၍ အခုအရွယ်အထိတော့ ဆေးရုံဆိုတာကို မတက်ဖူးခဲ့။ သို့သော် တစ်ခါတစ်ရံ နှာစေး၊ ချောင်းဆိုးဖြစ်ပြီး ဖျားနာ၍ ဆေးခန်းရောက်ဖူးတာတော့ ရှိ၏။ ဆေးရုံတော့ မတက်ဖူးခဲ့။

နောက်ပြီး ဘာကြောင့်မှန်းမသိဘဲ ကျွန်တော် ဆေးထိုးရမှာ တော်တော်ကြောက်သည်။ အပ်ကို သေနတ်ထက်ကြောက်သည်။ အမှန်တော့ သေနတ်ဆိုတာ ရုပ်ရှင်တွေထဲမှာသာ မြင်ဖူး၍ ကြောက်စိတ်သိပ်မရှိတာလည်း ပါမည်။ ဒါတောင် ဘဝမှာသံစူး၍ နှစ်ခါလောက် မေးခိုင်ရောဂါကာကွယ်ဆေး သွားထိုးဖူးသည်။ ထိုစဉ်က အမေရော၊ အဖေပါ အတင်းချုပ်၍ ထိုးပေးခဲ့ရသည်။

ထိုသို့ ဆေးရုံတွေနှင့်အလှမ်းကွာဝေးခဲ့သော ကျွန်တော်သည် အခုတော့ လူကြုံပစ္စည်းလေးတစ်ခုနှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းကြီးသို့ ရောက်ရှိရတော့၏။ သို့သော် ကိုယ်က လူကြုံလာပေး၍ ကိစ္စတော့မရှိပေ။ ကိုယ်တိုင်ဆေးရုံလာတက်ရတာမဟုတ်၍ ကြောက်စိတ်လည်း မဝင်ပါ။ သို့သော် စိတ်ထဲမှာတော့ အထူးအဆန်းလေး ဖြစ်နေမိသည်။

အရင်က ဖြတ်သွားဖြတ်လာ မြင်ဖူးတွေ့ဖူးသော်လည်း အထဲကို မရောက်ဖူးပေ။ မီးပွိုင့်က ချိုးဝင်လိုက်သည်နှင့် ရွှေဂုံတိုင်အထူးကုဆေးခန်းဟု ဆိုင်းဘုတ်တပ်ထားသော ဝင်းကြီးကို တွေ့ရသည်။ ကျွန်တော် ဆိုင်းဘုတ်ကိုဖတ်၍ တစ်ချက်ပြုံးလိုက်မိ၏။ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ ကြိုဆိုပါ၏ ဟု ရေးမထားဘာ တော်သေးသည်ဟု တွေးလိုက်မိသောကြောင့် ဖြစ်၏။ အမှန်တော့ ဘယ်ဆေးရုံမှ ကြိုဆိုပါ၏ ဟုဆိုပြီး လူနာတွေကို ဖိတ်ခေါ်နေတာမဟုတ်ပါ။ ဆေးရုံ၊ ဆေးခန်းဆိုတာကလည်း 'နောက်လည်း လာဦးနော်' ဆိုပြီး ကြိုဆိုလို့ရသည့်နေရာမျိုးလည်း မဟုတ်ပေ။ အမှန်တော့ လူသားတွေရဲ့ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သောနေရာများဖြစ်သော်လည်း အားလုံးကျန်းမာနေရင် အကောင်းဆုံးပဲ မဟုတ်လား။

ဒါဆို အားလုံးကျန်းမာနေရင် ဆရာဝန်တွေ အလုပ်လက်မဲ့ဖြစ်ကုန်မှာပေါ့ဟု စကားထောက်စရာရှိသည်။ ဒါဆို ဆရာဝန်တွေဘာလို့ရှိလာရသလဲ။ အဖြေက တစ်ခုတည်းရှိသည်။

လူနာတွေအတွက် ဆရာဝန်တွေရှိလာရခြင်းပါ။

ကျွန်တော် အိပ်ရေးမဝ၍ ကြောင်တောင်တောင်ဖြစ်ပြီး တောင်တွေး၊ မြောက်တွေးလျှောက်တွေးနေစဉ်မှာပင် ကားက ဆေးရုံဝင်းကြီးထဲရောက်သွား၏။ ကျွန်တော် ပါကင်ထိုးပြီး ဆင်းလာခဲ့သည်။

သပ်ရပ်ခံ့ညားသော အဆောက်အအုံကြီးကိုကြည့်၍ ဖျားချင်စရာကြီးဟုတွေးကာ ဖျားချင်နာချင်စိတ်ပင် ပေါ်သွားသည်။

ထို့နောက် ဆေးရုံအလယ်တံခါးပေါက်မှ ဝင်ခဲ့သည်။ ကျွန်တော်သွားရမည့်အထပ်က သုံးထပ်မြောက်ဖြစ်၍ ဓာတ်လှေကားရှိရာကို လာခဲ့လိုက်သည်။ ဓာတ်လှေကားက နှစ်ခုရှိသည်။ ဘယ်ဘက်ဓာတ်လှေကားမှာ လူလေးငါးယောက် တန်းစီစောင့်နေတာ တွေ့ရသည်။ ကျွန်တော်ရပ်နေတဲ့ညာဘက်ဓာတ်လှေကားထိပ်မှာတော့ တစ်ယောက်မှမရှိ။

ထိုစဉ် ကျွန်တော်ရပ်နေတဲ့ ဓာတ်လှေကားက တံခါးပွင့်ကာသွားသည်။ ထိုဓာတ်လှေကားထဲမှ ဂျူတီကုတ်အဖြူရောင်ဝတ်ထားသော ဆရာဝန်လေးတစ်ယောက် ထွက်လာသည်။ ထို့နောက် ကျွန်တော် ထိုဓာတ်လှေကားထဲသို့ ဝင်လိုက်၏။ ဓာတ်လှေကားထဲရောက်စဉ် နောက်ကလူတွေများ ဝင်လာမလားဆိုပြီး ကျွန်တော်သွားမည့်အထပ်ကို မနှိပ်သေးဘဲ စောင့်နေသေး၏။ ထိုလူတွေက ကျွန်တော့်ကိုကြောင်စီစီလေးသာ ကြည့်နေ၍ ဝင်မလာကြ။

ဒီလောက် လူရှင်းနေတဲ့ ဓာတ်လှေကားကျတော့ မတက်ကြဘဲ ဟိုဘက်ဓာတ်လှေကားမှာသာ ဆီတိုးသလို ဝိုင်းတိုးနေကြသည့်လူတွေကို တအံ့တဩနှင့် ကျွန်တော် ကြည့်ပြီး တက်ရမယ့်အထပ်ကို နှိပ်လိုက်စဉ် လူတစ်ယောက် ဓာတ်လှေကားထဲ သုတ်သုတ်သုတ်သုတ်နှင့် ဝင်လာတာ တွေ့ရ၏။

ဝင်လာတဲ့သူကို ကြည့်လိုက်တော့ ဂျူတီကုတ်ဝတ်ထားသော ကောင်မလေးတစ်ယောက်ဖြစ်၍ ဆရာဝန်မလေးတစ်ယောက်ဆိုတာတော့ ကျွန်တော် ခန့်မှန်းမိသည်။ သူမက ဝင်ဝင်ချင်း သူမသွားမည့်အထပ်ကို ခလုတ်နှိပ်လိုက်သည်။ ဒုတိယထပ် ဖြစ်လေသည်။

ပထမတော့ သူမက ကျွန်တော့်ကို သတိမထားမိသေး။

နောက်မှလှည့်ကြည့်တော့ ကျွန်တော်နဲ့အကြည့်ချင်းသွားဆုံ၏။ သူမ မျက်နှာကို မြင်ရ၍ ကျွန်တော် ရုတ်တရက် အံ့ဩသွားသည်။

"ဟာ . . ."

ကျွန်တော့်၏ အံ့ဩသွားတဲ့မျက်နှာကိုကြည့်၍ သူမတစ်ချက် တွေဝေကာသွား၏။ ပြီးမှ ကျွန်တော့်ကို မှတ်မိသွားကာ . . .

"ဪ . . . ရှင်ကိုး . . ."

"ဟုတ်တယ် . . . မင်းတိုက်ပြီးထွက်ပြေးသွားတဲ့ကားရဲ့ ပိုင်ရှင်ပဲ . . ."

"အို . . . တိုက်တာမဟုတ်ပါဘူးဆို . . ."

"ထားပါတော့ . . မင်းက ဒီဆေးရုံကလား . . ."

"ဟုတ်တယ် . . ."

ကျွန်တော်လည်း သူ့ကိုစချင်စိတ်ပေါ်လာတာနှင့် ပြုံးစိစိနှင့် ကြည့်ကာ . . .

"ဘယ်သူ့ဂျူတီကုတ်ကြီး ဝတ်လာတာလဲ . . ."

သူမ မျက်စောင်းက ကျွန်တော့်အပေါ် ဒိုင်းခနဲရောက်လာကာ . . .

"ဘာရှင့် . . . . ကျွန်မက ဘယ်သူ့ဂျူတီကုတ် ဝတ်လာရမှာလဲ . . . ကိုယ့်ဥစ္စာကိုယ် ဝတ်လာတာပေါ့ . . ."

"ဪ . . . ဒါဆို ခင်ဗျားလေးက ဆရာဝန်ပေါ့ . . ."

သူမက မျက်နှာကို တစ်ချက်ဝင့်ကာ နှုတ်ခမ်းမဲ့ရင်း ကျွန်တော့်ကိုကြည့်၏။ 'ကိုယ့်ဘာသာကိုယ် စဉ်းစားပေါ့' ဆိုတဲ့သဘော။ ပြီးတော့ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်၍ . . .

"ရှင်ကရော . . ဆရာဝန်လား . . ."

"ဟုတ်ပါဘူး . . ဘာလို့လဲ . . တည်ကြည်ခံ့ညားတဲ့ ကျွန်တော့်ပုံစံကိုကြည့်ပြီး ဆရာဝန်ထင်လို့လား . . ."

တော်ဝင်မြို့မ စာအုပ်တိုက်

သူမက ဟွန်းခနဲ တစ်ချက်လုပ်ကာ . . .

"ဒါဆို အရေးပေါ် လူနာပေါ့ . . . အေးလေ ရှင့်ရုပ်ကလည်း အရေးပေါ် ရုပ်ပေါက်နေတာကိုး . . ."

ကျွန်တော် ဒေါသတစ်ချက်ထွက်သွားကာ . . .

"ဘာဗျ . . ."

သူမက ကျွန်တော့်စကားတောင်မဆုံးသေး . . .

"ဘာဗျ လုပ်မနေနဲ့ . . . ရှင်စာတတ်တယ်ဆိုရင် ဒီနေရာမှာ ကျွန်မနဲ့ဆုံစရာတောင် မလိုဘူး . . . အေးလေ . . ရှင့်ကြည့်ရတာ . . စာလည်း တတ်ပုံမရပါဘူး . . ."

ပြောပြီး သူမ ဆင်းမည့်အထပ်ကိုရောက်၍ ထွက်သွားပါတော့သည်။ ကျွန်တော်သာ သူမ ဘာပြောလို့ပြောသွားမှန်းမသိ၍ ကြောင်တက်တက်ကြီး ကျန်ခဲ့၏။ ထိုအချိန်မှာ ဆရာဝန်တစ်ယောက်နှင့်ဆရာမကြီးတစ်ယောက် ဓာတ်လှေကားထဲဝင်လာ၍ ခပ်တည်တည်နှင့် ပြန်နေလိုက်ရသည်။ ဝင်လာသူနှစ်ယောက်ကလည်း ကျွန်တော့်ကို ကြောင်တောင်တောင်နှင့်ကြည့်နေကြ၍ တစ်ခုခုတော့ တစ်ခုခုပဲဟု ခေါင်းထဲတွေးလိုက်မိ၏။

ခဏကြာတော့ ကျွန်တော်သွားရမယ့်အထပ်ရောက်၍ ကျွန်တော် ဓာတ်လှေကားထဲမှ ထွက်လိုက်သည်။ ထို့နောက် ဘာရယ်မဟုတ် ပိတ်သွားသောဓာတ်လှေကား တံခါးကို ကျွန်တော်ကြည့်လိုက်မိစဉ် . . .

"ဟင် . . ."

ကျွန်တော် မျက်လုံးပြူးသွား၏။ ဓာတ်လှေကားတံခါးမှာ ရေးထားသော စာတန်းကြောင့်ဖြစ်၏။ ထိုစာကို ဝင်ဝင်ချင်း ကျွန်တော် လုံးဝသတိမထားမိခဲ့။ ရေးထားတာက . . .

"ဆရာဝန်များနှင့် အရေးပေါ် လူနာများအတွက်သာ"

တဲ့။ ဒါကြောင့် ကျွန်တော်ဝင်စက တစ်ဖက်မှခါတ်လှေကားမှာ လူတွေစုနေတာကိုးဆိုပြီး သဘောပေါက်လိုက်မိသည်။

ထို့ကြောင့် ဟိုကောင်မလေးက ကျွန်တော့်ကို အခွင့်ရတုန်း တွယ်သွားခြင်းပင် . . . ။

သူမနှင့် နှစ်ရက်အတွင်း နှစ်ခါဆုံသည်။ ဆုံသည့်အခါတိုင်း ကျွန်တော်ချည်း အတွယ်ခံရသည်။ ဒီတစ်ခေါက် ထပ်တွေ့ရင်တော့ ကျွန်တော့်ဘက်က လက်ဦးမှုရယူမှပဲ တွေးလိုက်မိပြီး ကျွန်တော် ပြုံးလိုက်မိသည်။

ဒီကောင်မလေးနှင့် နောက်တစ်ခေါက်လည်း ထပ်တွေ့ချင်နေမိသည်။

ဦးဖိုးသားက ကျွန်တော့်ကို အားနာတဲ့အကြည့်နှင့်ကြည့်၍

"အေးကွာ . . . ငါ့တူကို ကျေးဇူးတင်ပါတယ် . . . ဦးဆီလာရလို့ ငါ့တူလည်း ဒလုပ်ပျက်ရောပေါ့ . . ."

"ဟာ . . . ရပါတယ် ဦးလေးရ . . ပြဿနာမရှိပါဘူး . . ကျွန်တော်က အားနေတာပဲ . . ."

ဦးဖိုးသားက ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဒါနဲ့အစ်မတို့ရော နေကောင်းလား . . ."

သူပြောသည့် အစ်မဆိုတာ ကျွန်တော့်အမေကိုဆိုလိုခြင်းဖြစ်သည်။

"ဟုတ် . . နေကောင်းပါတယ် . . အမေတို့တောင် နောက်ရက်တွေ လာခဲ့ဦးမယ်လို့ ပြောတယ် . . ."

"အေးပါကွာ . . အလုပ်အားမှလာပါလို့ပြောလိုက်ပါ . . ငါလည်း သက်သာနေပါပြီ . . ."

"ဦး ဒီမှာနေရတာ အဆင်ပြေရဲ့လား . . ."

ဦးဖိုးသားက ခေါင်းညိတ်၍ . . .

"အဆင်ပြေပါတယ်ကွ . . ဘာလို့လဲ . . . "

"ဩော် . . . ဘာမှမဟုတ်ပါဘူး . . ကျွန်တော် မေးကြည့်တာပါ . . . "

ထိုအချိန်မှာ တာဝန်ကျဆရာမတစ်ယောက်ဝင်လာ၍ စကားစပြတ်သွားကြသည်။ ဆရာမက သွေးပေါင်ချိန်၍ ဆေးထိုးစရာရှိတာထိုးကာ ထွက်သွားသည်။

ဦးဖိုးသားက တင်ပါးလေးကိုလက်နဲ့ပွတ်ရင်း . . .

"ဖျားတယ်နာတယ်ဆိုတာတော့ကွာ . . ဘယ်ပျော်စရာကောင်းပါ့မလဲ . . ဒါပေမယ့် ကိုယ့်မှာရောဂါဖြစ်ပြီဆိုတော့ ကုရတော့မှာပေါ့ . . . အင်း . . ငယ်ငယ်က ပေခဲ့တေခဲ့တဲ့ဒဏ်တွေ စုခံရတာပေါ့ကွာ . . . "

ဟု အပြုံးလေးနှင့်ဆိုသည်။

"ငယ်ငယ်က ပေခဲ့တယ်ဆိုတော့ ဦးက ဘာတွေပေခဲ့လို့လဲ"

ဦးဖိုးသားက မျက်နှာကြက်ကို တွေတွေလေးစိုက်ကြည့်ရင်း

"ဒီလိုပေါ့ကွာ . . . မင်းတို့အရွယ်တုန်းက သောက်ခဲ့စားခဲ့တဲ့ဒဏ်တွေပေါ့ . . . "

ကျွန်တော် တစ်ချက်ရယ်လိုက်ရင်း . . .

"အမေကတောင် မှာလိုက်သေးတယ် . . ကျန်းမာရေး ဂရုစိုက်တဲ့ . . . "

"အင်း . . . အစ်မကတော့ ငါ့ကိုတွေ့ရင် ဆူဦးမှာ ကျိန်းသေတယ် . . . "

ဦးဖိုးသားက အမေ့ညီမ၊ ကျွန်တော့်ဒေါ်လေးနှင့် သူငယ်ချင်းဖြစ်သည်။ ပျော်ပျော်နေတတ်၍ ယခုအချိန်ထိ လူပျိုကြီးတစ်ကိုယ်တည်းလုပ်နေသူ ဖြစ်သည်။ အမေ့ကိုတော့ သူ့အစ်မတစ်ယောက်လို လေးစားသည်။ သူ သင်္ဘောကပြန်ရောက်တိုင်း အိမ်ကို

လာလည်၍ ကျွန်တော်နှင့် နှစ်ခါ၊ သုံးခါ ဆုံဖူးသည်။

အခုတစ်ခေါက်တော့ သင်္ဘောပေါ်မှာ အသောက်အစား နည်းနည်းများလာပုံရသည်။ ဆေးရုံတစ်ခါတည်း တန်းတက်လိုက်ရသည်။

"ဒါနဲ့ မင်းရော အိမ်ထောင်မပြုသေးဘူးလား ..."

ရုတ်တရက် လှမ်းမေးလိုက်သောစကားကြောင့် ကျွန်တော် ကြောင်တောင်တောင်ဖြစ်သွားကာ ...

"ဟာ ... ဦးလေးကလည်း အဆင့်တွေကျော်ပြီး မေးနေပြန်ပြီ ... ရည်းစားရှိသလား အရင်မေးရတယ်လေ ..."

ထိုအခါကျမှ ဦးဖိုးသားက တအံ့တဩနှင့် ...

"ဟေ ... မင်းက ရည်းစားမရှိဘူးလား ..."

"ဘယ်လိုလုပ်ရှိမှာလဲ ဦးလေးရ ..."

"ဟာ ... မဒနာက်ပါနဲ့ကွာ .. ဘွဲ့တောင်ရပြီးပြီ ... ရည်းစားမရှိဘူးဆိုတော့ မင်းက ဒီအရွယ်မှ အမြီးမပေါက် ဘာမျောက်လဲ ..."

ကျွန်တော် တစ်ချက်ရယ်လိုက်ကာ ...

"ကျောင်းတုန်းကတော့ ထားခဲ့ဖူးတာပေါ့ ဦးလေးရ ... ဒါပေမယ့် အားလုံးပြတ်ကုန်ပြီလေ .. အခုမရှိဘူး ပြောတာ .."

ဦးဖိုးသားက ခပ်ပြုံးပြုံးလေးလုပ်၍ ခေါင်းခါရင်း ...

"မဟုတ်သေးဘူး ... ငါ့တူ လူဆိုတာ သီးချိန်တန်သီးပြီး ပွင့်ချိန်တန်ပွင့်ရတယ်ကွ ... အခုပဲ ငါကြည့် .. သီးချိန်တန်သီးပြီး ပွင့်ချိန်တန် မပွင့်ခဲ့လို့ ... အခု ငါ့အနားမှာ ဘယ်သူမှမရှိဘူးလေ ... ညီအစ်ကိုမောင်နှမတွေဆိုတာလည်း သူ့အိမ်ထောင်နဲ့သူ ဘဝအမောတွေထဲမှာ လျှောက်လှမ်းနေရတော့ ဒီလောက် ဘယ်ဂရုစိုက်နိုင်မလဲကွာ .. နွတ်၏စောင်မခြင်းလောက်ပဲ ရတာပေါ့ ..

တော်ဝင်မြို့မ စာအုပ်တိုက်

မင်းလို တစ်ဦးတည်းသောသားက ပိုဆိုးတယ်နော် . . . အခု အရွယ် လေးရှိတုန်း စဉ်းစား . . . "

စကားကို ရှည်ရှည်ဝေးဝေး ပြောလိုက်၍ မောသွားပြီထင် သည်။ စားပွဲပေါ် တင်ထားသော ရေဗူးကိုလှမ်းကိုင်တာမြင်ရ၍ ကျွန် တော်က ခွက်ထဲထည့်ပေးကာ ကမ်းပေးလိုက်ရင်း . .

"ဒါဆို ကျွန်တော်လည်း မေးဦးမယ် . . . "

ဦးဖိုးသားက ရေသောက်နေရာမှ မေးဆိုတဲ့သဘော ခေါင်း ဆတ်ပြ၍ ကျွန်တော်က . . .

"ဦးက ဒါတွေသိရဲ့သားနဲ့ အခုထိ ဘာလို့ အိမ်ထောင်မပြု သေးတာလဲ . . . "

ဦးဖိုးသားက ရေခွက်ကို စားပွဲပေါ် လှမ်းတင်လိုက်ကာ . .

"အရင်က ဒါတွေ ငါမသိခဲ့ဘူးလေကွာ . . . အပေါင်းအ သင်းတွေနဲ့ပဲ အချိန်ကုန်ခဲ့တာ . . . သိတဲ့အချိန်ရောက်တော့ မင်း မြင်တဲ့အတိုင်းပဲ နှောင်းနေပြီကွ . . . "

ကျွန်တော်က ဦးဖိုးသားကို ကြည့်၍ . . .

"မနှောင်းသေးပါဘူးဗျာ . . . ဦးက နိုင်ငံတကာပေါက်လာတဲ့ သူမဟုတ်တဲ့အတိုင်းပဲ . . . သူတို့ဆီမှာ အသက် (၄၀)ကျော်မှ ဘဝ စတာဆို . . . "

ဦးဖိုးသားက ကျွန်တော့်စကားကြောင့် တစ်ချက်ပြုံးသည်။ ပြီးမှ . . .

"အိမ်ထောင်တစ်ခုဆိုတာ ငယ်ငယ်ကပြုခဲ့တော့ သူနဲ့ကိုယ် နဲ့ နားလည်မှုတွေ ပိုရတာပေါ့ကွ . . . အခုလို အသက် (၅၀) နား ရောက်မှပြုတော့ ဘာထူးမှာလဲ . . ဒီအချိန်ကျမှတော့ အိမ်ထောင့် တာဝန်တွေကို မစဉ်းစားချင်တော့ပါဘူးကွာ . . . အဲ . . . ဒါပေမယ့် အခုလို နေထိုင်မကောင်းဖြစ်တဲ့အချိန်မှာတော့ မိသားစုဘဝကို

တမ်းတမိတယ်ကွ . . .”

ကျွန်တော် သက်ပြင်းသာချ၍ ပြုံးနေလိုက်သည်။ လူဘဝကို နှစ်ပေါင်း (၅၀) နီးပါးဖြတ်သန်းလာသော လူတစ်ယောက်၏ဘဝနှင့်ပတ်သက်၍ပြောလာသောစကားကို ကျွန်တော် ဘာမှစောဒကမတက်လိုပါ။ သူပြောတာတွေကလည်း ကျွန်တော် တွေးကြည့်သလောက် မှန်နေသည်။ ထို့ကြောင့် ကျွန်တော် ငြိမ်နေလိုက်သည်။

တကယ်ဆို ကျွန်တော့်အရွယ်ကလည်း ဦးဖိုးသားပြောသလို ဘဝအတွက် ရည်ရွယ်ထားသည့် အိမ်ထောင်ရှင်မလောင်းလျာလေး တစ်ယောက်လောက်တော့ ရှိနေသင့်ပြီ။ ကျွန်တော့်အဖွဲ့တွေထဲမှာလည်း တချို့တွေ အိမ်ထောင်ကျကုန်ပြီ။ ကိုဦးက ရှေ့နှစ်ဆို ယူတော့မည်။ ဝေမာလည်း ထိုနည်းလည်းကောင်း . . .

ဝေလေလေနှင့် တောင်မရောက်၊ မြောက်မရောက် ကျန်နေတာဆို၍ ကျွန်တော်၊ လင်းကိုနှင့် လွင်မောင်တို့သာ ကျန်တော့၏။ ဒီကောင်တွေလည်း ကျွန်တော့်လို အဲဒီ့ကိစ္စဘက်မှာ ဂျာတူးဝါးလားများသာ ဖြစ်၏။

သို့သော် လွင်မောင်တစ်ယောက်ကတော့ အိမ်ကသဘောတူထားသလိုလို၊ ဘာလိုလို ကောင်မလေးတစ်ယောက်ရှိနေ၍ အရှေ့က တစ်မူးသာနေသည်ဟု ဆိုရမလိုပင်။

ဒါပေမယ့် ဒီကောင်လည်း ပြောပရလောက်အောင် ဖြစ်ဖြစ်မြောက်မြောက် ဖြစ်သေးသည်မဟုတ်။ ကျွန်တော် တွေးနေရင်းမှာပင် ဦးဖိုးသားက . . .

“ဟေ့ကောင် . . ဘာတွေတွေးနေတာလဲ . . .”

“ဘာ . . . ဘာမှမဟုတ်ပါဘူး . . . ဒီလိုပဲ . . . ဟီး ဟီး”

“အမယ် . . . ပြုံးကျဲကျဲနဲ့ . . . ကဲပါ . . နောက်တော့ မင်းအားရင်ငါ့ဆီ လာခဲ့ဦး . . .”

ကျွန်တော် ခေါင်းညိတ်ပြ၍ စကားခဏဆက်ပြောကာ နှုတ်ဆက်ပြီး ပြန်ခဲ့လိုက်တော့၏။ ကျွန်တော် ထထွက်တော့ . . .

"ဪ . . . ဟော့ကောင် . . ."

"ဗျာ . . ."

"ဒီဆေးရုံမှာ ဒေါက်တာချောချောလေးတွေရှိတယ်ကွ . . . သိလား . . . ကြုံတုန်း မင်းကြည့်သွားဦး . . ."

ဟု လှမ်းနောက်၏။ ကျွန်တော့် ရင်ထဲမှာ အေးခနဲဖြစ်သွားသည်။ ဟို . . . ဒေါက်တာချောချောလေးကို မြင်ယောင်မိလိုက်လို့။

☆ ☆ ☆ ☆ ☆

ကိစ္စတစ်ခုရှိ၍ မြို့ထဲထွက်လာခဲ့သည်။ အိမ်ကိစ္စဖြစ်၏။ ကျွန်တော့်မှာ အိမ်ကိစ္စမှလွဲ၍ တခြားသွားစရာ၊ လာစရာကိစ္စမရှိ။ ကိုယ်ရေးကိုယ်တာကိစ္စဆို၍ သူငယ်ချင်းတွေနှင့် သွားတာလာတာသာရှိသည်။ ရည်းစားလည်းမရှိ၍ ထွေလီကာလီတွေလည်း မများလှပေ။ ရည်းစားရှိရင်တော့ ရည်းစားနဲ့သွားမယ့်၊ လာမယ့်ကိစ္စပိုလာမည်ပေါ့။ ဥပမာ-ရုပ်ရှင်ကြည့်တာတို့၊ ငံနေ့လယ်ဘက် မုန့်ထွက်စားတာတို့ စသည်ဖြင့် . . .

မြို့ထဲရောက်တော့ အဖေ ပေးလိုက်တဲ့လုပ်ငန်းအတွက် စာရင်းဇယားတွေကို ကုမ္ပဏီသို့ ဝင်ပေးပြီးပြန်လာခဲ့သည်။ လမ်းရောက်တော့ အိမ်တန်းမပြန်ချင်သေး၍ တစ်ခုခုဝင်စားဖို့ စဉ်းစားလိုက်၏။ ထို့ကြောင့် လင်းကိုနှင့်လွင်ဦးဆီ ဖုန်းလှမ်းခေါ်လိုက်သည်။

နှစ်ယောက်စလုံး မအားကြ။ လင်းကိုက သူ့အမျိုးတစ်ယောက် မင်္ဂလာဆောင်ရှိသည်ဟုဆို၏။ လွင်ဦးက ခေါင်းကိုက်နေ၍ မလာနိုင်ဟု ဆိုသည်။ ဒီလိုဆိုတော့လည်း ကိုယ်တစ်ယောက်တည်းပဲပေါ့ . . ။

ထို့ကြောင့် အေးအေးဆေးဆေးထိုင်ရအောင် ဆရာစံလမ်း

တော်ဝင်မြို့မ စာအုပ်တိုက်

ရှိ မစ္စတာဂစ်တာသို့ လာခဲ့ပါတော့သည်။ ထိုဆိုင်ရောက်တော့ ကား ရပ်၍ လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့ပြီး အပေါက်ဝရောက်တော့ ကျွန်တော် ခဏရပ်လိုက်သည်။ ဆိုင်လေး၏အပေါက်ဝဘက်က အုတ်နံရံတွေပေါ်မှာရေးထားသော စာလေးကို ဖတ်ချင်၍ဖြစ်၏။

ထိုဆိုင်ရဲ့ထုံးစံအတိုင်း အုတ်နံရံလေးတွေပေါ်မှာ အမှတ်တရစာလေးတွေ ရေးသွားလို့ရသည်။ တချို့က ဆော့ပင်နှင့် တချို့က ကော်ရရှင်ပန်နှင့် အလျှဉ်းသင့်သလိုရေးသွားကြ၏။ ကျွန်တော်ကတော့ တစ်ခါမှ မရေးဖူးသော်လည်း ဒီဆိုင်ကို လာဖြစ်တဲ့အခါတိုင်း ထိုစာလေးတွေကို လိုက်ဖတ်တတ်၏။ ကျွန်တော်တို့ ငယ်ငယ်ကတော့ ဒီလိုစာမျိုးတွေကို ကျောင်းက အိမ်သာနံရံတွေမှာ ရေးဖူးသည်။ ပန်းခြံက ခုံတန်းလျားတွေမှာ ရေးဖူး၏။ သူငယ်ချင်းတွေ ပျော်ပွဲစားထွက်ကြလျှင် ရောက်သည့်နေရာတိုင်းမှာ အမှတ်တရဖြစ်အောင် သစ်ပင်တွေမှာထွင်းပြီး ရေးခဲ့ဖူးသည်။

အခုလည်း ထိုနည်းလည်းကောင်းပင်။ ရောက်ခဲ့ဖူးသူတို့ အမှတ်တရရေးသွားကြခြင်းပါ။

မရောက်တာလည်း ကြာပြီဖြစ်တော့ အရင်တစ်ခေါက်ဖတ်ခဲ့ရတာတွေထက် အသစ်အသစ်တွေ ထပ်တိုးလာတာတွေ့ရ၏။ ကျွန်တော် ထိုစာလေးတွေကို စိတ်ဝင်တစားဖတ်နေစဉ် နောက်ဘက်က ဆူညံဆူညံနှင့်ပြေးဆင်းလာသော ခြေသံများကြားမိ၍ အပေါက်ဝမှ ဘေးဖယ်ပေးမလို့ လုပ်နေစဉ် လူတစ်ယောက်က ကျွန်တော့်ကို ဝင်တိုက်ကာ အထဲဝင်သွားသည်။ သူ့နောက်မှာလည်း နောက်နှစ်ယောက်လောက်ပါလာသေးသည်။ အားလုံး မိန်းကလေးတွေ . .

တိုက်လိုက်တဲ့အရှိန်ကြောင့် ကျွန်တော်ချာခနဲ လည်သွားကာ သူတို့နဲ့ရောယောင်၍ အထဲသို့ ဒရွတ်တိုက်ပါသွားလေတော့၏။' ဖြစ်ချင်တော့ ဒီနေ့မှ ပုဆိုးကဝတ်လာခဲ့မိသည်။ ပါသွားသည့်အချိန်

နှင့် ခါးမှရုတ်တရက် ကျွတ်သွားသောပုဆိုးကို မနည်းလှမ်းထိုင်လိုက်ရင်း ကမန်းကတန်း ပြန်ပြင်ဝတ်လိုက်ရ၏။

ပြီးတော့မှ မယ်မင်းကြီးမလေးတွေကို ကြည့်လိုက်တော့ . .

"မင်း . . . မင်းနဲ့တွေ့ပြန်ပြီ . . ."

"ဩော် . . . ဒီတစ်ခါလည်း ရှင်ပဲကိုး . . ."

တိုက်ဆိုင်လွန်းသော ကံကြမ္မာကို အံ့ဩသွား၍ . . .

"မင်း ငါ့ကို သက်သက်မဲ့လိုက်နှောင့်ယှက်နေတာတော့ မဟုတ်ပါဘူးနော် . . ."

ကောင်မလေးက မျက်နှာတစ်ချက် မဲ့လိုက်ကာ . . .

"အားအားယားယား ရှင့်ကို ကျွန်မက ဘာလို့လိုက်နှောင့်ယှက်ရမှာလဲ . . . အနေသာကြီး . . ."

"ဒါဆို မင်းလူတစ်ယောက်လုံး မမြင်ရအောင် မျက်စိမှုန်နေလား . . ."

ကျွန်တော့်စကားကြောင့် ကောင်မလေးက ခါးတစ်ချက်ထောက်၍ . . .

"ကျွန်မတို့ဟာ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် နောက်ရင်းပြေးလာတာ ရှင့်ကိုတောင် သတိမထားမိဘူး . . . ပြေးရင်းနဲ့ ဟိုနားမှာ ခြေချော်ပြီး အားလွန်သွားလို့ ဝင်တိုက်မိတာ . . . နေစမ်းပါဦး ရှင်က အထဲမဝင်ဘဲ အဝင်ပေါက်မှာ ဘာရပ်လုပ်နေတာလဲ . . . ဘာလဲ မစားနိုင်လို့ ငေးကြည့်နေတာလား . . ခစ် ခစ်"

သူမကလည်း ရယ်သလို၊ နောက်ကပါလာသည့် သူမအပေါင်းအသင်းများကလည်း တခစ်ခစ်နှင့် လိုက်ခစ်ကြသည်။

ကျွန်တော် ဒေါသလည်းထွက်၊ ရှက်လည်းရှက်နှင့် ဘာစကားမှ ဆက်ပြောချင်တော့၍ သူမတို့ရှေ့က လှည့်ထွက်ကာ ဆိုင်ထဲဝင်လာခဲ့လိုက်ပါတော့သည်။ ခဏကြတော့ သူမတို့သုံးယောက်က

ကျွန်တော်နှင့် မလှမ်းမကမ်းက စားပွဲမှာဝင်ထိုင်လိုက်တာ တွေ့ရ၏။ တစ်ချက်တစ်ချက် ကျွန်တော့်ကို လှမ်းကြည့်၍ သူတို့အချင်းချင်း တိုးတိုးတိုးတိုးလုပ်ကာ ရယ်ကြပြန်သည်။

ကျွန်တော်တော့ ခက်ပြီ။ ထပြန်သွားရန် စိတ်ကူးရှိသော်လည်း ဒီလောက်လေးနှင့် ထပြန်ရလျှင် ယောကျ်ားကြီးဖြစ်ပြီး ဒီဘာမဟုတ်သည့် မိန်းကလေးတွေကို အရှုံးပေးရာရောက်၏။ ထို့ကြောင့် ဖျော်ရည်တစ်ခွက်သာမှာပြီး သူတို့ မပြန်မချင်း ကြိတ်မှိတ်ပြီး ထိုင်နေရတော့၏။

ကျွန်တော့်ဘဝကိုက ဒီကောင်မလေးနှင့်တွေ့လျှင် တစ်ခုမဟုတ်တစ်ခု ပြဿနာဖြစ်ဖို့ အထုံပါရမီကိုက ပါလာပြီးသားလား မသိပေ။

အခုလည်း သူတို့ဝိုင်းကို ကျွန်တော် လှမ်းကြည့်တော့ ကျွန်တော့်ကို လျှာထုတ်ပြီး ပြောင်ပြကာ မသိချင်ယောင်ဆောင်ပြီး ဟိုဘက်လှည့်သွား၏။ ပြီးတော့ ကျန်တဲ့နှစ်ယောက်က ဘာမှန်းမသိ ထရယ်သည်။

ကျွန်တော့်မှာ အလိုလိုနေရင်း သူတို့ရှေ့မှာ ငပေါကြီးလိုလို၊ ငကြောင်ကြီးလိုလိုနှင့်။ ထပြန်ရင်လည်း သတ္တိကြောင်ရာကျဦးမည်။ ထို့ကြောင့် သူတို့ဝိုင်းကိုမကြည့်တော့ဘဲ ရှေ့မှာချထားသည့် အအေးခွက်ကိုသာ မမြင်ဖူးတဲ့အရာတစ်ခုလို စိုက်ကြည့်နေလိုက်ပါတော့သည်။ ထို့နောက် ကျွန်တော် စဉ်းစားကြည့်သည်။

ဒီကောင်မလေးသည် ကျွန်တော်နှင့်အရင်က တွေ့ဖူးဆုံဖူးသူမဟုတ်။ ခရစ်စမတ်နေ့ကမှ ကားကိစ္စနှင့် စတင်ဆုံဖူးခြင်းပင်။ ထိုနေ့မှစ၍ ယခုတိုင် တစ်ခုမဟုတ်တစ်ခု တိုက်ဆိုင်စွာတွေ့သည်။ တွေ့တိုင်းလည်း တစ်ခုမဟုတ်တစ်ခု ပြဿနာတက်၏။ ရုပ်ရှင်တွေထဲကလို ကျွန်တော့်နောက်သို့ တကောက်ကောက်လျှောက်လိုက်ပြီး

ဇာတ်လမ်းဆင်နေတာတော့ မဖြစ်နိုင်။ သူရုပ်သူရည် ချောချောလှလှလေးနှင့် ယောကျ်ားတစ်ယောက်ကို ဇာတ်လမ်းဆင်ပြီးမှရမည့် အနေအထားလည်း မဟုတ်။ ပြီးတော့ ဒီလိုမျိုးတွေကို မိန်းကလေးဘက်ကစလုပ်ရအောင်လည်း ကျွန်တော်က ရုပ်ရှင်မင်းသားလည်း မဟုတ်ပေ။

ထို့ကြောင့် သူမနဲ့ကျွန်တော် ဆုံတွေ့ခြင်းတွေသည် ရိုးသားသော ကံကြမ္မာတရားကြောင့်သာ ဖြစ်သည်။ ထိုသို့တွေးနေရင်း သူမတို့ဝိုင်းကို ကျွန်တော် ခိုးကြည့်မိသည်။ သူမက ကျွန်တော့်ဂို မော့အကြည့်နှင့် အကြည့်ချင်းသွားဆုံသည်။ ပထမတော့ မျက်လုံးမဖယ်ဘဲ ရွဲ့ကာစိုက်ကြည့်နေမိသော်လည်း သူမဘက်ကပါ ကျွန်တော့်ကို ပြန်ကြည့်နေ၍ ကျွန်တော် မျက်နှာလွှဲလိုက်ရသည်။

ကျွန်တော် ဘာကြောင့်မှန်းမသိဘဲ ရင်တွေခုန်လာသည်။ မိုင်ပေါင်းများစွာကို မနားတမ်းပြေးခဲ့ရသူလို ချက်ချင်းမောဟိုက်ကာသွားသည်။ အဲယားကွန်းအခန်းမှာ ထိုင်နေလျက်နှင့် ကြက်သီးတစ်ချက်ထသွားကာ လက်ဖျား၊ ခြေဖျားတွေမှာ ချွေးလေးတွေ ဆို့လာသည်။

သူမနဲ့ကျွန်တော် မျက်ဝန်းချင်း ယှဉ်မကြည့်ရဲတော့။ ကျွန်တော် ထပြေးချင်လာပြီ။ ခုနမှ အအေးတစ်ငုံသောက်ပြီးသော ကျွန်တော်သည် ချက်ချင်းရေငတ်ကာသွား၍ နောက်တစ်ငုံထပ်သောက်ပြီး ထထွက်မလို့ လုပ်စဉ် . . .

"အစ်ကို . . . ဟိုဝိုင်းမှာ ခုနကထိုင်နေတဲ့ အစ်မတွေက ဒီစာကို ပေးသွားလို့ . . ."

ဆိုင်က အလုပ်သမားတစ်ယောက်က ကျွန်တော့်ကို စာလာပေး၍ ကျွန်တော် သူမတို့ဝိုင်းသို့ လှမ်းကြည့်လိုက်တော့ တစ်ယောက်မှ မရှိတော့။

ထို့ကြောင့် ကျွန်တော် စာကိုယူကာဖတ်လိုက်စဉ် . . .

"ခုန လူချင်းတိုက်မိတုန်းက ရှင့်ပိုက်ဆံအိတ်ပြုတ်ကျသွားတာ . . . ကျွန်မ ကောက်ရထားတယ် . . . ပြန်ပေးမလို့ စဉ်းစားပေမယ့် ရှင်က အအေးခွက်ကြီးပဲ ငေးကြည့်နေလို့ အာရုံပျက်သွားမှာစိုးတာနဲ့ နောက်မှပြန်ပေးတော့မယ်ဆိုပြီး ယူသွားပြီ . . ဒါပေမယ့် ပိုက်ဆံအိတ်ထိန်းသိမ်းပေးခအနေနဲ့ ကျွန်မတို့ဝိုင်းကို ရှင်ပဲ ရှင်းလိုက်နော် . . . ပိုက်ဆံရော အဝိုပါလာတယ် မဟုတ်လား . . မပါလာလည်း ပါတဲ့ဟာ အပေါင်ထားခဲ့ပေါ့ . . . တာ့တာ . . ."

စာဆုံးအောင်ဖတ်ပြီးသွားတော့ စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းကိုချကာ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်လိုက်မိတော့သည်။ မရှိတော့မှန်းသိရက်နဲ့ ပိုက်ဆံအိတ်ထိုးလာတဲ့နောက်ကျောလေးကို ယောင်ပြီးစမ်းလိုက်မိသေးသည်။

ဒီကောင်မလေးနဲ့တော့ ခက်ရချေပြီ။ သို့သော် ကျွန်တော် စိတ်မဆိုးမိပါ။ တဖြည်းဖြည်းတွေးရင်း အပျော်လေးတွေတောင် ဝင်လာသေး၏။

☆ ☆ ☆ ☆ ☆

# "လင်းကို"

"ဘာတုံး . . ."

"မင်း . . ဆေးရုံတက်ဖူးလားလို့ . . ."

"ဘာ . . . ဘယ်လို . . ."

"မင်း . . . ဆေးရုံတက်ဖူးလားလို့ . . ."

လင်းကိုက တစ်ချက်စဉ်းစားကာ . . .

"ဟာ . . . တက်ဖူးတယ်လေ . . . မင်း မေ့သွားပြီလား . . ငါ အူအတက်ပေါက်တုန်းကလေ . . . အဲဒီတုန်းက မင်းက အိမ်နဲ့ဘုရားဖူးထွက်သွားတာလေ . . ."

ကျွန်တော် စဉ်းစားလိုက်ကာ . . . ဟုတ်သည်။ ဒီကောင် ဆေးရုံတက်ဖူးသည်။ ထိုတုန်းက ကျွန်တော် အိမ်က မိသားစုနှင့် ပုဂံဘက်ရောက်နေသည့်အချိန်။ ကျွန်တော် ပြန်ရောက်တော့ ဒီကောင်က ဆေးရုံကဆင်းပြီး အိမ်တောင်ပြန်ရောက်နေပြီ။

"မင်းက ဘာလုပ်မလို့လဲ . . ."

"ဘာမှမဟုတ်ပါဘူး . . . မေးကြည့်တာပါ . . ဒါနဲ့ အဲဒီ တုန်းက မင်းက ဘယ်မှာတက်ဘာလဲ . . ."

"ရန်ကုန်ဆေးရုံကြီးမှာကွ . . ငါ့အမေရဲ့အသိတစ်ယောက်က အဲဒီမှာ ဆရာဝန်လေ . . . ဘာလို့လဲ . . ."

"ဘာမှမဟုတ်ပါဘူး . . . မေးကြည့်တာပါ . . . ဒါနဲ့ မင်းဆေးရုံတက်တော့ ဆရာဝန်တွေ လာကြည့်မှာပေါ့နော် . . ."

လင်းကို စိတ်နည်းနည်းတိုသွားပုံရသည်။

"ဟ . . . အူအတက်ပေါက်လို့ ဆေးရုံတက်ပါတယ်ဆိုမှ ဆရာဝန်တွေ လာမကြည့်လို့ ငါ့ကို အင်ဂျင်နီယာတွေ လာကြည့်မှာလား . . . နေစမ်းပါဦး . . . မင်းက ဘာလို့ ငါဆေးရုံတက်တာကို အဲဒီတုန်းကတော့ မမေးဘဲ အခုမှ မေးနေရအောင် . . ဘယ်သူက ဘာဖြစ်လို့လဲ . . ."

ဟုတ်တော့လည်း ဟုတ်သည်။ အဲဒီတုန်းကတော့ အဲဒီလောက် မမေးဘဲ အခုမှ သွားမေးနေ၍ ဒီကောင်အံ့ဩနေခြင်းဖြစ်၏။ လွင်မောင်ကတော့ ကျွန်တော်တို့နှစ်ယောက် စကားပြောနေတာကို ပါးစပ်အဟောင်းသားလေးနှင့် ထိုင်ကြည့်နေ၏။ ဘာမှတော့ ဝင်မပြောပေ။

ကျွန်တော် လွင်မောင်ဘက် လှည့်ကြည့်လိုက်ကာ . . .

"မင်းရော . . . ဆေးရုံတက်ဖူးလား . . ."

"ဟေ . . ."

လွင်မောင် မျက်လုံးပြူးကာ ကျွန်တော့်ကိုကြည့်၏။

"ဟာ . . . နားလေးနေလား . . . မင်းကို ဆေးရုံတက်ဖူးလား မေးနေတာ . . ."

လွင်မောင် ကြောင်တောင်တောင်ဖြစ်သွားကာ သူ့ဘဝမှာ ဆေးရုံတက်ဖူးလား၊ မတက်ဖူးလားဆိုတာကို စဉ်းစားသွား၏။ ခဏကြာတော့ . . .

"မတက်ဖူးဘူး ထင်တာပဲ . . ."

# မြွေ

"ဟာကွာ . . . ဘာလို့ မတက်ဖူးတာလဲ . . ."

လွင်မောင် တအံ့တဩဖြစ်သွားကာ . . .

"ဟော့ကောင် . . . ဆေးရုံတက်တယ်ဆိုတာ ဘုရားတက် သလို လွယ်တယ်များ ထင်နေလား . . ."

ကျွန်တော်သက်ပြင်းချကာ ဆေးရုံဇာက်ဖူးတဲ့ အတွေ့အကြုံ ရှိသည့် လင်းကိုဘက်သို့ ပြန်လှည့်၍ . . .

"လင်းကို . . ."

"ဘာလဲကွာ . . ."

"မင်း ဆေးရုံတက်တော့ ဆရာဝန်မငယ်ငယ်လေးတွေ လာ လားဟင် . . ."

"ဟာ . . . ဒီကောင် . . ."

"ဖြေမှာသာ ဖြေစမ်းပါကွာ . . ."

လင်းကိုက ခေါင်းကိုကုတ်ကာ စိတ်ညစ်သွား၏။ ပြီးတော့

"မင်း . . . ဘာလုပ်မလို့လဲ . . ."

"ဖြေစမ်းပါဆို . . မင်းကလည်း ဈေးကိုင်နေပြန်ပြီ"

ဆိုတော့မှ လင်းကို မဖြေချင့်၊ ဖြေချင်နှင့် . . .

"လာကြည့်သလား၊ မလာကြည့်သလားတော့ မသိဘူး . . ဟောက်ဆာဂျင်ဆင်းနေတဲ့ ဆေးကျောင်းသား၊ ဆေးကျောင်းသူတွေ တော့ အဖွဲ့လိုက် လာကြည့်ကြတယ် . . . ချုပ်ရိုးကနာရတဲ့ကြားထဲ သူတို့မေးတာ ဖြေရသေးတယ် . . . ငါ့မှာ စိတ်ညစ်လိုက်တာ ပြော မနေနဲ့ . . ."

ကျွန်တော် သက်ပြင်းချလိုက်တာ . . .

"အဲဒီ့တုန်းက မင်းက ဘာလို့ (SSC) မှာ မတက်တာလဲ"

"ဟ . . . လူက အူအတက်ပေါက်လို့ သေလုမျောပါးဖြစ် နေပါတယ်ဆိုမှ ငါက ဆေးရုံရွေးနေရဦးမှာလားကွ . . ."

လင်းကိုစကားဆုံးတော့ လွှင်မောင်ကပါ ဝင်၍ . . .

"အေးလေ . . . မင်းစကားကလည်း အဓိပ္ပါယ်မရှိလိုက်တာ . . . ဆေးရုံဆိုတာ ဗေဒင်တွက်ပြီး ကိုယ်နဲ့ နေ့နံကိုက်မှ သွားတက်လို့ရတဲ့အရာလို့များ မင်း ထင်နေလား . . ."

ကျွန်တော် ခေါင်းတညိတ်ညိတ်လုပ်ကာ မေးစေ့ပွတ်ရင်း စဉ်းစားသည်။ ဒီကောင်တွေကိုတော့ ဆေးရုံနဲ့ပတ်သက်၍ အားကိုးလို့မဖြစ်ဘော့မှန်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် ယခုလက်ရှိ ဆေးရုံပေါ် အရှင်လတ်လတ်ကြီး ရောက်နေသည့် ဦးဖိုးသားမျက်နှာကြီး ပြေးမြင်လာ၏။ ထို့ကြောင့် ကျွန်တော် ပြုံးလိုက်သည်။ ပြီးတော့ ဒေါက်တာမလေးမျက်နှာကိုလည်း မြင်ယောင်လာမိ၏။

စတွေ့တဲ့နေ့က ခေတ်ဆန်သည့်အဝတ်အစားလေးတွေနှင့် ဂျစ်ကန်ကန်လေး လှနေသလို၊ နောက်တစ်ရက်မှာ ထဘီလေးနှင့် ဂျူတီကုတ်လေးဝတ်ထားတာ တွေ့လိုက်ရတော့ အေးမြငြိမ်သက်သော အလှကို ခံစားမိပြန်၏။ နောက်တစ်ခေါက်တွေ့တော့ နောက်တီးနောက်တောက် အလှလေး။

ကျွန်တော် ဘာကြောင့်မှန်းမသိ။ ထိုကောင်မလေးနှင့် ရန် [illegible]ချင်နေသည်။ စကားတွေအများကြီးပြောချင်နေသည်။ စချင်နောက်ချင်နေမိသည်။

ထိုထက်ကျော်၍ ဆက်တွေးကြည့်တော့ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရ၏။

"ဟား . . . ဆေးရုံတက်ချင်လိုက်တာ . . ."

"ဟေ . . ."

လွှတ်ခနဲထွက်သွားသော ကျွန်တော့်စကားကြောင့် ဟိုနှစ်ကောင်မျက်လုံးပြူးကာ ကျွန်တော့်ကို ကြည့်နေပါတော့သည်။

☆ ☆ ☆ ☆ ☆

ဒီနေ့က ဒီဇင်ဘာ (၃၁) ဖြစ်၍ နယူးရီးယားညကို လင်းကိုတို့ခြံမှာ စုလုပ်ကြဖို့ အလုပ်ရှုပ်နေကြသည်။ မနက်ကတည်းက ညဘက်ကင်စားဖို့ အသားငါးထွက်ဝယ်သူက ဝယ်သည်။ ဟင်းသီးဟင်းရွက်ဝယ်သူက ဝယ်၏။ ကျွန်တော်တို့အဖွဲ့ကတော့ နေ့လယ်ကတည်းက လင်းကို ဒိမ်ရောက်နေကြပြီး ခြံပတ်ပတ်လည်အလှဆင်ဖို့ မီးပုံးရောင်စုံတွေ လိုက်ချိတ်ထား၏။ ပြီးတော့ ခြံထဲက သစ်ပင်တွေမှာ မှိတ်တုတ်မှိတ်တုတ်လင်းသည့် မီးကြိုးအလှလေးတွေဆင်ရင်း အလုပ်ရှုပ်နေကြသည်။

ကိုဦးက တီးဝိုင်းအတွက် ပြင်ဆင်နေ၏။ တီးဝိုင်းဆို၍ တခမ်းတနားကြီးတော့ မဟုတ်ပေ။ သူငယ်ချင်းတွေ အပျော်တီးခတ်ရန်အတွက် ဂစ်တာသုံးလက်နှင့်အော်ဂင်တစ်လုံးပါသည်။ ဂစ်တာကို ပစ်ကပ်တပ်၍ အန်ပလီဖိုင်ယာမှတစ်ဆင့် ဆောင်းဘောက်စ်နှင့် ဂျိုင်းကာထားသည်။ ကိုဦးက ဒီလိုကိစ္စတွေမှာ ဝါသနာပါ၍ သူက ထိုကိစ္စအပိုင်းကို တာဝန်ယူထားသည်။

ဝေမာတို့ မိန်းကလေးတစ်သိုက်ကတော့ စားဖို့သောက်ဖို့ကိစ္စတွေပါ တာဝန်ယူ၏။ ကျွန်တော်၊ လင်းကိုနှင့် လွင်မောင်က ခြံ

အတွင်း အလှဆင်သည့်ကိစ္စ။ လင်းကိုက မီးကြိုးခွေကိုဖြေနေရင်းမှ ကျွန်တော့်ကို လှမ်း၍ . . .

"မင်းသွေးထက် . . ."

"ဘာလဲ . . ."

"ဒါတွေ ဆင်ပြီးသွားရင် ငါတို့ ဒီကိစ္စသွားဝယ်ရအောင်"

ပါးစပ်ရှေ့မှာ လက်မထောင်၍ မော့ပြသလို လုပ်ပြသော ကြောင့် . . .

"မင်းကတော့ . . . ဒါပဲ . . ."

"အမယ် . . . အမယ် . . . ငပြူးကများ ပြရတယ်ရှိသေး တယ် . . . မင်းကရော . . မသောက်မှာမို့လို့လား . . ."

ကျွန်တော် ရယ်လိုက်ရင်း . . .

"အလကား စတာပါကွာ . . . ငါ တွေးပြီးသားပါ . . ."

ကျွန်တော့်စကားကြောင့် လင်းကိုက ကျေနပ်စွာ ပြုံးလိုက် သည်။ ထို့နောက် လွင်မောင် အနားရောက်လာကာ . . .

"ငါ ခြံထဲက အပင်တွေမှာတော့ မီးတွေဆင်ပြီးပြီ . . . ဘာ ကျန်သေးလဲ . . ."

လင်းကိုက လွင်မောင့်စကားကြောင့် တစ်ချက်တွေးသလို လို လုပ်ပြီးမှ . . .

"ဘာလဲ . . ."

"ငါ့ခြံနောက်က အုန်းပင်ပေါ် တက်ပြီး မီးလုံးတက်ချိတ်ပေး ပါလား . . ."

"သေလိုက် . . ငါ့ကိုများ မျောက်မှတ်နေလား"

"မင်းကို မျောက်နဲ့တော့ မနှိုင်းပါဘူးကွာ . . . မျောက် သိက္ခာကျပါတယ် . . ."

လွင်မောင်က လင်းကို့ကို လှမ်းထိုးသည်။ လင်းကို ရှောင်

ရင်းနှင့် အိမ်ရှေ့ဘက်ထွက်ပြေးသွား၏။ လွင်မောင်က ဆက်မလိုက်တော့ဘဲ ကျွန်တော့်နားရောက်လာကာ . . .

"မင်းတို့ ခုန အရက်သွားဝယ်မလို့ တိုင်ပင်နေတာမလား"

ကျွန်တော် တစ်ချက်မော့ကြည့်၍ . . .

"အဲဒါ ဘာဖြစ်လဲ . . ."

"ငါလည်း လိုက်မယ်လေ . . ."

"မလိုက်စမ်းပါနဲ့ကွာ . . . ဟိုမှာ ကိုဦးတစ်ယောက်တည်း . . . မင်း နေခဲ့ . . ."

"ဟာ . . . ကိုဦးကိစ္စတွေ ငါမှမကျွမ်းကျင်တာ . . လိုက်ပါရစေ . . ."

ကျွန်တော် ခေါင်းခါလိုက်ရင်း . . .

"မလိုက်ရဘူး . . . ဘာလဲ . . မင်းသောက်ချင်တဲ့အရက် မပါမှာစိုးလို့လား . . ."

"မဟုတ်ပါဘူးကွာ . . . ငါလည်း တစ်နေ့ခင်းလုံး မီးတွေ လိုက်ဆင်နေရတော့ ငြီးစီစီကြီးဖြစ်နေလို့ပါ . . အဲဒါ အပြင်လေး ဘာလေးထွက်ပြီး ကော်ဖီလေးဘာလေး သောက်မလို့ . . ."

တားလည်းရမှာမဟုတ်၍ ကျွန်တော် ဘာမှဆက်မပြောတော့ပေ။ ခဏနေတော့ လင်းကို ပြန်ရောက်လာ၍ . . .

"ကဲ . . . သွားရအောင်ဟေ့ . . . ဒီနေ့က မြန်မြန်ဝယ်ထားလေ စိတ်ချရလေပဲ . . တော်ကြာ ဝယ်လိုအားများပြီး ဈေးတက်သွားဦးမယ် . . ."

ထို့နောက် ကျွန်တော်တို့ သိမ်းသင့်တာသိမ်းပြီး အိမ်ထဲက ထွက်ခဲ့လိုက်တော့၏။ အပြင်ရောက်တော့ ခြံထောင့်တစ်နေရာမှာ တီးဝိုင်းပစ္စည်းတွေနှင့် အလုပ်ရှုပ်နေသော ကိုဦးကို တွေ့လိုက်၍ . .

"ကိုဦး . . . ငါတို့ အပြင်သွားမလို့ လိုက်ဦးမလား . ."

ကိုဦးက တစ်ချက်ငဲ့ကြည့်ပြီး လက်ခါကာပြ၏။

"ဒီကောင်က ဒါများလုပ်နေရမယ်ဆို ရည်းစားတောင် မေ့နေတဲ့ကောင်ကွ . . . သွားမပြောနဲ့လာ . . ."

လင်းကိုကပြောပြီး ကားပေါ်သို့ အရင်တက်သွားသည်။ ထို့နောက် ကျွန်တော်တို့ လင်းကိုခြံမှ ထွက်ခဲ့ပါတော့သည်။

အရက်ကိုတော့ သူချည်းသီးသန့်ရတဲ့ဆိုင်တွေမှာ အရင်ဆုံးဝယ်သည်။ မိန်းကလေးတွေအတွက် ပန့်ဖျော်ဖို့အတွက် လိုအပ်သည့်သီးနှံတွေကိုတော့ City Mart မှာ ဝယ်ဖို့ ထွက်ခဲ့တော့၏။

လင်းကိုခြံက ခုနစ်မိုင်ဘက်မှာဖြစ်၍ သူနဲ့နီးသည့် Juction-8 က City Mart ကိုပဲ ထွက်ခဲ့လိုက်တော့သည်။ Juction-8 ထဲရောက်တော့ လွင်မောင်က Discount ချထားသည့်အကျီတွေ သွားကြည့်ဦးမယ်ဆိုပြီး ကျန်ခဲ့သည်။

ကျွန်တော်နှင့်လင်းကိုသာ City Mart ထဲသို့ ဝင်ခဲ့လိုက်ပါတော့သည်။ ပန်းသီး၊ လိမ္မော်သီး၊ လိုက်ချီးစ်သီး စသည့် လိုအပ်သည့်ဟာများဝယ်နေစဉ် မမျှော်လင့်ဘဲ ခပ်လှမ်းလှမ်းမှာ ကောင်မလေးတစ်ယောက်ကို သွားတွေ့သည်။

ကျွန်တော့်ဒေါက်တာလေးပင် . . .။

သူက ကောင်တာမှာ ပိုက်ဆံရှင်းနေ၍ ကျွန်တော့်ကို မမြင်။ ကျွန်တော် သူ့ဆီသွားမလို့ စဉ်းစားလိုက်ပြီး လင်းကိုဘက်လှည့်ကာ လက်ထဲက ကိုင်ထားတဲ့အသီးတွေကို လှမ်းပေးရင်း . . .

"ဟေ့ကောင် . . . ဒါ ခဏယူထားလိုက်ဦး . . . ငါ ဟိုမှာ အသိတစ်ယောက်တွေ့လို့ သွားနှုတ်ဆက်လိုက်ဦးမယ် . . ."

လင်းကိုက ကျွန်တော့်လက်ထဲက အသီးတွေကို ယူထားလိုက်ရင်း ကျန်ခဲ့၏။ ကျွန်တော်က သူမဆီ ခပ်သွက်သွက်လှမ်းထွက်ခဲ့သည်။

သူမက ပိုက်ဆံရှင်းပြီး လှည့်ထွက်သွား၍ နောက်က မနည်းလိုက်ခဲ့ရ၏။ City Mart အပြင်ရောက်မှ သူမကို မီသွားကာ ...

"ဒီမှာ ... ဒီမှာ ..."

ကျွန်တော်လည်း သူမ နာမည်မသိ၍ ဒီလိုပဲ ခေါ်လိုက်ရသည်။ ကောင်မလေးကလှည့်ကြည့်၍ ကျွန်တော့်ကိုတွေ့သွားတော့ ထုံးစံအတိုင်း ...

"ဪ ... တွေ့ပြန်ပြီ ..."

ကျွန်တော်ကလည်း ...

"ဟုတ်ပ ... ဆုံပဲဆုံနိုင်လွန်းတယ် ..."

"ဘယ်လာတာလဲ ..."

"ဒီနေ့ ကျွန်တော့်သူငယ်ချင်းခြံမှာ နယူးရီးယားလုပ်တယ်လေ ... အဲဒါ လိုအပ်တဲ့ပစ္စည်းတွေ လာဝယ်တာ ..."

ကောင်မလေးက ခေါင်းညိတ်ပြ၍ ...

"ကျွန်မတို့ခြံမှာလည်း ဒီညလုပ်လို့ ... အဲဒါ သူငယ်ချင်းတွေနဲ့ လာဝယ်တာ ..."

"ဟုတ်လား ... အိမ်က ဘယ်နားမှာလဲ ..."

ကျွန်တော် ရုတ်တရက်မေးလိုက်တော့ သူမယောင်ပြီး ပြောမလိုလုပ်ပြီးမှ ...

"အမယ် ... ဘာလို့ပြောရမှာလဲ .. ဘာဆိုင်လဲ ..."

ကျွန်တော် တစ်ချက်ရယ်လိုက်ရင်း ...

"ဘာလဲ ... လာစားမှာစိုးလို့လား ..."

"ဟုတ်တယ် ... ဒီက အပိုလုပ်မထားဘူး ..."

"ကပ်စေးနည်းလိုက်တာဗျာ ..."

"နည်းသင့်နည်းရတာယ်ရှင့် ... ဪ ... ဒါနဲ့ ရှင့်ပိုက်ဆံ

အိတ် ပြန်ယူသွားဦး . . . ”

ဟုတ်ပါရဲ့။ ကျွန်တော်လည်း အခုမှ ပိုက်ဆံအိတ်ကို သတိရသွား၍ . . .

“ပါလာလို့လား . . . ”

“ပါလာတယ် . . . ဒါပေမယ့် ကားပေါ်မှာထားခဲ့တော့ ကားပေါ်ထိတော့ လိုက်ယူနော် . . . ”

ကျွန်တော် ဘာမှမပြောဘဲ ခေါင်းညိတ်ကာ သူမနဲ့အတူ လျှောက်လာလိုက်သည်။ ကားက Junction-8 အရှေ့မှာရပ်ထား၍ အပြင်သို့ ထွက်လာခဲ့၏။

“သူငယ်ချင်းတွေနဲ့ လာတာဆို မတွေ့ပါလား . . . ”

“သူတို့က အထဲမှာ ပတ်နေကြတုန်းလေ . . . ”

ထို့နောက် သူမက ကားတံခါးကိုဖွင့်၍ ဝယ်လာသည့်အထုပ်တွေကို ထည့်လိုက်သည်။ ပြီးတော့ ဒက်ရှ်ဘုတ်ကိုဖွင့်ကာ ကျွန်တော့်ပိုက်ဆံအိတ်ကို ထုတ်ပေး၏။ ကျွန်တော်က ပိုက်ဆံအိတ်ကိုကိုင်ပြီး နောက်ချင်စိတ်ပေါ်လာ၍ . . .

“မစစ်တော့ဘူးနော် . . . ”

ဟု ပြုံးစိစိဆိုမိသည်။ သူမကလည်း ခပ်တည်တည်နှင့်ပင် ပြန်၍ . . .

“အဲဒီ့လောက်ပိုက်ဆံကတော့ ကျွန်မ တစ်ခါသုံးစရာတောင် မလောက်လို့ ယူမသုံးလိုက်မိဘူး . . . ”

ခံဟဟု ကိုယ့်ဘာသာကိုယ် ပြန်ပြောမိသည်။ အင်းလေ . . ဒီကောင်မလေးနဲ့တွေ့တိုင်း အမြဲခံနေရတာပါပဲ။ သူမက အထဲပြန်ဝင်တော့မလို့လုပ်တော့ ကျွန်တော်က . .

“နာမည်လေး သိခွင့်မရဘူးလားဟင် . . . ”

ကောင်မလေးက ကျွန်တော့်ကို ဖျတ်ခနဲလှည့်ကြည့်သည်။

ပြီးတော့ . . . .

"နာမည်သိရင် ရှင်က ဘာလုပ်မလို့လဲ . . ."

"ဟို . . . နာမည်သိတော့ နောက်ဆို နာမည်ခေါ်လို့ရတာပေါ့ . . ."

"ဒါဆို . . ခုန ကျွန်မကို ဘယ်လိုခေါ်လိုက်လဲ . . ."

"ဟို . . . ဟိုဟာ . . နာမည်မသိတော့ ဒီလိုပဲ ခေါ်လိုက်ရတာပေါ့ . . ."

"အဲဒီ့လိုပဲခေါ်ပေါ့ . . ."

ထိုသို့ပြောပြီး ဆတ်ခနဲလှည့်ထွက်သွားတော့၏။ ကျွန်တော်ကြောင်ပြီးကြည့်နေမိသည်။ ဒီကောင်မလေးနှင့် စကားပြောရတာဘယ်လိုမှ အပေါက်အလမ်းမတည့်ပေ။ အခုကျတော့ ခပ်တည်တည်နှင့်လူကို ပြောသွားသည်။ ဟိုနေ့ကကျတော့ အစားအသောက်တွေသွားဖြုန်းဖြုန်းစားသွားပြီး လူကိုပြောင်ပြကာ ပိုက်ဆံတောင်ရှင်းသွားသေး၏။

ရှူးနေလား မသိပေ။ ရှူးနေရင်တောင် ဆရာဝန်ဖြစ်၍ ကိုယ့်ဘာသာကိုယ် ဘာဆေးစားရမယ်ဆိုတာလောက်တော့ သိနိုင်လောက်မည် ထင်ပါသည်။

ကျွန်တော် သက်ပြင်းသာချမိပါတော့သည်။ သို့သော် သူမကို ကျွန်တော် မမှတ်မိပါ။ သူမနဲ့တွေ့တိုင်း တစ်ခုမဟုတ်တစ်ခုနဲ့ ရင်ခုန်ရစမြဲပါ။

မမုန်းဘူးဆိုတော့ ချစ်သလားဟု မေးလျှင် . . .

"ဟင်း . . ."

သက်ပြင်းသာ ချပြမိမည် ထင်ပါသည်။

☆ ☆ ☆ ☆ ☆

တီးကြ၊ မှုတ်ကြ၊ ပျော်ကြ၊ ပါးကြ၊ သောက်ကြ၊ စားကြ၊ ကကြ၊ ခုန်ကြနှင့် ညဆယ့်နှစ်နာရီကျော်တော့ ဟက်ပီးနယူးရီးယားဟု သံသေး၊ သံညှောင်၊ သံကြောင်များနှင့် သုံးကြိမ်သုံးခါအော်ပြီး သကာလ အားလုံး ဖလက်ပြကုန်ကြသည်။

ကျွန်တော်တို့ယောကျ်ားလေးတွေက လင်းကို အိမ်အပေါ်ထပ်က ဝရန်တာမှာ ထွက်လှဲနေကြသည်။ အားလုံး ပင်ပန်းနေကြသော်လည်း ဘယ်သူမှ အိပ်မပျော်ကြသေးပေ။ ထို့ကြောင့် ပက်လက်လှန်ရင်း ကောင်းကင်ကကြယ်တွေကို ကြည့်ပြီး ထွေရာလေးပါး ပြောနေကြ၏။ ကိုဦးက သူ့ကောင်မလေးအကြောင်းကို ပြောပြနေသည်။ တခြားဟာတော့မဟုတ်။ သူ့ကောင်မလေးက ခဏ၊ ခဏ စိတ်ကောက်တတ်သည့်အကြောင်း။

"ငါ့ကောင်မလေးက တစ်ခုမဟုတ်တစ်ခု ကောက်နေရမှကွ . . စိတ်ကလည်း ခဏ၊ ခဏ ဟောက်တယ် . . ဘာမဟုတ်တဲ့ကိစ္စလေးနဲ့လည်း စိတ်ကောက်တာပဲ . . နောက်ဆုံး ဘာမှမကောက်ရရင် သူ့ဆံပင်သူ ဆိုင်သွားပြီး ကောက်ပစ်လိုက်ရော . . ."

ကိုဦးစကားကြောင့် ကျွန်တော်တို့တွေ ပြုံးမိကြသည်။ ကိုဦး

ပြောတာလည်း ဟုတ်သည်။ သူကောင်မလေးက အားအားရှိ စိတ်ကောက်ဖို့ ပြင်နေသောမိန်းကလေး ဖြစ်၏။ ကိုဦးစကားဆုံးတော့ လင်းကိုက ဝင်၍ . . .

"ဒါဆို မင်းက အခုဆို မိန်းမချော့တဲ့နေရာမှာ တစ်ဖက်ကမ်းခတ်နေပြီပေါ့ ဟုတ်လား . . ."

ကိုဦးက ရယ်၍ . . .

"ငါလည်း ချော့ရပါများလို့ မင်းပြောသလိုတောင် ဖြစ်နေပါပြီကွာ . . . ဒါတောင် ချော့ချင်တိုင်း ချော့လို့ရမယ်ထင်လား . . ."

"ဘာလို့လဲ . . ."

"ချော့တာတောင် ကြည့်ချော့ရတယ်ကွ . . ဒီတစ်ခါချော့တဲ့စကားနဲ့ အရင်တစ်ခါ သူကောက်တုန်းက ချော့တဲ့ပုံစံ သွားတူနေရင်လည်း ဒါလေးတောင် တလေးတစားမချော့ဘူးဆိုပြီး ကောက်ပြန်ရော . . ."

အားလုံး ရယ်မိကြသည်။ အရယ်ဆုံးတော့ ကိုဦးက . . .

"အေးပါ . . အေးပါ . . မင်းတို့ ရယ်ထားကြ . . မင်းတို့အလှည့်ရောက်မှ တွေ့မယ် . . ."

"အဲဒီ့ဆုတောင်းကတော့ သိပ်ပြည့်မယ်မထင်ဘူး . . ကိုဦးရေ . . . ဘာလို့လဲဆိုတော့ ငါတို့က ရည်းစားဆိုလို့ မူးလို့ရှူစရာတောင် မရှိလို့ပဲ . . ."

လင်းကိုက ဝင်ပြောခြင်းဖြစ်သည်။ လွင်မောင်က ထောက်ခံသည့်သဘောနှင့်ဝင်၍ . . .

"ဒီကောင်ပြောတာ မှန်တယ် ကိုဦး . . . မင်းဆုတောင်းပြည့်ချင်ရင် တစ်ခုတော့ လုပ်လို့ရတယ် . . ."

ကိုဦးက . . .

"ဘာလဲ . . ."

"မင်းညီမဝမ်းကွဲလေးတွေနဲ့ ငါတို့ကို အောင်သွယ်ပေးလိုက်ပေါ့ . . ."

အားလုံး ရယ်လိုက်ကြ၏။ ထိုအချိန်မှာ ကောင်းကင်တွင် ကြယ်တစ်စင်းကြွေကြသွားသည်။ ထိုကြယ်ကြွေချိန်ကို အားလုံးတွေ့လိုက်ကြသည်။ လွင်မောင်က ကြယ်ကြွေသွားသည်ကိုကြည့်၍ . .

"နှစ်သစ်မှာ ငါတို့တစ်ခုခုဆုတောင်းကြရအောင် . . ."

အားလုံး ကောင်းကင်ကြီးကိုကြည့်၍ ဘာမှမပြောဘဲ ငြိမ်နေလိုက်ကြသည်။ ကိုယ်စီ၊ ကိုယ်စီ ဆုတောင်းနေသည်ဟု ထင်မိသည်။

ကြယ်ကြွေချိန်မှာ ဆုတောင်းရင်၊ တောင်းတဲ့ဆု ပြည့်တယ်ဟု ဆိုရိုးစကားရှိသည်။ ဟုတ်မဟုတ်ဆိုတာတော့ သေသေချာချာ မသိပေ။ သို့သော် သူများတွေဆုတောင်းတော့ ကျွန်တော်လည်း ဆုတောင်းချင်မိ၏။

တဲ . . . ဘာဆုတောင်းမလဲ . . .။

ဒေါက်တာမလေးမျက်နှာ ဖျတ်ခနဲ မြင်ယောင်လာမိပါသည်။

☆ ☆ ☆ ☆ ☆

## ၂၅

ဒီတစ်ခါတော့ ဓာတ်လှေကားမှားပြီး မတက်ဖြစ်အောင် သတိထားလိုက်၏။ သို့သော် ထိုဓာတ်လှေကားဘက်ကိုတော့ ခဏခဏ လှမ်းကြည့်မိသည်။ ဓာတ်လှေကားတံခါးပွင့်သွားတာကို တွေ့လိုက်ရတိုင်း နှလုံးခုန်သံက ဒုတ်ခနဲ၊ ဒုတ်ခနဲဖြစ်သွားရ၏။ အထဲက ထွက်လာတဲ့လူတွေထဲမှာ သူများ ပါမလားလို့။

အမှန်တော့ ဒီဆေးရုံကြီးထဲကိုရောက်ကတည်းက ရင်ခုန်နေတာပါ။ ဒီကိုလာတဲ့ရည်ရွယ်ချက်ကလည်း သူနဲ့တွေ့ချင်လို့ပါ။ အမှန်ဆို သူ ဘယ်မှာတာဝန်ကျသလဲဆိုတာ အရင်စုံစမ်းပြီးမှ သွားရှာရင် ရပါတယ်။

သို့သော် ထိုသို့လုပ်ဖို့ ကျွန်တော့်မှာ သတ္တိအဲ့လောက်မရှိပေ။ ပြီးတော့ ဘယ်မှာသွားပြီး စုံစမ်းရမှန်းလဲ မသိ။ နာမည်လဲ မသိဆိုတော့ ဒီလိုပဲ ဆင်ကန်းတောတိုးလာရခြင်းဖြစ်သည်။

ဒါတောင် ဒီဆေးရုံမှာ ဦးဖိုးသားရှိနေ၍ လာရဲခြင်းဖြစ်သည်။ အခုတောင် လူနာလာမေးသလိုလို ပုံစံဖမ်း၍လာခြင်းပါ။

တွေးနေစဉ်မှာပင် ကျွန်တော့်ရှေ့တည့်တည့်က ဓာတ်လှေကားတံခါးပွင့်သွား၍ အတွေးစပြတ်သွား၏။ ထို့နောက် ကျွန်တော်

ခတ်လှေကားထဲ ဝင်လိုက်ကာ တတိယထပ်ခလုတ်ကိုနှိပ်လိုက်ပါတော့သည်။

သုံးထပ်ရောက်တော့ ကျွန်တော် ခတ်လှေကားထဲက ထွက်လိုက်ပြီး ဦးဖိုးသားနေတဲ့အခန်းကို တန်းမသွားသေးဘဲ ဟိုယောင်ယောင်၊ ဒီယောင်ယောင် လုပ်နေလိုက်သေး၏။ ခပ်လှမ်းလှမ်းကောင်တာမှာ ထိုင်နေတဲ့ မိန်းကလေးတစ်ယောက်က ယောင်ပေပေလုပ်နေတဲ့ ကျွန်တော့်ကို လှမ်းကြည့်၍ . . .

"ဘာများ ကူညီပေးရမလဲရှင့် . . ."

"ဪ . . . ဟိုဒင်း . . . ဘာမှမဟုတ်ပါဘူး . . ကျွန်တော်အခန်းနံပါတ် မေ့သွားလို့ပါ . . ."

"ဟုတ်လား . . ဒါဆို လူနာနာမည် သိလား . . ."

"အဲ . . . အခုတော့ မှတ်မိသွားပါပြီ . . ."

ကျွန်တော်လည်း ဆက်မနေရဲတော့၍ ဦးဖိုးသားအခန်းကို ထွက်လာခဲ့လိုက်ပါတော့သည်။ အခန်းထဲရောက်တော့ နံတင်ပေါ်မှာ ဘေးတစ်စောင်းထိုင်ရင်း စာအုပ်ဖတ်နေသော ဦးဖိုးသားကိုတွေ့ရသည်။ ဦးဖိုးသားက ကျွန်တော် ဝင်လာတာတွေ့တော့ . . .

"ဟာ . . . လာ . . . လာ . . . ဘယ်ကလှည့်လာတာလဲ"

"ဒီပဲ ဦးလေးရ . . . အမေက အသီးတွေ ပို့ခိုင်းလိုက်လို့"

ထို့နောက် ပါလာသည့်ပန်းသီးတွေကို စားပွဲပေါ်တင်ပေးလိုက်သည်။ ဦးဖိုးသားက . . .

"အားနာစရာကွာ . . . နောက်ဆို ယူမလာပါနဲ့ . . ."

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဦးလေးရဲ့ . . ."

ဦးဖိုးသားက ပြုံးရင်းနှင့် . . .

"ငါ့တူလည်း ငါ့ဆီလာရတာနဲ့ အလုပ်ပျက်နေပြီနော်"

ကျွန်တော် ရယ်လိုက်သည်။ ကျွန်တော်က ဒီဆေးရုံကို

အလွန်လာချင်နေတာကို ဦးဖိုးသား မသိလို့ ဒီစကားပြောခြင်းဖြစ်မည်။ သိများသိသွားရင် ကျွန်ဘော့်ကို ဘာပြောမလဲ မသိ။ ကျွန်တော်ကလည်း အကွက်ဝင်တုန်း . . .

"ဦးလေးပဲ ဟိုတစ်ခါ ကျွန်တော်လာတုန်းကပြောပြီးတော့"

"ဟေ . . . ငါ ဘာပြောလို့လဲကွ . . ."

"ဟာ . . . ဦးလေးကလည်း မေ့တတ်လိုက်တာ . . ဦးလေးပဲပြောတော့ ဒီဆေးရုံမှာ ဒေါက်တာမချောချောလေးတွေ ရှိတယ်ဆို"

ဦးဖိုးသားက ကျွန်တော့်စကားကြောင့် ခဏတွေဝေပြီးတော့မှ ထရယ်လိုက်သည်။

"ဟား ဟား . . . ဟား ဟား . . . တော်တော်လာတဲ့ကောင်ပဲကွ . . . ဒါဆို မင်းက တွေ့ထားပြီပေါ့ ဟုတ်လား . . ."

"ဟဲ ဟဲ . . ."

ကျွန်တော်က တဟဲဟဲနဲ့သာ ရယ်ပြလိုက်သည်။ ကျွန်တော့်ပုံစံကိုကြည့်၍ ဦးဖိုးသားက . . .

"ဒါဆို ငါ့ကိုလည်းပြောထားဦးလေကွာ . . . ဒီဆေးရုံမှာ ငါ့အသိဆရာဝန်တွေလည်း ရှိတယ် . . . သူတို့ကို စုံစမ်းလိုက်ရင် ရတာပဲ . . ."

ကျွန်တော်က ခေါင်းခါလိုက်ပြီး . . .

"အဲလိုလုပ်လို့ မရလို့ပါ ဦးလေးရ . . ."

"ဟေ . . . ဘာလို့လဲ . . ."

ကျွန်တော်က ရယ်လိုက်ပြီး . . .

"ဘာလို့လဲဆိုတော့ သူ့နာမည်ကို ကျွန်တော် မသိဘူး"

"ဟုတ်လား . . . မင်းတို့က ဘယ်မှာတွေ့တာလဲ . . ."

ကျွန်တော် ရှင်းပြလိုက်သည်။ ကျွန်တော့်စကားဆုံးတော့ ဦးဖိုးသားက ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဒီလိုကိုး . . . "

ဆိုပြီးပြော၏။ ခဏကြာတော့ . . .

"ဒါဆို သူ ဒီဆေးရုံမှာဆိုတာတော့ သေချာတယ်ပေါ့"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ကာ . . .

"သေချာတယ် . . . ဒါပေမယ့် ဒီဆေးရုံက အထပ်တွေ အများကြီး . . . ပြီးတော့ ဆရာဝန်မတွေကလည်း တစ်ပုံကြီး . . . ကျွန်တော်က နာမည်လည်းမသိဘဲနဲ့ ဘယ်လိုသွားရှာမလဲ . . . "

"သိပ်လည်း စိတ်ညစ်မနေပါနဲ့ကွာ . . ကြိုးစားရင် ဘာမဆို ဖြစ်နိုင်တာပဲ . . . "

ကျွန်တော် ဘာမှမပြောဘဲ ငြိမ်နေမိသည်။ ခဏကြာတော့မှ တစ်စုံတစ်ရာကို သတိရသွားကာ . . .

"ဒါနဲ့ ဦးလေးက ဒီမှာကြာဦးမှာလား . . . "

ဦးဖိုးသားက ကျွန်တော့်စကားကြောင့် ရုတ်တရက် ကြောင် တောင်တောင်ဖြစ်သွားကာ . . .

"ဟေ . . . ဘာလို့လဲ . . . "

"အဟီး . . . ဦးလေး ဒီမှာရှိနေတော့ ကျွန်တော် နေ့တိုင်း လာလို့ရတာပေါ့ဗျ . . . "

"အောင်မလေးဗျာ . . . မင်းကိစ္စ အဆင်ပြေအောင်ပဲ ငါက ဒီမှာ ဆက်နေပေးရမလို ဖြစ်နေပြီ . . . "

"ဟီး ဟီး ကျွန်တော်လည်း ဒီနည်းလမ်းတစ်ခုပဲရှိလို့ပါ"

ဦးဖိုးသားက ပြုံးသည်။ ပြီးမှ . . .

"အေးပါကွာ . . . ဟုတ်ပါပြီ . . . ငါလည်း ဒီမှာ သုံးလေး ရက်နေရဦးမယ်လို့ ဆရာဝန်ကပြောတယ် . . . ဒီရက်ပိုင်း ငါ့ဆီ နေ့တိုင်းလာပေါ့ . . . ဟုတ်ပြီလား . . . "

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ဆရာဝန်

တစ်ယောက်နှင့် ဆရာမနှစ်ယောက် ဝင်လာ၍ ကျွန်တော်တို့စကား ပြတ်သွားကြသည်။ ခဏနေတော့ ဦးဖိုးသားကို နှုတ်ဆက်ကာ ကျွန်တော် ပြန်လာခဲ့သည်။ အပြန်မှာ သူမကို တွေ့လိုတွေ့ငြား ရှာကြည့်သေး၏။ မတွေ့ပါ။

ရှာရင်မတွေ့ဘဲ၊ မရှာတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့တတ်သော ကံကြမ္မာကို စိတ်ထဲက ကျိန်ဆဲမိ၏။ ကျွန်တော့်ရင်ထဲမှာ ဆေးရုံကထွက်တော့ ဟာလာဟင်းလင်းကြီးဖြစ်နေမိသည်။

စိတ်ထဲမှာ တစ်စုံတစ်ခုကို လိုအပ်နေသလို မတင်မကျကြီး ဖြစ်နေမိ၏။

ပြီးတော့ . . . လွမ်းသလိုလို၊ ဆွေးသလိုလိုနှင့် . . . ကောင်မလေးကို တကယ်ချစ်မိသွားပြီ ထင်ပါသည်။

☆ ☆ ☆ ☆ ☆

**ဆောင်း**နှင်းကာလ နှင်းစက်တို့ အရပ်လေးမျက်နှာမှာ ညင်ညင်သာသာ ကျနေသည်။ ညဘက် လမ်းမီးတိုင်တို့၏ ဝါကျင်ကျင်အလင်းရောင်သည် နှင်းထုကို ဣန္ဒြေရရထိုးဖောက်၍ ပတ်ဝန်းကျင်ကို လင်းပြစေ၏။

ကျွန်တော် ခေါင်းပေါ်မှာ တင်ကျန်နေသောနှင်းရည်တို့ကို တစ်ချက်သုတ်လိုက်ကာ ဟိုးအဝေးကို ငေးကြည့်လိုက်၏။ ကျွန်တော်တို့အိမ်အပေါ်ထပ် ဝရန်တာဘက်ကကြည့်လျှင် ပတ်ဝန်းကျင်ကို အကုန်မြင်ရ၏။ ကျွန်တော်တို့နေတဲ့ အိမ်ယာလေးက လုံးချင်းအိမ်ယာဖြစ်၍ ပတ်ဝန်းကျင်အမြင်ကို ပိတ်ကာဆီးမည့်တိုက်အမြင့်တွေ မရှိပေ။ ထို့အပြင် ခြံဝင်းတွေသာများ၍ ညဘက်ဒီအချိန်ဆို လမ်းပေါ်မှာ လူရှင်းနေတတ်သည်။

ထို့ကြောင့် ညသည် လိုအပ်သည်ထက် ပို၍တိတ်ဆိတ်နေသည်။ ဒီလို ချမ်းအေးတဲ့ဆောင်းတွင်းညတွေဆို ကိုယ့်အိမ်ထဲမှာသာ ကွေးနေတတ်၍ ပတ်ဝန်းကျင်က ရှင်းလင်းကာနေ၏။

ဟိုးအဝေးကို ကျွန်တော် မျှော်ကြည့်လိုက်စဉ် ဆွဲဆွဲငင်ငင်ထအူလိုက်သော ခွေးအူသံကြောင့် ရင်ထဲမှာတစ်ချက် လွမ်းဆွေး

သွားသည်။ အမှန်တော့ ခွေးအူသံဆိုသည်မှာ လွမ်းဆွေးစရာအသံထဲမှာ မပါပေ။ ခွေးအူသံသည် တယောတစ်လုံး၏ သံစဉ်လောက်သာယာနာပျော်ဖွယ်မကောင်းတာ ကျွန်တော်သိသည်။ သို့သော် ဒီလိုတိတ်ဆိတ်ငြိမ်သက်ပြီး နှင်းမြူလေးတွေ တဖွဲဖွဲကျနေသည့် ညမျိုးမှာ ဘယ်အရာမဆို ကဗျာဆန်နေမိ၏။

ခပ်ဝေးဝေး အုန်းပင်ပုလေးတွေဆီမှ လေတိုက်ခတ်၍ အုန်းရွက်ရိုက်ခတ်သံ၊ ပတ်ဝန်းကျင် အိမ်အမိုးပြားများဆီမှ နှင်းစက်တို့ရိုက်ခတ်သံ စသည်တို့အား အားလုံးကဗျာဆန်နေမိ၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကိုငေးနေစဉ် ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံတစ်ချက်သည် ကျွန်တော့်စိတ်နှလုံးကို ဖမ်းစားကာသွား၏။

ကျွန်တော် သက်ပြင်းကို ချလိုက်မိသည်။ ပြီးတော့ ရည်ရွယ်ချက်မရှိဘဲ ကောင်းကင်ကို မော့ကြည့်လိုက်တော့ လက ထိန်ထိန်သာကာနေ၏။ ထိုလဝန်းနှင့်အပြိုင် သူမ မျက်နှာလေးကို ကျွန်တော်မြင်ယောင်လာလေသည်။

လွမ်းတယ် ကောင်မလေးရယ် . . . မင်းနဲ့ စတင်ဆုံစည်းခဲ့တဲ့ . . . ဟောဒီ ဒီဇင်ဘာညတွေကို ငါ ဘယ်တော့မှ မမေ့ပါဘူး။

ကျွန်တော့်စိတ်ထဲ လွမ်းတနင့်နင့် ရေရွတ်လိုက်မိ၏။

တကယ်ပါ။ ဘယ်အချိန်ကတည်းက ရင်ထဲမှာ ကိန်းအောင်းနေမှန်းမသိတဲ့ အချစ်စိတ်တစ်ခုက ကာလတိုရက်ပိုင်းအတွင်းမှာ နှလုံးသားနဲ့ အသိဉာဏ်ကို ရုတ်တရက်ဝင်ဆောင့်တော့ ကျွန်တော့်ရင်ထဲမှာ တော်တော်လေးခံစားသွားရ၏။

ဒီအချိန် တစ်ယောက်ယောက်ကို ကျွန်တော် ရင်ဖွင့်ချင်နေမိ၏။ ကျွန်တော့်စိတ်ထဲ ခံစားနေရတာတွေကို အရမ်းပြောပြချင်နေမိသည်။

လင်းကို (သို့မဟုတ်) လွင်မောင်။ ဒါမှမဟုတ် ကိုဦး။

တစ်ယောက်ယောက် ကျွန်တော့်အနားမှာရှိရင် ကောင်းလိမ့်မည်။ သို့သော် အချိန်က သန်းခေါင်ကျော်နေပြီဖြစ်၍ ဒီကောင်တွေဆီ ဖုန်းဆက်လို့လည်း မဖြစ်တော့။

ထို့ကြောင့် ထိုအလွမ်းကို ကိုယ့်ဘာသာကိုယ်သာ ခံစားရင်း ဒီညကို ကျွန်တော်တစ်ယောက်တည်း ဖြတ်သန်းရပေလိမ့်မည်။

သို့သော် အတွေးထဲမှာတော့ သူတစ်ယောက် အမြဲရှိပါသည်။

☆ ☆ ☆ ☆ ☆

**လူငယ်**တိုင်း အချစ်နဲ့ပတ်သက်ပြီး ကြိုးစားကြပုံချင်း မတူကြသော်လည်း တူညီတာတစ်ချက်တော့ ရှိ၏။ အဲဒါဘာလဲဆိုတော့ သူငယ်ချင်းတွေကို တိုင်ပင်ကြခြင်းပင်။

ကျွန်တော် သူမကို တကယ်ချစ်မိသွားပြီဟု ကိုယ့်စိတ်ကိုယ်သိလိုက်ရတဲ့အချိန်မှာ ကျွန်တော်လည်း သူငယ်ချင်းတွေကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် လင်းကိုတို့သုံးယောက်ကို ကျွန်တော်တို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ချိန်းလိုက်၏။ ခဏကြာတော့ ဒီကောင်တွေ လက်ဖက်ရည်ဆိုင် ရောက်လာကြသည်။ ကျွန်တော့်ကိုတွေ့တော့ ကိုဦးက . . .

"ကဲ . . . ဘာတွေ အရေးတကြီးဖြစ်နေလို့ ငါတို့ကို ဒီကိုလာဖို့ချိန်းရတာလဲ . . ."

ကျွန်တော်က သူတို့ကို ခေါ်သာခေါ်လိုက်ရတာ။ ပြောစရာအရေးတကြီးရှိလို့ဆိုတာပဲ ပြောထားသေးသည်။ အကြောင်းအရာကို မပြောရသေး။ ထို့ကြောင့် ကိုဦးက ကျွန်တော့်ကို မြင်မြင်ချင်းမေးလိုက်ခြင်းဖြစ်၏။ ကျွန်တော်က . . .

"ထိုင်ပါဦးကွာ . . . အေးအေးဆေးဆေးပေါ့ . . . ပြောပြပါမယ် . . ."

လင်းကိုက လက်ဖက်ရည်တစ်ခွက် လှမ်းမှာသည်။ လွင်မောင်က စီးကရက်တစ်ပွဲ မှာလိုက်ရင်း . . .

"မင်းပုံစံကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ . . . ဘာတွေများ ပြဿနာတက်ထားလို့လဲ . . ."

ကျွန်တော်က ပြုံးလိုက်ကာ . . .

"ပြဿနာကတော့ ပြဿနာပဲ . . . ဒါပေမယ့် ရိုးရိုးတန်းတန်း ပြဿနာတော့ မဟုတ်ဘူးကွ . . ."

"ဟေ . . . ဘာ . . . ဘာပြဿနာမို့လို့လဲကွာ . . ."

မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့်ပြောလိုက်သော လင်းကိုကို ကြည့်ကာ ကျွန်တော်တစ်ချက်ရယ်လိုက်ရင်း . . .

"နှလုံးသား ပြဿနာကွ . . ."

"နှလုံးသား ပြဿနာ ဟုတ်လား . . ."

လွင်မောင်က သံယောင်လိုက်တော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်ရင်း . . .

"ဟုတ်တယ် . . . နှလုံးသားပြဿနာ . . ."

ဒီကောင်သုံးယောက်လုံးကို ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။ ဘာမှတော့ မပြော။ ကျွန်တော်ကပဲ စကားကိုဆက်၏။

"ငါ . . . ကောင်မလေးတစ်ယောက်ကို ကြိုက်မိသွားလို့ကွ . . . အဲဒါ မင်းတို့နဲ့ တိုင်ပင်မလို့ . . ."

ကျွန်တော် စကားကိုခဏရပ်ကာ သုံးယောက်လုံးရဲ့မျက်နှာကို ကြည့်လိုက်၏။ သုံးယောက်လုံး ဘာမှမပြောဘဲ ကျွန်တော့်စကားကိုသာ စိတ်ဝင်တစား နားထောင်ကာနေ၏။ ကျွန်တော် ကျေနပ်သွားကာ စကားကို ဆက်လိုက်သည်။

"အဲဒီ ကောင်မလေးက ငါနဲ့ ခရစ်စမတ်နေ့မှ စဆုံတာကွ"

ကိုဦးက . . .

"ဘယ်မှာဆုံတာလဲ . . ."

"ငါက ဝေမာ့အတွက် . . . ခရစ်စမတ်လက်ဆောင်ပေးဖို့ ရန်ကင်းစင်တာမှာ အရုပ်ဝင်ဝယ်ရင်း သူနဲ့တွေ့တာ . . ."

ထို့နောက် ကျွန်တော် သူမနဲ့တွေ့ဆုံပုံကို ရှင်းကာပြလိုက်၏။ ကျွန်တော် ပြောပြနေစဉ် ဒီကောင်တွေ စိတ်ဝင်တစား နားထောင်နေကြသည်။ ကျွန်တော် စကားဆုံးတော့မှ . . .

"မင်းတို့တွေ့တဲ့ပုံက . . . သာမန်ထက် ဆန်းနေတာတော့ သေချာတယ်ကွ . . ."

ဟု လင်းကိုက မှတ်ချက်ချ၏။ လွင်မောင်က . . .

"ဒါကြောင့် မင်းက ဟိုတစ်ခါ ငါတို့ကို ဆေးရုံတက်ဖူးလား လို့ မေးတာကိုး . . ."

ကျွန်တော် ပြုံးရင်း ခေါင်းညိတ်ပြကာ . . .

"ဟုတ်တယ်ကွ . . . သူက ဆရာဝန်တစ်ယောက် ဖြစ်နေတယ်ဆိုတာ . . ငါလည်း ဟိုတစ်နေ့ကမှ အသိတစ်ယောက်ဆီသွားရင်း သိခဲ့တာ . . . သူနဲ့တွေ့တဲ့အချိန်တိုင်းလည်း မင်းတို့သိတဲ့အတိုင်းပဲ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်တော့တာပဲ . . . အဲဒါကြောင့်ပဲ အမှတ်တရလေးတွေဖြစ်ပြီး သူ့ကိုငါ စိတ်ဝင်စားသွားတာလား မသိဘူး . . ."

ကျွန်တော့်စကားကြောင့် သုံးယောက်လုံး ပြုံးလိုက်သည်။ ပြီးတော့ ကိုဦးက . . .

"အချစ်ဆိုတာ ဒီလိုပဲ ပြောရသိပ်ခက်တာ . . . နှစ်ပေါင်းများစွာ အတူရှိနေတဲ့လူကိုလည်း ချစ်ချင်မှချစ်တာ . . . အဲ . . ဒါပေမယ့် ခဏတာတွေ့လိုက်ရတဲ့လူကိုလည်း ချစ်ချင်ချစ်သွားမိတာ

ကွ . . . အဲဒါကြောင့် အချစ်က ဆန်းကြယ်တယ်လို့ လူတွေက ပြော ကြတာပေါ့ . . . "

"အေးပေါ့လေ . . . အားလုံးထဲမှာ မင်းက လက်ဆုပ်လက် ကိုင်ပြနိုင်စရာ ရည်းစားလေးရှိနေတော့ မင်းပြောတာ အမှန်လို့ ပြောရမှာပေါ့ . . . "

လင်းကိုက ဝင်ပြောတော့ ကျွန်တော်လည်း ဝင်ပြီး . . .

"ဒီကောင်ပြောတာ ဖြစ်နိုင်တယ် လင်းကိုရ . . . ငါလည်း တက္ကသိုလ်မှာတုန်းက ရည်းစားထားခဲ့ဖူးတာပဲ . . . ဒါပေမယ့် သူတို့ ကို ချစ်ခဲ့တုန်းက တက္ကသိုလ်ရောက်ရင် ရည်းစားထားဖူးမှဆိုတဲ့ စိတ် နဲ့ ဘာရယ်မဟုတ်ဘူး ထားဖြစ်လိုက်တာပဲ . . . အခုကိစ္စက အဲဒီ တုန်းက ခံစားချက်နဲ့မတူတာ အမှန်ပဲ . . . ဒီကောင်မလေးကို ငါ လေးလေးနက်နက် ချစ်မိသွားတာ သေချာတယ် . . . "

ကျွန်တော့်စကားကို အားလုံးက လက်ခံသည့်သဘော ခေါင်း ညိတ်ကာ ထောက်ခံကြသည်။

"မင်းပြောတာကို ငါတို့ယုံပါတယ် . . . ဒါပေမယ့် တစ်ခု တော့ ရှိတယ် . . . "

ကိုဦးစကားကို ကျွန်တော်က . . .

"ဘာလဲ . . . "

"မင်းက ကောင်မလေးနဲ့သာ သုံးလေးခါ ဆုံဖူးပေမယ့် နာမည်ကောင်း မသိရသေးဘူးဆိုတော့ ဆေးရုံမှာ သူတာဝန်ကျတဲ့ ဂျူတီကို ဘယ်လိုစုံစမ်းမလဲ . . . "

ကျွန်တော်က ခေါင်းတစ်ချက် ညိတ်ပြရင်း . . .

"မင်းပြောတာ မှန်တယ် . . . ငါလည်း အဲဒီ့ကိစ္စပဲ ခေါင်း ရှုပ်နေတာ . . . "

အားလုံး ခဏငြိမ်သွားကြသည်။ အားလုံး ကျွန်တော့်ကိစ္စ

ကို ဝိုင်းဝန်းစဉ်းစားပေးနေကြ၍ဖြစ်၏။ ခဏကြာတော့ လင်းကိုက

"မင်း အဲဒီဆေးရုံမှာ အသိရှိလား . . ."

"ရှိတော့ မရှိဘူး . . . ဒါပေမယ့် ဆေးရုံတက်နေတဲ့ လူနာတော့ရှိတယ် . . ."

ကျွန်တော်က ဦးဖိုးသားကို ရည်ရွယ်၍ပြောလိုက်ခြင်းဖြစ်၏။ လင်းကိုက လက်ဖျစ်တစ်ချက် တီးလိုက်ကာ . . .

"ဒါဆို တစ်ခုတော့ လုပ်လို့ရတယ် . . ."

"ဘာလဲ . . ."

"မင်းရဲ့မိတ်ဆွေက စပါယ်ရှယ်နာ့စ်တွေ ဘာတွေတော့ ငှားထားမှာပေါ့ . . ."

ကျွန်တော် တစ်ချက်စဉ်းစားလိုက်ကာ . . .

"ငှားထားမယ် ထင်တာပဲ . . . သူ့ကို ကူညီလုပ်ပေးနေတဲ့ အစ်ကိုကြီးတစ်ယောက်တော့ တွေ့တယ် . . ."

"အဲဒီလူက မင်းနဲ့သိလား . . ."

"အင်း . . . ဦးဖိုးသားဆီသွားရင်းနဲ့တော့ မျက်မှန်းတန်းမိပါတယ် . . . ဘာလို့လဲ . . ."

"ဘာဖြစ်ရမှာလဲကွ . . . မင်းက အဲဒီလူကို ပိုင်အောင်ပေါင်းထားရမှာပေါ့ . . . ဘာလို့လဲဆိုတော့ သူက အဲဒီဆေးရုံမှာရှိတဲ့လူဆိုတော့ မင်းကောင်မလေးကို သိချင်သိမှာပေါ့ . . . ပြီးတော့ မင်းကြိုးစားနေတဲ့အချိန်မှာ ဦးဖိုးသားက ဆေးရုံဆင်းသွားရင် မင်းဘယ်လိုလုပ်မလဲ . . . အခုလို လူခံရှိတော့ မင်းအတွက် အဆင်ပြေသွားတာပေါ့ . . ."

လင်းကိုပြောတာ ဟုတ်သည်။ ကျွန်တော် အဲဒီ့တစ်ချက်ကို သတိမမူနေခဲ့၏။ လူက ထူပူပြီး မစဉ်းစားမိတာလည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် လင်းကို့ကိုတော့ ကျေးဇူးတင်ရမည်။

တော်ဝင်ဦး စာအုပ်တိုက်

"ကျေးဇူး သူငယ်ချင်း . . . ငါ အဲဒီကိစ္စကို မေ့နေတယ် . . . မင်းအခုပြောမှ သတိရတယ် . . ."

လင်းကိုက ခေါင်းတညိတ်ညိတ်လုပ်ရင်း . . .

"ဒါဆို အချိန်မဆွဲနဲ့ . . . လုပ်စရာရှိတာ လုပ်တော့ . . ."

ဟု အကြံပေး၏။ ကျွန်တော်လည်း အချိန်ဆွဲဖို့ အစီအစဉ် မရှိပါ။ အချိန်ရှိခိုက် လုံ့လစိုက်ရမည်။ မနေ့က ဦးဖိုးသား အခြေအနေကြည့်ရတာ တော်တော်လန်းလန်းဆန်းဆန်းဖြစ်နေ၍ သိပ်ကြာကြာနေရမယ့်ပုံ မပေါ်တော့။

ပြီးတော့ ဒီလိုကိစ္စမျိုးဆိုတာကလည်း ခပ်ကြာကြာလေး နေရပါစေဆိုပြီး ဆုတောင်းကောင်းတဲ့အရာမဟုတ်၍ အခုလို အချိန်လေးမှာ အခွင့်အရေးလေးရတုန်း လုပ်စရာရှိတာလုပ်ထားဖို့ သင့်၏။ ထို့ကြောင့် . . .

"ကဲ . . . လာ သွားမယ် . . . ထကြ . . ."

အားလုံးက ကျွန်တော့်ကို ကြည့်၍ . . .

"ဘယ်လဲ . . ."

"ဆေးရုံကိုပြောတာ . . ."

"မင်းက လုပ်ချင်ရင်လည်း ချက်ချင်း . . ."

"အချိန်နဲ့ဒီရေသည် လူကိုမစောင့်တဲ့ . . ."

"ဘာဆိုင်လဲ . . ."

"ဆိုင်တာပေါ့ကွ . . . အခုဟာက အချိန်နဲ့အမျှ ငါ့အတွက် တန်ဖိုးရှိနေတာလေ . . ."

အားလုံး ဘာမှတော့ ဆက်မပြောကြတော့ပါ။

ပြောလည်းရမှာမဟုတ်ဘူးဆိုတာသိနေ၍ မပြောတော့တာလည်း ဖြစ်နိုင်သည်။ ထို့နောက် ပိုက်ဆံရှင်း၍ ကျွန်တော်တို့ ဆေးရုံဘက်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

☆ ☆ ☆ ☆ ☆

**ဒီတစ်ခါ** ဆေးရုံကိုလာရတာ အရင်ကထက် ပိုမိုတက်ကြွနေမိ၏။ သူငယ်ချင်းတွေပါလာ၍ အားရှိသွားတာလည်း ဖြစ်နိုင်သည်။ ယခင်အခေါက်တွေကလို တစ်ယောက်တည်း ကြောင်တောင်တောင်မဟုတ်တော့။

လွင်မောင်က ဆေးရုံထဲ ဝင်လိုက်တာနှင့် . . .

"မင်းကောင်မလေးက အရင်တစ်ခါတွေ့တုန်းက ဘယ်အထပ်မှာ ဆင်းနေခဲ့တာလဲ . . ."

ကျွန်တော် တစ်ချက် စဉ်းစားလိုက်ရင်း . . .

"ဒုတိယထပ် . . ."

"ဒါဆို အဲဒီအထပ်မှာ အရင်သွားကြည့်ပေါ့ . . ."

"ဒါပေမယ့် သူတို့က အဲဒီလို ပုံသေကြီး တာဝန်ကျပါ့မလား"

"ဒါတော့ ငါလည်း ဒီဆေးရုံက ဆရာဝန်မဟုတ်တော့ ဘယ်သိမလဲကွ . . . သွားကြည့်တာ မမှားဘူးပေါ့ . . ."

ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ ထိုကိစ္စကို လက်ခံလိုက်သည်။ ထို့ကြောင့် ဓာတ်လှေကားမှတစ်ဆင့် ဒုတိယထပ်သို့ တက်လာခဲ့လိုက်ပါတော့သည်။

ဒုတိယထပ်ရောက်တော့ ကျွန်တော်တို့လေးယောက် ခပ်တည်တည်နှင့်လျှောက်လာလိုက်၏။ အဝင်ဝ စကြံထိပ်က ကောင်တာမှာ မိန်းကလေးနှစ်ယောက်ရှိ၏။

ဝတ်ထားသော ယူနီဖောင်းတွေကို ကြည့်လိုက်ခြင်းအားဖြင့် ဆေးရုံက သူနာပြုဆရာမတွေမှန်း သိလိုက်သည်။ ကောင်တာနောက်မှာ ဂျူတီကုတ်အဖြူဝတ်ထားသော မျက်မှန်နဲ့လူတစ်ယောက် ဂျာနယ်တစ်စောင် ဖတ်ကာနေသည်။

ကျွန်တော်တို့ဝင်သွားတော့ ကောင်တာမှ ဆရာမနှစ်ယောက်က လှမ်းကြည့်၏။ ပြီးတော့မှ လူနာတစ်ယောက်ယောက်ဆီလာတာပဲဟု ထင်သွားကာ သူတို့အလုပ် သူတို့ဆက်လုပ်သည်။ ကျွန်တော်တို့လေးယောက် ခပ်တည်တည်နှင့် ဆက်လျှောက်လာလိုက်၏။

ထိုကောင်တာအလွန်မှာ ညာဘက်သွားသောလမ်းနှင့်ဘယ်ဘက်သွားသောလမ်းဟူ၍ နှစ်ခုခွဲကာသွားသည်။ ရုတ်တရက်ဆိုတော့ ဘယ်သွားလို့ သွားရမှန်းမသိဘဲ လေးယောက်လုံး ကြောင်တောင်တောင်နဲ့ရပ်ကာသွား၏။

ခဏနေမှ ကျွန်တော်ကပဲ ဦးဆောင်၍ ညာဘက်လမ်းအတိုင်း ချိုးကွေ့ဝင်လိုက်ပါတော့သည်။

လမ်းတစ်လျှောက် ကိုယ်ဝန်ကြီးနှင့်လမ်းလျှောက်နေသော အမျိုးသမီးနှစ်ယောက်လောက်ကို တွေ့ရသည်။ သူတို့ဘေးတွင် လက်တွဲ၍ လိုက်လျှောက်ပေးနေသော ဆရာမတစ်ယောက်စီပါ၏။ ထိုလေးယောက်အပြင် စကြံလမ်းမှာ ဘယ်သူမှမရှိ။

"ဒီလိုနဲ့လမ်းလျှောက်လာရင်း လမ်းဆုံးသို့ရောက်သွား၏။ လေးယောက်လုံး ဘာလုပ်ရမှန်းမသိဘဲ ယောင်ပေပေဖြစ်သွားကြသည်။ လင်းကိုက အသံခပ်အုပ်အုပ်နှင့် . . .

"ဘယ်လိုလုပ်မလဲ ဘယ်သူမှလည်း မရှိဘူး . . ."

"ဒါဆို ဟိုဘက်သွားကြည့်မလား . . ."

"သွားကြည့်နေလည်း အပိုပဲ . . အခုလှမ်းကြည့်ရင်တောင် မြင်ရတယ် . . . ဘာမှမှ မရှိတာ . . ."

လင်းကိုပြောတာလည်း ဟုတ်သည်။ ဒီဘက်လမ်းနှင့်ဟို ဘက်လမ်းမှာ တစ်ဆက်တည်းဖြစ်နေ၍ လှမ်းကြည့်ရင် ဘယ်သူမှ မရှိတာကို မြင်နေရ၏။

"ဒါဆိုလည်း ဘယ့်တတ်နိုင်ပါ့မလဲကွာ . . . ဦးဖိုးသားဆီပဲ သွားကြတာပေါ့ . . ."

ထိုသို့ပြောပြီး ကျွန်တော်တို့ ထွက်လာကြသည်။ ကောင်တာ ရှေ့ကဖြတ်တော့ ကျွန်တော်တို့ကိုကြည့်၍ ကောင်တာမှအမျိုးသမီး တစ်ဦးက . . .

"မောင်လေးတို့ အခန်းနံပါတ် ဘယ်လောက်ကို ရှာတာလဲ"

ဟု လှမ်းမေး၍ ကျွန်တော်က မှင်သေသေနှင့် . . .

"ဒါ အမျိုးသမီးလူနာတွေထားတဲ့အထပ်လေ . . ."

"ဟင် . . . ဟုတ်လား . . . ဒါဆို ကျွန်တော်တို့ မှားလာလို့ ပါ . . . ကျွန်တော်တို့က အပေါ်ထပ်နဲ့ ဒီအထပ်ကို မှားဆင်းလာ တာ . . ."

ထိုအမျိုးသမီးက ဘာမှဆက်မပြောဘဲ ခေါင်းညိတ်ကာပြ သည်။ ကျွန်တော်တို့လည်း အပေါ်သို့တက်လာခဲ့ပါတော့သည်။ ဒီ ဆေးရုံမှာ ဓာတ်လှေကားအပြင် လှေကားနဲ့လည်း တက်လို့ဆင်းလို့ ရသည်။ လှေကားက ဓာတ်လှေကားပေါက်၏ ရှေ့တည့်တည့်မှာရှိ၏။

တချို့သွေက ဓာတ်လှေကားစောင့်နေရလျှင် ကြာတယ် ဆိုပြီး လှေကားနဲ့အတက်အဆင်းလုပ်သည်။ ကျွန်တော်တို့ကတော့ ဓာတ်လှေကားလည်း ကြုံနေ၍ ဓာတ်လှေကားနဲ့ပင် အပေါ်ထပ်သို့ တက်လိုက်ကြ၏။

ဓာတ်လှေကားထဲဝင်ပြီးတော့ သုံးထပ်ခလုတ်ကို နှိပ်လိုက်စဉ် ဓာတ်လှေကား တံခါးက ဖြည်းဖြည်းချင်းပိတ်ကာသွားသည်။ ထို မပိတ်မီအချိန်ကလေးတွင် ရှေ့ဘက်ရိုးရိုးလှေကားပေါ် သို့ တက်လာသော ဆရာဝန်မလေးနှစ်ယောက်ကို ဘာရယ်မဟုတ် လှမ်းကြည့်လိုက်စဉ် . . .

"ဟာ . . ."

ရင်ထဲမှာ ဟာခနဲဖြစ်ကာသွား၏။ ထိုနှစ်ယောက်ထဲမှ တစ်ယောက်က ကျွန်တော်ရှာနေတဲ့ဒေါက်တာမလေးပင် ဖြစ်လေသည်။

ကျွန်တော်လည်း ကမန်းကတန်းထွက်ဖို့လုပ်တော့ မမီတော့ပေ။ ဓာတ်လှေကားတံခါးက ပိတ်သွားလေပြီဖြစ်လေသည်။

ကျွန်တော် မချိတင်ကဲဖြစ်ကာ စိတ်ထဲမှာ တနုံ့နုံ့ဖြစ်၍ ကျန်ခဲ့၏။ ကျန်တဲ့သုံးယောက်က ကျွန်တော့်ကိုကြည့်၍ . . .

"ဘာဖြစ်တာလဲ . . ."

"ခုန လှေကားမှာ ငါရှာနေတဲ့ကောင်မလေး တက်လာတာတွေ့လိုက်လို့ . . ."

"ဟေ . . . ဟုတ်လား . . . ဒါဆို အမြန်သွားလေ . . ."

"အေး . . သုံးထပ်ရောက်ရင် ငါ အောက်ကို ရိုးရိုးလှေကားကပဲ ဆင်းလိုက်သွားတော့မယ် . . . တော်ကြာ ဓာတ်လှေကားနဲ့ပြန်ဆင်းရင် လွဲသွားဦးမယ် . . . သူက နှစ်ထပ်ကိုသွားမှာမဟုတ်ဘဲ အပေါ်ထပ်တွေသွားမှာဆို ဘယ်လိုလုပ်မလဲ . . ."

ကျွန်တော်ပြောတဲ့စကားကို အားလုံးက လက်ခံကြ၏။ ထိုအချိန်မှာ ဓာတ်လှေကားတံခါးပွင့်သွား၍ ကျွန်တော် အမြန်ပြေးထွက်လိုက်သည်။ ပြီးတော့ ရိုးရိုးလှေကားကပဲ ဆင်းလိုက်ပါတော့သည်။

ပထမတစ်ကွေ့ လှေကားဆင်းအပြီးတွင် သူမနှင့် ဘွားခနဲသွားဆုံလေတော့၏။

ကျွန်တော့်ရင်တွေ ထော်လာဂျီအင်ဂျင်နှိုးလိုက် သလို ဆူညံပွက်လောရိုက်ကာသွားသည်။

သူမ ဒီနေ့ ပိုလှနေသည်ဟု ထင်မိသည်။ ကျွန်တော် ပျော်လိုက်တာလေ။ ပြောမပြတတ်အောင်ပါပဲ . . . ။

☆ ☆ ☆ ☆ ☆

ကျွန်တော်ကို ရုတ်တရက်တွေ့လိုက်တော့ သူမက 'ဟယ်' ခနဲ အာမေဍိတ်အသံထွက်သွား၏။ အံ့ဩသွားပုံက မျက်နှာမှာ ဖုံးမရ ဖိမရအောင် ပေါ်ကာလာသည်။

ကျွန်တော်ကတော့ သူမကို တွေ့လိုက်ရသောကြောင့် အပျော်လုံးပဲ ဆို့သွားလို့လား၊ အပေါ်နဲ့အောက် အမြန်ပြေးဆင်းလိုက်ရသောကြောင့် မောသွားလို့ပဲလားတော့ မသိပေ။ ချက်ချင်း ဘာစကားမှ ပြောလို့မရသေး။ သူမကပင်စပြီး ကျွန်တော့်ကို နှုတ်ဆက်သည်။

"ဘယ်လာတာလဲ . . ."

ကျွန်တော်က . . .

"ဒီဆေးရုံကိုပဲ လာတာပါ . . ."

"ရှင် ဒီဆေးရုံကိုလာတာ နှစ်ခါရှိပြီနော် . . . ဘယ်သူ ဘာဖြစ်လို့လဲ . . ."

"ကျွန်တော့်အသိတစ်ယောက်ပါ . . . ဒီမှာတင်ထားရလို့"

သူမက မျက်လုံးလေးတစ်ချက်ပင့်သွားပြီး . . .

"ဟုတ်လား . . . ဘယ်အထပ်မှာလဲ . . ."

"ဒီသုံးထပ်မှာပဲ တင်ထားတာပါ . . အဲဒါ ခင်ဗျားကို တွေ့လိုက်လို့ ဆင်းလာတာ . . ."

ကျွန်တော့်စကားကြောင့် သူမ ကြောင်တောင်တောင်ဖြစ်ကာသွား၏။ ကျွန်တော် စကားပြော လောသွားပြီဆိုတာ သိလိုက်၏။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်က ဓာတ်လှေကားနဲ့လာပြီး သူမက ရိုးရိုးလှေကားမှတက်လာခြင်းဖြစ်သည်။ တွေ့နိုင်စရာအကြောင်းမရှိ။ ထို့ကြောင့် ယုတ္တိရှိအောင်ပြန်ရှင်းပြရမှရမည်ဟု တွက်လိုက်ကာ . . .

"ဒီလိုပါ . . . ကျွန်တော်က ဒုတိယထပ်ကို မှားဆင်းမိလို့ . . . အဲဒါ ဒီအထပ်ကို ဓာတ်လှေကားနဲ့ပြန်တက်လာတာ . . . အဲဒါ ခင်ဗျားကို ဒုတိယအထပ်မှာ လှေကားနဲ့တက်လာတာ တွေ့လိုက်လို့"

သူမက ယုံကြည်သွားဟန်နှင့် ခေါင်းညိတ်ကာပြသည်။ ပြီးတော့ သူမနဲ့အတူ ပါလာတဲ့သူကို လှည့်၍ . . .

"သွားချင်သွားနှင့်ဖေလ . . . ပြီးရင် တို့လိုက်ခဲ့မယ် . ."

သူမသူငယ်ချင်းကလည်း ခေါင်းညိတ်ကာ ခက်ထွက်သွား၏။ ထိုသို့ ပြောလိုက်ခြင်းအားဖြင့် သူ ကျွန်တော်နဲ့အတူ စကားပြောရင်း ကျန်ခဲ့မယ်ဆိုသည့်သဘော ပေါ်လွင်နေပြီ။

ဒါဆို ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို သတ်မှတ်လိုက်တယ်ဆိုတဲ့ သဘောပဲပေါ့။ ကျွန်တော် ပျော်သွားကာ သူမနဲ့အတူ စကကားပြောရင်း လှေကားတက်လာခဲ့၏။ ပြီးတော့ . . .

"အခု ဘယ်အထပ်မှာ တာဝန်ကျတာလဲ . . ."

"ဒီအထပ်မှာပါပဲ . . . ရှင့်မိတ်ဆွေက ဘယ်အခန်းကလဲ"

ကျွန်တော် ဦးဖိုးသားရဲ့အခန်းနံပါတ်ကို ပြောပြတော့ . . .

"ဪ . . . သိတယ် . . မနေ့ကတောင် ဆရာမကြီး

ရောင်းလှည့်တုန်းက အဲဒီအခန်းကို ရေ က်သေးတယ် . . . ”

“ဟုတ်လား . . မနေ့ကလည်း ကျွန်တော် အဲဒီအခန်းမှာ ရှိတယ် . . မတွေ့မိပါလား . . . ”

“ရှင်က ဘယ်အချိန်လာတာလဲ . . . ”

“ညနေပိုင်း . . . ”

“ဪ . . . ကျွန်မက နေ့လယ်ဂျူတီလေ . . . ညနေပိုင်း ဆို ပြန်ပြီ . . ”

“ဒါဆို ဒီနေ့တော့ နိုက်ဂျူတီပေါ့ . . . ”

သူမက ခေါင်းညိတ်ကာ အဖြေပေး၏။ ကျွန်တော် ဝမ်းသာသွား၏။ ဒါဆို သူမကိုတွေ့ရဖို့ မခဲယဉ်းတော့။ ဒီနေ့နောက်ကျမှ ပြန်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်၏။ ပြီးတော့ သူမကိုကြည့်ကာ. .

“ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် သိနေကြပြီးမှ တစ်ယောက်နာမည်တစ်ယောက်တောင် မသိကြသေးတာတော့ မဟုတ်သေးပါဘူးဗျာ . . . ခင်ဗျားနာမည်လေး ပြောပြပါလား”

သူမက ကျွန်တော့်စကားကြောင့် ပြုံးရင်း . . .

“ဟိုနေ့ကလည်း ပြောပြီးပြီလေ . . . နာမည်သိတော့ ဘာလုပ်ဖို့လဲလို့ . . . ”

“ဪ . . . မိတ်ဆွေတစ်ယောက်အနေနဲ့ နာမည်လေးတော့ သိထားသင့်တယ် ထင်လို့ပါ . . . ”

သူမက ညှင်းသွဲ့သွဲ့တစ်ချက်ရယ်လိုက်ရင်း . . .

“ထားပါတော့ . . . ကျွန်မနာမည် လင်းသွဲ့ဝေဝေပါ”

“လင်းသွဲ့ဝေဝေ ဟုတ်လား . . . လူနဲ့နာမည်နဲ့လိုက်တယ်နော် . . . လှတယ် . . . ”

ကျွန်တော် မြှောက်ပြောတာ မဟုတ်ပါ။ ရင်ထဲမှာရှိတဲ့အတိုင်း ပြောပြလိုက်တာပါ။ သူမက ပြုံးရင်း . . .

တော်ဝင်မြို့မ စာအုပ်တိုက်

"ရှင်မပြောလည်း ကိုယ့်ဘာသာကိုယ် သိပြီးသားပါ . ."

ဟု ရွှတ်နောက်နောက် ပြန်ပြောလေသည်။ ကျွန်တော် ရယ်လိုက်မိ၏။ ကျွန်တော့်ရယ်သံကြောင့် သူမ ရှက်ပြုံးလေး ပြုံးသွားလေသည်။ ကျွန်တော့်ရင်ထဲမှာ နွေးထွေးကာ သွားသည်။ ကျွန်တော်တို့ ခင်မင်မှုက ယခင်ကထက် တစ်ဆင့်တက်သွားပြီဟု ပြောလို့ရပြီ။ အခုဆို သူမက ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားလိုက်ပြီဆိုတာ ပေါ်လွင်သွားလေပြီ။

"ရှင့်နာမည် မပြောတော့ဘူးလား . . ."

အခုမှ ကျွန်တော်လည်း သတိရသွား၍ . . .

"မင်းသွေးထက်ပါ . . ."

သူမကတော့ ကျွန်တော်ပြောသလို နာမည်နဲ့လူနဲ့ လိုက်တယ်နော်ဟု ပြန်မပြောပါ။ ပြုံးရုံသာပြုံးပြသည်။ သူမစိတ်ထဲမှာတော့ ထိုအတွေးကို တွေးကောင်းတွေးမိနေလိမ့်မည်ဟု ကျွန်တော် ကိုယ်လိုရာဆွဲတွေးမိ၏။

ခဏနေတော့ သူမ ကျွန်တော်နဲ့လမ်းခွဲကာ ကောင်တာဆီမှာ ကျန်ခဲ့သည်။ ခပ်လှမ်းလှမ်းမှာ လင်းကိုတို့က မယောင်မလည်လုပ်ကာ ရပ်နေတာ တွေ့ရ၏။ ကျွန်တော် လှမ်းသွားလိုက်တော့. .

"ဘယ်လိုလဲ အဆင်ပြေလား . . ."

လွင်မောင်က လေသံနဲ့မေးတော့ ကျွန်တော်ကလည်း လေသံလေးနဲ့ . . .

"ပြေတယ် . . . နောက်မှ ငါပြောပြမယ် . . . ဦးဖိုးသားအခန်းကို သွားရအောင် . . ."

ထို့နောက် ဦးဖိုးသား အခန်းသို့ သုတ်ခြေတင်လာလိုက်တော့၏။ အခန်းထဲရောက်တော့ ဦးဖိုးသားကို စာအုပ်တစ်အုပ်ဖတ်ရင်း ခုတင်ပေါ်မှာ ထိုင်နေတာ တွေ့လိုက်ရပါတော့သည်။

☆ ☆ ☆ ☆ ☆

ကျွန်တော် သူငယ်ချင်းတွေနှင့် ဦးဖိုးသားကို မိတ်ဆက်ပေးသည်။ ဦးဖိုးသားကလည်း ပျော်ပျော်နေတတ်သူဖြစ်၍ ခဏချင်းပင် သူတို့အဖွဲ့ကျသွားတော့သည်။ ကိုဦးက ဦးဖိုးသားကို . . .

"ဦးလေးတူက နှလုံးရောဂါ ထနေလို့လေ . . အဲဒါ ကျွန်တော်တို့ပါ အဖော်လိုက်လာရတာ . . ."

ဦးဖိုးသားကလည်း ကျွန်တော့်အကြောင်းကိုသိနေ၍ . . .

"မင်းတို့ ကုသိုလ်ရပါတယ်ကွာ . . ."

ဟု ပြန်ပြောသည်။ ထို့နောက် ကျွန်တော်က ခုန ဒီမလာခင် သူငယ်ချင်းတွေနဲ့ တိုင်ပင်ထားကဲ့ကိစ္စကို သတိရသွား၍ . . .

"ဒါနဲ့ ဦးလေးကို အကူအညီတောင်းစရာရှိလို့ . . ."

"ပြောလေ . . . ဘာလဲ . . ."

"ဦးလေး ငှားထားတဲ့ စပါယ်ရှယ်နာ့စ်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါလား . . ."

ဦးဖိုးသားက မျက်ခုံးတစ်ချက် ပင့်လိုက်ကာ . . .

"ဘာလုပ်မလို့လဲ . . ."

ထို့နောက် ကျွန်တော်တို့တိုင်ပင်လာတဲ့ကိစ္စကို ရှင်းပြလိုက်တော့ . . .

"ဒီလိုကိုး . . . ဒါ မခဲယဉ်းပါဘူးကွာ . . . ရပါတယ်. . "

ဦးဖိုးသားစကားဆုံးတော့ ကျွန်တော် အခန်းထဲကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး . . .

"ဒါနဲ့ဦးလေး စပါယ်ရှယ်နဲ့စ်က ဘယ်ရောက်သွားလဲ"

"အောက်က စားသောက်ဆိုင်မှာ ထမင်းသွားဝယ်ခိုင်းထားတယ် . . . လာလိမ့်မယ် . . . "

"ဪ . . . "

"ဒါနဲ့ မင်းကောင်မလေးနာမည် သိသွားပြီပေါ့ . . . "

"ဟုတ်ကဲ့ . . . ခုနမှ သိသွားတာ . . . "

"ဟုတ်လား . . . သူနဲ့တွေ့ပြီးသွားပြီလား . . . "

"ဟုတ်ကဲ့ . . . ဦးလေးဆီလာရင်း ကျွန်တော်နဲ့တွေ့တာ . . သူလည်း ဒီဝဒ်မှာ တာဝန်ကျတယ်လေ . . ဦးလေးမြင်ရင် သိမယ်ထင်တာ် . . မနေ့က ကျွန်တော် ဒီကိုမရောက်ခင် ဦးလေးအခန်းကိုတောင် သူတို့ ရောင်းလှည့်ရင်း ရောက်သေးတယ် ပြောတယ်"

"ဟုတ်လား . . . အေးလေ . . . လူမြင်ရင်တော့ သိချင်သိမှာပေါ့ . . . ဒီမှာက ဆရာဝန်တွေက အများသားကွ . . . ဘယ်သူဘယ်ဝါဆိုတာ သိပ်မှတ်မထားမိဘူး . . . "

ထိုအချိန်မှာ ထမင်းဟင်းဝယ်ခိုင်းလိုက်တဲ့ စပါယ်ရှယ်နဲ့စ်ဝင်လာသည်။ ဒီဆေးရုံမှာက မိန်းကလေးစပါယ်ရှယ်နဲ့စ်တွေရှိသလိုယောကျ်ားလေး စပါယ်ရှယ်နဲ့စ်တွေလည်း ငှားလို့ရ၏။ အခု ဦးဖိုးသားငှားထားတဲ့ စပါယ်ရှယ်နဲ့စ်က ယောကျ်ားလေးဖြစ်နေ၍ ကျွန်တော့်အတွက် ယောကျ်ားအချင်းချင်းဆိုတော့ ပြောဆိုအကူအညီတောင်းရတာ ပိုလွတ်လပ်သည်ဟု ထင်မိသည်။

ဦးဖိုးသားက ဝင်လာတဲ့လူကို လှမ်းကြည့်၍ . . .

"မောင်အေးမြင့် . . . ဒါ ငါ့တူလိုခင်ရတဲ့ ငါ့မိတ်ဆွေတစ်ယောက်ရဲ့သားပဲ . . . သူ့နာမည်က မင်းသွေးထက်တဲ့ . . ."

ထိုလူက ကျွန်တော့်ထက် လေးငါးနှစ်လောက်ကြီးပုံရ၍ အစ်ကိုတပ်ပြီး ခေါ်လိုက်ကာ . . .

"ဟုတ်ကဲ့ . . . အစ်ကို့ကို အရင်ကျွန်တော်လာတုန်းက တစ်ခါ တွေ့ဖူးပါတယ် . . ."

ကိုအေးမြင့်က နှစ်လိုဖွယ်ရာပြုံးပြ၍ နှုတ်ဆက်သည်။ ပြီးတော့ ဦးဖိုးသားကပင် ဆက်၍ . . .

"ဒီကောင်က ငါ့ဆီလာရင်းနဲ့ ဒီဆေးခုံမှာ အတွင်းလူနာလုပ်ချင်နေတာကွ . . ."

ကိုအေးမြင့်က ဦးဖိုးသားစကားကြောင့် ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားကာ . . .

"ဗျာ . . . ဘာဖြစ်လို့လဲဟင် . . ."

ကိုအေးမြင့် အမူအရာကိုကြည့်၍ အားသုံးပြုံးလိုက်ကြသည်။ ထိုတော့မှ ဦးဖိုးသားက ရှင်းပြသည်။ ဦးဖိုးသား စကားဆုံးတော့ ကိုအေးမြင့်က သဘောပေါက်သွားဟန်နှင့် . . .

"အော . . . ဟော ဟော . . . ရုတ်တရက်ဆိုတော့ ကျွန်တော် ကြောင်သွားတာပဲ . . . ဟဲ ဟဲ . . . ရပါတယ်ဗျာ . . ဒါမျိုးက ကူညီကောင်းပါတယ် . . . ကူညီရမှာပေါ့ . . . ဒါနဲ့ ညီလေးပြောတဲ့ ဒေါက်တာက ဘယ်သူလဲ . . ."

"လင်းသွဲ့ဝေဝေပါ . . ."

ကိုအေးမြင့်က တစ်ချက်စဉ်းစားလိုက်ပြီး . . .

"အင်း . . . သိတယ် . . သိတယ် . . . အခု ဒီဝဒ်မှာတောင် တာဝန်ကျနေတယ် . . . ဟုတ်တယ်မလား . . ."

ကျွန်တော် လျင်မြန်စွာ ခေါင်းညိတ်ပြလိုက်ပြီး . . .

"ဟုတ်တယ် . . . အခု သူက ဒီဝဒ်မှာ . . ."

"ငါ့ညီက သူ့အကြောင်း ဘာသိချင်လို့လဲ . . . ကိုယ်တို့က တော့ အလုပ်အတူလုပ်နေတော့ တစ်ယောက်နဲ့တစ်ယောက် ခင်နေတယ်ဆိုပေမယ့် အလုပ်ကိစ္စကလွဲပြီး သိပ်မတွေ့ဖြစ်ဘူးလေ . . . ဒါပေမယ့် စုံစမ်းပေးလို့တော့ ရပါတယ် . . ."

ဘာပဲဖြစ်ဖြစ် ဒီလောက် ကူညီပေးမယ်ဆိုရင်ပဲ ကျွန်တော် အားတက်ကာသွားသည်။ ထို့ကြောင့် . . .

"အဲ . . . အရေးအကြီးဆုံးကတော့ သူ့မှာ ရည်းစားတွေ ဘာတွေရှိသလား အရင်သိချင်တာပါ . . ."

ကိုအေးမြင့်က ခေါင်းကိုတစ်ချက်ကုတ်လိုက်သည်။ ပြီးတော့မှ . . .

"ဒီကိစ္စကို စုံစမ်းရတယ်ဆိုတာ လွယ်မယောင်နဲ့ ခက်တယ် . . . ငါ့ညီရ . . . အစ်ကို့အနေနဲ့ကျတော့ စုံစမ်းရတာ နည်းနည်း ခက်တယ် . . . တစ်ခုတော့ ရှိတယ် . . . သူနဲ့တွဲပြီး အလုပ်အတူတူ လုပ်နေတဲ့ သူနာပြုဆရာမလေးတွေနဲ့တော့ ကိုယ်သိပါတယ် . . . ကိုယ်တစ်ဖက်လှည့်နဲ့ စုံစမ်းပေးမယ်လေ . . ."

"ဟာ . . ကျေးဇူးတင်လိုက်တာ အစ်ကိုရာ . . . ကျွန်တော် လည်း ဒီဆေးရုံကြီးတစ်ခုလုံးမှာ မိတ်ဆွေဆိုလို့ အစ်ကိုတစ်ယောက် တည်းပဲ ရှိတာပါ . . . အစ်ကိုမှ မကယ်ရင် ကျွန်တော်သွားပြီ"

ကျွန်တော် တကယ်ဝမ်းသာသွားတာပါ။ ဒါကြောင့် ကိုအေးမြင့်ရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဝမ်းသာအားရပြောမိသည်။ လင်းကိုတို့ကလည်း ဝင်၍ . . .

"ဒီကောင်ကြီးကို အစ်ကိုမှမကယ်ရင် တကယ်အချစ်ဖျားဖျားပြီး ဒီဆေးရုံမှာ အတွင်းလူနာဖြစ်သွားနိုင်တယ် . . ."

အားလုံး ရယ်ဖြစ်ကြသည်။ ရယ်မောလိုက်တော့ ပိုပြီး ပေါ့ပါးလန်းဆန်းသွားသလိုဖြစ်ကာသွား၏။ အရယ်ရပ်တော့ ကျွန်တော်က . . .

"ဖြစ်နိုင်ရင် သူ့လိပ်စာနဲ့ဟန်းဖုန်းနံပါတ်ပါ တစ်ခါတည်း စုံစမ်းပေးပါနော် . . ."

ထိုအခါ လင်းကိုက ဝင်၍ . . .

"မင်းက တဖြည်းဖြည်းနဲ့ လောဘကြီးလာပြီ . . . တစ်ဆင့်ချင်းသွားမှပေါ့ကွ . . ."

"အေးပါ . . . ငါက တစ်ခါတည်း ပြောထားတဲ့သဘောပါ . . . ဒီအစ်ကို စိတ်ထဲမှာ မှတ်ထားရအောင်လို့ . . ."

ကျွန်တော့်စကားဆုံးတော့ ကိုအေးမြင့်က ဝင်၍ . . .

"အေးပါကွာ . . . ကိုယ်တတ်နိုင်သလောက် စုံစမ်းပေးပါ့မယ် . . ."

ထိုအချိန်တွင် အခန်းထဲသို့ ဆရာဝန်မ ခပ်ကြီးကြီးတစ်ယောက် ဝင်လာသည်။ သူ့နောက်တွင် သူနာပြုဆရာမတွေနှင့် ဆရာဝန်၊ ဆရာမတွေ တော်တော်များများ ပါကာလာ၏။ ထိုပါလာသူများထဲတွင် ကျွန်တော့်ဒေါက်တာလေးလည်း ပါလာတာတွေ့လိုက်ရလေသည်။

ကျွန်တော်တို့စကားစကို ဖြတ်လိုက်ပြီး အခန်းရဲ့ထောင့်တစ်နေရာမှာ သွားရပ်နေလိုက်သည်။ ဆရာဝန်မကြီးက ဦးဖိုးသားကို ကျန်းမာရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေမေးနေသည်။ ပြီးနောက် ဆေးစစ်ချက်မှတ်တမ်းကိုကြည့်ပြီး . . .

"အခြေအနေ တော်တော်ကောင်းလာပါပြီ . . . နောက်တစ်ရက်နှစ်ရက်ဆို ဆင်းလို့ရပြီ . . ရှင် အရက်တော့ လျှော့သောက်ဖို့လိုမယ်နော် . . . ဖြစ်နိုင်ရင် လုံးဝဖြတ်ပစ်လိုက်ပါ . . ."

ဦးဖိုးသားက ခေါင်းညိတ်ကာပြ၏။ ကျွန်တော်ကတော့ ကောင်မလေးကို ခိုးကြည့်နေလိုက်သည်။ ကောင်မလေးကလည်း ကျွန်တော့်ကို တစ်ချက်တစ်ချက် လှမ်းကြည့်ပြီး ပြုံးပြပါသည်။

ဦးဖိုးသားအသည်းက အရက်ကြောင့် အားနည်းပြီး မကောင်းဘူးဟု သိရသည်။

ကျွန်တော့်အသည်းကတော့ သူမကြောင့် ဘယ်လိုဖြစ်မလဲ မပြောတတ်ပေ။

ခဏနေတော့ ဆရာဝန်မကြီးထွက်သွား၍ သူတို့တွေ တစ်ဖွဲ့လုံး နောက်ကပါသွားသည်။ ကြည့်ရတာ ထိုဆရာဝန်မကြီးက အထူးကုပါမောက္ခကြီးတစ်ယောက် ဖြစ်နိုင်၏။ ထို့ကြောင့် ဒီဝဒ်မှာ တာဝန်ကျနေတဲ့ ဆရာ၊ ဆရာမတွေအားလုံး ပါလာဟန်တူ၏။

ပြန်အထွက်မှာ အားလုံးအလစ်တွင် ကျွန်တော် သူမကို လက်ကလေး ပြလိုက်မိ၏။

သူမ ပြုံးကာထွက်သွားပါတော့သည်။

**ဦးဖိုးသား** ဆေးရုံက မကြာခင်ဆင်းရတော့မယ်ဆိုသော ကိစ္စသည် ပုံမှန်အားဖြင့် ဝမ်းသာစရာသတင်းကောင်း ဖြစ်၏။ သို့သော် ကျွန်တော့်အတွက်တော့ တစ်ဝက်သာ ဝမ်းသာနိုင်၍ ကျန်တစ်ဝက်က အကျပ်ရိုက်နေမိ၏။

ကောင်မလေးနှင့်အခုမှ စကားလေး၊ ဘာလေးပြောပြီး ရင်းနှီးမှုရကာစရှိသေးသည်။ ဦးဖိုးသားက ဆေးရုံကဆင်းရတော့မည်။ ဆေးရုံ၊ ဆေးခန်းဆိုတာကလည်း ပျော်သလောက်နေပါဦးဆိုပြီး အတင်းဖျောင်းဖျပြီး ဆက်နေလို့ရတဲ့ အရပ်ဒေသမဟုတ်၍ လောလောဆယ် ဘာလုပ်ရမှန်း မသိတော့ပေ။ ဖြစ်နိုင်ရင် ထိုဆေးရုံမှာ တက်နေသည့် လူနာနောက်တစ်ယောက် လိုချင်မိ၏။ သို့သော် ထိုဆေးရုံမှာ အခုလက်ရှိ ဦးဖိုးသားမှလွဲ၍ ကျွန်တော့်အသိတွေထဲမှာ တက်ရောက်ကုသနေသူမရှိ။

ပြီးတော့ အထူးကုဆေးရုံကြီးဆိုတာ ရိုးရိုးသာမန်ဆေးခန်းနဲ့မတူပေ။ ပြောချင်တာက တော်ရုံတန်ရုံရောဂါဖြစ်တာလောက်နဲ့ ရောက်နိုင်တဲ့အရာမဟုတ်။ နှာစေး၊ ချောင်းဆိုးလောက်ကို ဆေးရုံ

တက်ပြီး ကုလို့မရ။ ကျွန်တော်က ဖြစ်နိုင်ရင် ကိုယ်တိုင်တော့ တက်ရောက်ကုသချင်တဲ့ကောင်။ သို့သော် ကျွန်တော့်မှာက အကောင်းကြီး။ လုပ်ချင်ရင် တစ်ခုပဲရှိသည်။

ကိုယ့်ခေါင်းကိုယ် တူနဲ့ထုပြီး ဆေးရုံသွားဖို့ပဲ ရှိတော့သည်။ မှိုင်တွေတွေဖြစ်နေသော ကျွန်တော့်ကိုကြည့်၍ လင်းကိုက . . .

"ဟေ့ကောင် . . . မင်းမျက်နှာက ဘာဖြစ်နေတာလဲ . . . ကြက်ကြီးလည်လိမ်ထားတာကျနေတာပဲ . . ."

ကျွန်တော်က သက်ပြင်းချပြီး . . .

"မင်းတို့ မနေ့က ကြားတာပဲ . . . ဦးဖိုးသား ဆေးရုံက ဆင်းရတော့မယ်တဲ့ . . ."

"အဲဒါ ဘာဖြစ်လဲကွာ . . ."

"ဘာမှတော့ မဖြစ်ပါဘူးကွာ . . . ဒါပေမယ့် ဦးဖိုးသား မရှိတော့ရင် ငါ ဘယ်လိုဆက်ပြီး အဲဒီ့ကို သွားရတော့မလဲ . . ."

လင်းကို ကျွန်တော့်စကားကြောင့် ခပ်တွေတွေတစ်ချက်ဖြစ်သွား၏။ ပြီးမှ . . .

"ဦးဖိုးသား မရှိလည်း ဒီအတိုင်းသွားလည်ပေါ့ကွ . . ."

"ကောင်းပါ့မလားကွ . . . ဦးဖိုးသားရှိနေတော့ အကြောင်းပြပြီး သွားလို့ရသေးတယ် . . . သူ မရှိတော့ ဒီအတိုင်း ဘလိုင်းကြီးသွားရင် ကြောင်တောင်တောင်ကြီး . . ."

ကျွန်တော့်စကားကြောင့် လွင်မောင်က ဝင်၍ . . .

"ဒါဆို ငါတို့အထဲကပဲ မင်းအသွားအလာ အဆင်ပြေအောင် ကိုယ့်ဘာသာကိုယ် တစ်ခုခုလုပ်ပြီး ဆေးရုံသွားတက်ရမလိုဖြစ်နေပြီ"

လွင်မောင့်စကားကြောင့် ကိုဦးနဲ့လင်းကိုက ရယ်သည်။ ကျွန်တော်ကတော့ မရယ်နိုင်ပါ။ နောက်နှစ်ရက်လောက်ပြီးရင် ကောင်မလေးနဲ့တွေ့ရဖို့ ဘယ်လိုကြံရမလဲ တွေးနေမိ၏။

တော်ဝင်မြို့မ စာအုပ်တိုက်

ထိုအချိန်မှာ ကိုဦးက ကျွန်တော့်ပခုံးကို ပုတ်၍ . . .

"ဒါဆို ဒီလိုလုပ် . . ."

"ဘယ်လိုလုပ်ရမလဲ . . ."

"မင်း သတင်းစာထဲမှာထည့်ပြီး ကြော်ငြာလိုက်ပါလား . . ဆေးရုံတက်ချင်သူများ အခမဲ့ဆေးရုံတက်ခွင့်စီစဉ်ပေးမည်။ ကျွန်တော့်ဆီ ဆက်သွယ်ကြပါရန် ဆိုပြီးလေ. . . မင်းက နာမကျန်းကူညီမှုအသင်းဆို ထောင်လိုက် . . ."

"အကောင်းမှတ်လို့ နားထောင်နေတာ . . . မင်းကတော့ နာတော့မယ် . . ."

အားလုံး . . ဟက်ဟက်ပက်ပက် ရယ်ကြ၏။ ကျွန်တော့်အဖြစ်ကလည်း ထိုသို့ရယ်စရာကောင်းနေပေပြီ။ ထို့နောက် လက်ပတ်နာရီကို ကြည့်လိုက်၍ . . .

"ကဲ . . . နောက်မှ စဉ်းစားတော့မယ် . . . ငါ အခုဆေးရုံကို လစ်လိုက်ဦးမယ် . . . မင်းတို့ လိုက်ကြဦးမလား . . ."

အားလုံးက ခေါင်းခါပြရင်း . . .

"မင်းအတွက် အဆင်ပြေနေပြီပဲ . . ငါတို့က ဘာလိုက်လုပ်ရဦးမှာလဲ . . ."

"ဒါဆိုလည်း ပြီးရောလေ . . . ငါ လစ်တော့မယ်"

ကျွန်တော် သူတို့နဲ့ထိုင်နေရာက ထထွက်လာခဲ့သည်။ ဟိုရောက်တော့ အခန်းကို တန်းမသွားသေးဘဲ ကောင်တာမှာသွားပြီး စုံစမ်းတော့ . . .

"ဒေါက်တာ လင်းသွဲ့ဝေဝေ မနက်ကပဲ ဂျူတီပြီးလို့ အိမ်ပြန်သွားပြီ . . ."

ဟု ဆိုသည်။

'ပြန်လာဦးမှာလား' မေးတော့ ဒီနေ့မလာဖြစ်တော့ဘူးဟု

ပြော၏။ ကျွန်တော့်ရင်ထဲမှာ ဟာတာတာကြီးဖြစ်ကာသွားသည်။ လူခန္ဓာက မိုင်တစ်ရာလောက် မနားတမ်းပြေးလိုက်ရသူလို မောဟိုက်ကာလာသည်။

တွေ့ခွင့်ရှိတဲ့ရက်လေးတွေ သိပ်မကျန်ပါတော့ဘူးဆိုမှ သူက ဒီနေ့မှ ဂျူတီနားရက်ဖြစ်နေသည်။

ဘယ်တတ်နိုင်မလဲလေဟု စိတ်မှာ ဖြေသိမ့်ကာ ဦးဖိုးသားအခန်းဘက်ကိုသာ ထွက်ခဲ့လိုက်ပါတော့သည်။ အခန်းထဲရောက်တော့ ဦးဖိုးသားနဲ့အတူ ကိုအေးမြင့်ကိုပါ တွေ့ရသည်။ သူတို့က စကားပြောနေရာမှ ကျွန်တော်ဝင်လာတော့ လှည့်ကာကြည့်၏။

ကျွန်တော်က နှစ်ယောက်စလုံးကို ပြုံးပြလိုက်ကာ . . .

"ဒီနေ့ ဂျူတီနားတယ်တဲ့ဗျာ . . . လွမ်းသွားတာပဲ . . . "

ကျွန်တော့်စကားကြောင့် ကိုအေးမြင့်က ရယ်၏။ ဦးဖိုးသားက . . .

"မင်းက ငါ့ကို လာကြည့်တာ မဟုတ်ဘူးဆိုတာ ငါသိပါတယ်ကွာ . . . "

ကျွန်တော်ကလည်း . . .

"ဦးလေးက ကောင်းနေပြီပဲဗျာ . . . မနက်ဖြန်ဘာဘက်ပဲ ဆေးရုံက ဆင်းရတော့မယ့်ဟာကို . . . "

ဦးဖိုးသား ပြုံးသည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်လုပ်ရင်း

"အဲဒါကြောင့် မင်းစိတ်ညစ်နေတာမလား . . . "

"ဟီး ဟီး . . . အဲဒီလိုလည်း မဟုတ်ရပါဘူး ဦးလေးရာ"

ထို့နောက် ဦးဖိုးသားက ကိုအေးမြင့်ဘက်ကို မေးငေါ့ပြရင်း

"မင်း မောင်အေးမြင့်ကို ဘာကျွေးမှာလဲ . . . "

ရုတ်တရက် အဆက်အစပ်မရှိ ပြောလိုက်သောကြောင့် ကျွန်တော် ကြောင်သွားသည်။ သို့သော် ကောင်မလေးနဲ့ပဲ ပတ်သက်

နေရမည်ဆိုတော့ ချက်ချင်းသဘောပေါက်လိုက်၍ . . .

"ဟာ . . . ကိုအေးမြင့် . . ကြိုက်တာကျွေးမှာပေါ့ဗျာ . . . ကဲ . . . ဘာထူးလဲပြော . . . "

ကိုအေးမြင့်က . . .

"သူ့လိပ်စာတော့ ကျွန်တော် ရခဲ့တယ် . . . ဒါပေမယ့် ရည်းစားရှိလား မရှိလားတော့ စုံစမ်းလို့မရသေးဘူး . . . တစ်ခုတော့ ရှိတယ်ဗျ . . . သူနဲ့တွဲနေတဲ့ သူနာပြုလေးပြောတာတော့ အဲဒီလိုမျိုး မတွေ့ဖူးဘူးလို့ ပြောတာပဲ . . . ဥပမာ- ရည်းစားတွေ၊ ဘာတွေရှိရင် ဆေးရုံကို လာကြိုတာလို့၊ လာပို့တာတို့ ရှိရမယ်တဲ့ . . . အခု သူ့မှာက အဲဒီလို မရှိဘူးလို့ပြောတယ် . . . "

ကျွန်တော် ဝမ်းသာသွားသည်။ ဘာပဲဖြစ်ဖြစ် လိပ်စာရပြီဆိုတော့ သူ့အိမ်နားမှာ သွားစောင့်ကြည့်လို့ရပြီ . . . အခြေအနေပေးရင် သူတစ်ယောက်တည်း လမ်းလျှောက်ထွက်တဲ့အချိန်အခါမျိုးတွေတောင် ကြုံတွေ့နိုင်၏။ ထို့ကြောင့် ကိုအေးမြင့်ဆီမှ သူ့လိပ်စာကို သေသေချာချာ ကူးယူလာခဲ့၏။

ထို့နောက် ကျွန်တော် ဆေးရုံမှ ပြန်ခဲ့ပါတော့သည်။ ဒီနေ့ သူမလိပ်စာကိုရ၍ ပျော်သည်။ သို့သော် သူမကို မတွေ့ရတော့ ရင်ထဲမှာ လွမ်းသလိုလို ဖြစ်ကာနေလေသည်။

☆ ☆ ☆ ☆ ☆

# အခန်း(၂)

နယ်ကဆွေမျိုးတွေ ရန်ကုန်ကို လာလည်ကြ၍ သူတို့သွားချင်တဲ့နေရာများကို လိုက်ပို့နေရသောကြောင့် ကျွန်တော်ဆေးရုံဘက်ကို ခြေဦးမလှည့်နိုင်တော့ပေ။ ကျွန်တော် နောက်ဆုံးရောက်ပြီး နောက်တစ်ရက်မှာ ဦးဖိုးသားတစ်ယောက် ဆေးရုံက ဆင်းသွားပြီဟု သိရ၏။ ထို့ကြောင့် ဆေးရုံဘက်ကို အရင်ကလို အကြောင်းပြချက် ခိုင်ခိုင်လုံလုံမရှိတော့၍ သွားဖို့ဝန်လေးနေတာလည်း ပါသည်။

ပြီးတော့ ဆေးရုံလိုနေရာမျိုးကလည်း လူနာမဖြဲဘဲ သွားလျှင်ကြောင်တောင်တောင်နိုင်လှ၏။ နောက်ပြီး သူမ၏ အလုပ်ချိန်ဖြစ်နေ၍ ကျွန်တော့်အတွက် အချိန်ပေးနိုင်ချင်မှ ပေးနိုင်မည်။ ခဏတဖြုတ်ရပ်ပြီး စကားပြောတာလောက်သာ ဖြစ်နိုင်၏။ ဒါတောင်သေချာလှတာ မဟုတ်။

ပြီးတော့ ကျွန်တော့်ဘက်ကသာ သူ့ကိုတစ်ဖက်သတ်ချစ်နေတာ။ သူက ဒါကို သိသေးသည်မဟုတ်။ သိချင်လည်း သိနေနိုင်သည်ထားဦး။ ဘာမှ သွေးမတော်သားမစပ် သည်လိုတစိမ်းယောကျ်ားလေးတစ်ယောက်ကို သူမအလုပ်ချိန်တွေထဲမှဖဲ့ပြီး ဧည့်ခံဖို့ခဲယဉ်းသည်။ ထို့ကြောင့် ကျွန်တော် ဆေးရုံကို မသွားဖြစ်တော့။

သို့သော် ဘူလိပ်စာ ကျွန်တော့်မှာရှိနေ၍ ကျွန်တော့်ကိစ္စတွေ အားသွားလျှင် သူမ အိမ်ရှေ့မှာ ကားရပ်ပြီးစောင့်ကြည့်ဖို့ ရည်ရွယ်ချက်ထားသည်။ အခုတော့ ဆွေမျိုးတွေ သွားချင်တဲ့နေရာတွေကို ဒရိုင်ဘာလုပ်ပြီးလိုက်ပို့နေရ၍ ထိုစိတ်ကို မျိုသိပ်ကာထားထားရ၏။

ဒီနေ့တော့ အရင်နေ့တွေကထက်စာလျှင် အလုပ်အားသွားပြီဟု ဆိုနိုင်၏။ အဘယ်ကြောင့်ဆိုသော် ဧည့်သည်တွေက ဒီညမြို့ထဲက အမျိုးတစ်ယောက်အိမ်မှာ သွားအိပ်ကြမည်ဖြစ်၍ မနက်ကတည်းက အိမ်ကထွက်သွားကြပြီဖြစ်သည်။ ထို့ကြောင့် နေ့လယ်ထမင်းစားပြီးတော့ ကျွန်တော် ကားယူပြီး အိမ်ကထွက်ခဲ့လိုက်ပါတော့သည်။

အိမ်ကိုတော့ သူငယ်ချင်းတွေနဲ့ မတွေ့တာကြာ၍ သွားဦးမည်ဟု ပြော၍ထွက်လာခဲ့၏။ တကယ်လည်း ဒီကောင်တွေနှင့် မတွေ့ဖြစ်တာ လေးငါးရက်လောက်ရှိပြီ။

သို့သော် လမ်းရောက်တော့ စိတ်ကူးတစ်မျိုးပြောင်းသွားကာ ဟိုကောင်တွေဆီ မသွားတော့ဘဲ ကောင်မလေးအိမ်ဘက်သို့ ကားမောင်း၍ ထွက်လာခဲ့လိုက်ပါတော့သည်။

ကောင်မလေးအိမ်က ရန်ကုန်မြို့ရဲ့ဆိတ်ငြိမ်ရပ်ကွက်တစ်ခုမှာ ဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်က ရှုပ်ထွေးမနေဘဲ တိတ်ဆိတ်ငြိမ်သက်ကာနေသည်။ ကျွန်တော်ကတော့ ထိုသို့ တိတ်ဆိတ်ငြိမ်သက်မှုကို ပိုနှစ်သက်၏။ ပတ်ဝန်းကျင်က လူသွားလူလာနည်းသောကြောင့် ကိုယ့်ကို သတိမထားမိနိုင်။ နောက်ပြီး သူတို့အိမ်ရဲ့ ရှေ့တည့်တည့်မှာ လမ်းသွယ်တစ်ခုရှိသည်။ ထို့ကြောင့် ကျွန်တော်က ကားကို လမ်းသွယ်ထိပ်လောက်မှာ ဘက်ဆုတ်ပြီးရပ်ထားရင်း သူမတို့အိမ်ဘက်ကို ခေါင်းလှည့်ထားလိုက်၏။

ဒီလိုဆိုတော့ တစ်ယောက်ယောက်ကို လာစောင့်နေတဲ့ပုံစံ

ဖြစ်သည်။ ပြီးတော့ ကျွန်တော် ကားရပ်တဲ့နေရာကလည်း ကုက္ကိုပင်ကြီးရှိနေ၍ အေးမြသောအရိပ်ကိုလည်း ရနေသေး၏။ ကျွန်တော် ထိုနေရာလေးကို အရမ်းသဘောကျသွားသည်။ ကားကို မှန်တွေချပြီး အထဲမှာ ထိုင်နေရင်း အေးအေးလူလူ အိပ်နေလို့တောင် ရသေး၏။

ကျွန်တော် အချစ်သီချင်းအေးအေးလေးတွေပဲ ရွေးကူးထားသည့် စီဒီတစ်ချပ်ကို ကားကက်ဆက်ထဲထည့်၍ တိုးတိုးလေးဖွင့်ထားလိုက်သည်။ ထို့နောက် ကျွန်တော် သူမအိမ်ရှိရာဘက်သို့ လှမ်းကြည့်နေလိုက်ပါတော့သည်။

အမှန်ဆို ကျွန်တော်ကသာ ဒီမှာ လာစောင့်နေတာ။ သူမက ဒီအချိန် အိမ်မှာရှိချင်မှရှိနေနိုင်မည်။ ဒီနေ့ ဆေးရုံဆင်းချင်ဆင်းနေမည်။ ဒါမှမဟုတ် တစ်နေရာသွားချင်သွားနေနိုင်၏။ သို့သော် ရောက်မှတော့ စောင့်နေတော့မည်ဟု ဆုံးဖြတ်ရင်း ကားနောက်ခုံမှာ ကျောမှီ၍ သက်သောင့်သက်သာပဲ နေလိုက်ပါတော့သည်။

☆ ☆ ☆ ☆ ☆

**လက်မှ**နာရီကိုကြည့်လိုက်မှ ကျွန်တော် သူမတို့အိမ်ရှေ့ ရောက်နေတာ တစ်နာရီကျော်ကျော်ရှိပြီဆိုဘာ သိလိုက်ရ၏။ အခုထိ အခြေအနေက ဘာမှထူးခြားမလာသေးပေ။

သူမ အရိပ်အယောင်လည်း မတွေ့ရသလို၊ လူဝင်လူထွက် လည်း မတွေ့ရသေး။ ဒါပေမယ့် ကျွန်တော် ပြန်ချင်စိတ်တော့ မဖြစ် ပေါ်လာသေးပါ။ ဆက်ပြီး စောင့်နေဖို့ စိတ်ကလှုံ့ဆော်နေဆဲ။

သူမကို မတွေ့ရရင်တောင် သူမရှိနေသည့် အရပ်ဒေသ လေးမှာ နေနေရ၍ ကျွန်တော် ကြည်နူးနေမိသည်။

ကျွန်တော် သူမတို့ ခြံဝင်းတံခါးလေးကို ငေးကြည့်နေစဉ်မှာ ပင် ခြံတံခါးဘေးမှ လူထွက်ပေါက်တံခါးလေး ဟကာသွားသည်။ ကျွန်တော် တစ်ချက်ပျော်သွားကာ ထွက်လာမယ့်သူကို ကျွန်တော့် ဒေါက်တာမလေးပဲ ဖြစ်ပါစေဟု ဆုတောင်းနေမိ၏။

ကျွန်တော့်ဆုတောင်း ပြည့်သွားပါသည်။ ထွက်လာသော ကောင်မလေးမှာ ကျွန်တော် မျှော်လင့်စောင့်စားနေရသည့် လင်းသွဲ့ ဝေဝေဆိုသည် ကောင်မလေးပင်ဖြစ်သည်။

သူမက ခြံတံခါးအပြင်ကို ကမန်းကတန်းထွက်ပြီး ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့်လုပ်သည်။ ပြီးတော့ ခြံဝင်းထဲသို့ အသာပြန်ကြည့်ကာ တံခါးကို အသာအယာပြန်ပိတ်၏။

သူမပုံစံကိုကြည့်၍ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ သူမပုံစံကြည့်ရတာ တစ်စုံတစ်ယောက်သိသွားမှာ စိုးရိမ်နေတဲ့ပုံမျိုး။ ထို့အပြင် မျက်နှာ အမူအရာကလည်း တစ်မျိုးဖြစ်နေသည်။ နောက်ပြီး ကားလည်း ပါမလာ။ ဒီအတိုင်း လမ်းလျှောက်ကာထွက်သွား၏။

ကျွန်တော် သိပ်စဉ်းစားမနေတော့ဘဲ ကားစက်နှိုးကာ သူမနောက်က လိုက်ခဲ့ပါတော့သည်။ ကျွန်တော်က ကားနဲ့ဖြစ်၍ ခဏလေးပင် မီသွား၍ . . .

"လင်းသွဲ့ . . ."

ကျွန်တော် ခေါ်လိုက်တော့ သူမ တစ်ချက်လှည့်ကြည့်၏။ ကျွန်တော့်ကိုတွေ့သွားတော့ အံ့ဩဟန်တစ်ချက်ဖြစ်သွားပြီး . .

"ရှင် ဘယ်လိုလုပ် ဒီရောက်နေတာလဲ . . ."

ပထမတော့ အမှန်အတိုင်းပြောမလို့ ဆုံးဖြတ်လိုက်သော်လည်း ပါးစပ်က မပြောရဲ၍ မုသားသုံးလိုက်ရသည်။

"ကျွန်တော် မိတ်ဆွေတစ်ယောက်ဆီ လာတာ . . . အဲဒါ လင်းသွဲ့ကို လှမ်းတွေ့လိုက်လို့ . . ."

ကျွန်တော် သူမကို ယခင်ကလို 'ခင်ဗျား' ဟု ခေါ်ဝေါ်သုံးစွဲသောနာမ်စားအစား သူမနာမည်လေးလုံးထဲက ရှေ့ဆုံးနှစ်လုံးကို ခေါ်ယူသုံးစွဲလိုက်၏။

သူမကလည်း ထိုနာမည်ကိစ္စကို ဘာမှမပြောပါ။ သတိမထားမိတာလားတော့ မသိပါ။ သူမပုံစံကြည့်ရတာ တစ်စုံတစ်ခုအတွက် အရေးတကြီးထွက်လာပုံလည်း ရနေ၏။

## ကြွေ

ကျွန်တော်ကပင် ဆက်ပြီး . . .

"လင်းသွဲ့ . . . ဘယ်သွားမလို့လဲ . . ."

သူမက တစ်ချက်တွေဝေသွားကာ . . .

"ကျွန်မ အပြင်သွားစရာရှိလို့ ကားထွက်ငှားတာ . . ."

"ဟင် . . . လင်းသွဲ့ကားက ဘာဖြစ်သွားလို့လဲ . . ."

"ပျက်နေလို့ပါ . . ."

"ဒါဆို ဘယ်သွားမလဲ . . . ကျွန်တော် လိုက်ပို့ပေးမယ်လေ"

သူမက လက်ကာပြရင်း . . .

"ရပါတယ် . . ကျွန်မ သွားရမယ့်နေရာက ဝေးတယ် . . နေပါစေ . . ."

ကျွန်တော်ကလည်း ရတဲ့အခွင့်အရေးလေးကို လက်လွှတ်မခံတော့။ ထို့ကြောင့် . . .

"ဟာ . . . မဟုတ်တာဗျာ . . . ဘယ်လောက်ဝေးဝေး . . ကျွန်တော် လိုက်ပို့နိုင်ပါတယ် . . . ကျွန်တော်လည်း အားနေတာပဲ"

သူမ တစ်ချက်စဉ်းစားသွား၏။ ခဏကြာတော့ ဟိုကြည့် ဒီကြည့်လုပ်၍ ကျွန်တော့်ကားပေါ် တက်လာသည်။ ကျွန်တော်က . .

"ကဲ . . . လင်းသွဲ့ ဘယ်သွားမှာလဲ ပြော . . ."

"သန်လျင်ဘက်ကို . . ."

"သန်လျင် ဟုတ်လား . . ."

"ဟုတ်တယ် . . . ဘာလဲ လိုက်မပို့ချင်တော့ဘူးမလား"

မျက်စောင်းထိုးကာ ပြောလိုက်သော သူမ စကားကြောင့် ကျွန်တော် တစ်ချက်ပြုံးလိုက်ကာ . . . .

"မဟုတ်ရပါဘူးဗျာ . . . လင်းသွဲ့သွားချင်ရင် သန်လျင်တင်မကဘူး . . . လကမ္ဘာအထိပါ လိုက်ပို့ပေးမယ် . . ."

ကျွန်တော့်စကားကြောင့် သူမက ညှင်းသွဲ့သွဲ့ရယ်လိုက်

သည်။ ပြီးတော့ . . .

"ကျွန်မသွားမယ့်နေရာက ရှင်ရောက်ဖူးချင်မှ ရောက်ဖူးမယ် . . . ဒါပေမယ့် ရှင်ရောက်ရင် စိတ်ချမ်းသာသွားမှာပါ . . ."

ကျွန်တော် မျက်မှောင်ကြုတ်လိုက်ရင်း . . .

"ဘယ်နေရာလဲ . . . ကျွန်တော်အရင်ကတော့ သန်လျင် (GTC) ဘက်ကို သူငယ်ချင်းတွေဆီ သွားလည်ရင်း သုံးလေးခေါက် ရောက်ဖူးပါတယ် . . ."

"ဟုတ်လား . . . ဒါဆို အဆင်ပြေတာပေါ့ . . . ကျွန်မ သွားမယ့်နေရာကလည်း အဲဒီ့နားမှာပဲ . . ."

"ဪ . . ."

ကျွန်တော် ထိုသို့တစ်ချက်ပြောပြီး ဘာမှဆက်မမေးဖြစ်ပါ။ သူမကသာ စကားဆက်ပါသည်။

"အဲဒီ့နားမှာ ဆည်တစ်ခုရှိတာ သိလား . . ."

ကျွန်တော်က တစ်ချက်စဉ်းစားပြီး . . .

"ကြားတော့ ကြားဖူးတယ် . . . ဒါပေမယ့် အဲဒီ့ကျောင်းအထိလောက်ပဲ ရောက်ဖူးတယ် . . . ဆည်က ဘယ်နားမှာလဲ . . ."

"အဲဒီ့ GTC ကျောင်းကို ကျော်သွားတယ် . . . သိပ်သာယာတာပဲ . . . ကျွန်မက အရမ်းစိတ်ညစ်တဲ့အချိန်တွေဆို အဲဒီ့ကိုသွားတယ် . . . အရင်ကလည်း ရောက်ဖူးတယ် . . ."

ကျွန်တော် နည်းနည်းတော့ ထူးဆန်းသွားတယ်။ သူမ ပုံစံကြည့်ရတာလည်း သူမပြောသလို စိတ်ညစ်နေပုံရတယ်။ ပြီးတော့ မျက်နှာလေး ညှိုးနေသည်။ မတွေ့ရတဲ့ရက်ပိုင်းအတွင်း နည်းနည်းလည်း ပိန်သွားသည်။

ကျွန်တော် အလိုက်သိစွာပင် ဘာမှဆက်မမေးတော့ဘဲ ငြိမ်နေလိုက်သည်။ သူမကလည်း ဘာမှဆက်မပြောတော့ပါ။ ကား

ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးကြည့်နေရင်း လိုက်ပါလာတော့သည်။

ဘာတွေများ ဖြစ်နေလဲ ချစ်သူရယ် . . .။

ကျွန်တော့်စိတ်ထဲမှာ ရေရွတ်မိ၏။

ဖြစ်နိုင်လျှင် သူမ အခက်အခဲတွေအားလုံးကို ကျွန်တော် ဖြေရှင်းပေးချင်ပါတော့သည်။

☆ ☆ ☆ ☆ ☆

**လေညင်း** က ဆည်ရေပြင်ကိုဖြတ်၍ တိုက်ခတ်ကာနေ၏။ ဆည်ဘောင်ဘက်မှနေ၍ ရေပြင်ပေါ်သို့ ထိုးထားသော တံတားလေး ပေါ်မှာ ကျွန်တော်တို့ရပ်နေကြသည်။

ညနေချိုရီရောင်ခြည်သည် လင်းတပြပြနှင့် ဆည်ရေပြင် ပေါ်သို့ ထိုးကျကာနေသည်။ အနောက်ဘက် မိုးသားပြာပြာကြီး နောက်ခံနှင့် ငှက်တစ်အုပ်က လှပစွာပျံသန်းသွား၏။

ကျွန်တော် သူမကို လှမ်းကြည့်လိုက်သည်။ သူမ အဝေးကို ငေးမောနေတာ တွေ့ရ၏။ ငေးမောနေသော သူမ မျက်ဝန်းတွေက မှုန်ရီဝေဝါးကာနေသည်။

ကျွန်တော် ငြိမ်သက်စွာနေပေးနေသည်။ ခဏကြာတော့ တသုန်သုန်တိုက်ခတ်နေသော လေပြည်လေညင်းကြားမှ သူမ စကား သံ ညှင်းသွဲ့စွာထွက်လာ၏။

"ကိုမင်းသွေး . . ."

ကျွန်တော့်နာမည်ကို သူမ ပထမဆုံးခေါ်ခြင်းဖြစ်သည်။ ကျွန်တော်က . . .

တော်ဝင်မြို့မ စာအုပ်ငှားဆိုင်

"ဗျာ . . ."

"ကိုမင်းသွေး . . . ကျွန်မအပေါ် ကို ဒီနေ့ နည်းနည်းတော့ ထူးဆန်းနေမှာပေါ့ . . ."

ကျွန်တော် ပြုံးလိုက်ရင်း . . .

"အမှန်အတိုင်းပြောရရင်တော့ ဟုတ်တယ် . . . ဒါပေမယ့် လူဆိုတာ တစ်ခါတလေ ဒီလိုပဲ စိတ်ညစ်စရာတွေနဲ့ ရုတ်တရက် ကြုံတတ်ပါတယ် . . ."

သူမက ကျွန်တော့်စကားကြားတော့ သက်ပြင်းကို ချကာ

"ကျွန်မက ရုတ်တရက်ကြုံတာ မဟုတ်ဘူး . . ."

"ဗျာ . . . ဘယ်လို . . ."

ကျွန်တော် ပြန်မေးလိုက်သောအမေးကြောင့် သူမ ကမန်းကတန်း ကျွေဆယ်လိုက်ကာ . . .

"ထားပါ . . ဘာမှမဟုတ်တော့ပါဘူး . . ဒီနေ့ ကိုမင်းသွေး ကျွန်မကို လိုက်ပို့တဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ် . . . နောက်တော့ အဲဒီကျေးဇူးကို အခွင့်ကြုံရင် ပြန်ဆပ်ပါ့မယ် . . ."

ကျွန်တော်က ကမန်းကတန်း လက်ခါပြလိုက်ကာ . . .

"ဟာ . . . မဟုတ်တာ . . . ကျွန်တော်က စေတနာနဲ့ ကူညီတာပါ . . . ပြီးတော့ အခုလို အေးချမ်းသာယာတဲ့နေရာလေးကို ခေါ်လာတဲ့အတွက် လင်းသွဲ့ကိုတောင် ကိုယ်ကပြန်ပြီး ကျေးဇူးတင်ရဦးမှာပါ . . ."

သူမက ဘာမှမပြောဘဲ ငြိမ်နေသည်။ လေအဝှေ့မှာ သူမ ဆံနွယ်တွေ ဝဲခနဲ လွင့်ပျံကာသွား၏။ ညနေဆည်းဆာ၏အလှက သူမနှင့်ပေါင်းစပ်၍ ပို၍ပြည့်စုံကာသွားလေသည်။

ထို့နောက် သူမက ဆည်ဘောင်ပေါ် လမ်းလျှောက်ချင်တယ် ဆို၍ ကျွန်တော် ဘေးက လိုက်လျှောက်ပေးသည်။

တော်ဝင်မြို့မ စာအုပ်တိုက်

လမ်းလျှောက်ရင်းနှင့် သူမက . . .

"ကိုမင်းသွေး . . မောင်နှမ ဘယ်နှယောက်ရှိလဲ . . ."

"ကျွန်တော်က တစ်ဦးတည်းသော သားပါ . . ."

"ကျွန်မနဲ့ အတူတူပဲပေါ့ . . ."

"လင်းသွဲ့ကလည်း တစ်ဦးတည်းသော သမီးလား . . ."

သူမက ခေါင်းညိတ်ပြရင်း အဖြေပေးသည်။ ကျွန်တော်က ဆက်၍ . . .

"ဒါဆို လင်းသွဲ့ကို လင်းသွဲ့မိဘတွေက တော်တော်ချစ်မှာ ပဲနော် . . ."

လင်းသွဲ့က ဘာကြောင့်မှန်းမသိ ပြုံး၍ တခစ်ခစ်ရယ်သည်။ သူမ ရယ်လို့ရှိရင်လည်း တော်တော်ချစ်ဖို့ကောင်းသည်ဟု ထင်မိ၏။ သူမက အရယ်ဆုံးတော့ . . .

"ချစ်တာပေါ့ ကိုမင်းသွေးရဲ့ . . . ကျွန်မကိုဆို အိမ်က အရိပ်တကြည့်ကြည့်ပဲ . . ."

"ဒါများ လင်းသွဲ့ရယ် . . . ဘာစိတ်ညစ်စရာရှိလို့လဲ . . ."

ကျွန်တော်က သူမစိတ်ညစ်နေသည်ဟု ပြောတာကို ရည်ရွယ်၍ ပြောလိုက်ခြင်းပါ။ သူမက ကျွန်တော့်စကားကြောင့် ခပ်တွေတွေလေး တစ်ချက်ဖြစ်သွားကာ . . .

"ဒါကတော့ လောကကြီးမှာ အရာရာပြည့်စုံနေတဲ့လူဆိုလို့ ဘယ်သူမှမရှိပါဘူး ကိုမင်းသွေးရယ် . . . တစ်ခုပြည့်စုံရင် တစ်ခု လိုအပ်နေတာပါပဲ . . ."

ကျွန်တော့်စကားကြောင့် သူမ စိတ်ညစ်သွားမှန်းသိ၍ အားနာစွာနှင့် . . .

"ဆောရီးနော် . . . ကျွန်တော့်ကြောင့် စိတ်ညစ်သွားပြီ ထင်တယ် . . ."

တော်ဝင်မြို့မ စာအုပ်တိုက်

"ရပါတယ် . . . ဘာမှမဖြစ်ပါဘူး . . ."

ထိုအချိန်မှာ နေဝန်းက ဆည်ရေပြင်ကို နှုတ်ဆက်အလင်းတွေ ပေးနေလေပြီ။ မကြာမီ နေဝင်တော့မည်။ ညနေဆည်းဆာ၏ အလှက အခုမှပိုမိုလှပလာသည်ဟု ထင်ရသည်။

သူမက လမ်းလျှောက်နေရင်းနှင့် တစ်နေရာမှာ ရပ်လိုက်ကာ ရေပြင်ဘက်ကို မျက်နှာမူကာ ရပ်လိုက်သည်။ ထိုသို့ ရပ်ပြီးတော့ . . .

"ဒီနေရာလေးကို ကျွန်မ အရင်ကတည်းက ရောက်ဖူးတာ . . . ကျွန်မ မှတ်မိသေးတယ် . . . ပထမဆုံးစရောက်တဲ့နေ့က အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ ပျော်ပွဲစားလာရင်း ရောက်ခဲ့တာ . . . နောက်တော့ ဒီနေရာလေးကို ကျွန်မ အရမ်းနှစ်သက်သွားတယ် . . . နောက်ပိုင်း ကျွန်မ အဖေနဲ့အမေရယ် . . ပြီးတော့ ကျွန်မရယ် . . . ဦးကို နှစ်ခေါက်လောက် လာဖူးတယ် . . သူတို့က ကျွန်မကိုလိုက်ပို့တာလေ . . . နောက်တော့ စိတ်ညစ်လျှောင်ပိတ်နေတဲ့အချိန်တိုင်း ဒီနေရာလေးကို တစ်ယောက်တည်းလာတယ်"

သူမက စကားကိုရှည်လျားစွာပြောပြီး ခဏနားလိုက်သည်။ ပြီးတော့ တိတ်ဆိတ်ငြိမ်သက်စွာ ဆက်ရပ်နေသည်။ ကျွန်တော် သူမကိုကြည့်ပြီး စိတ်ထဲမှာ ဘယ်လိုကြီးဖြစ်နေမှန်းမသိပေ။

အမှန်အတိုင်း ပြောရရင် သူမ ခံစားနေရတာတွေကို မျှဝေခံစားချင်နေသည်။ သို့သော် သူများကိုယ်ရေးကိုယ်တာဖြစ်၍ သွားလည်းမမေးရဲ။ တော်ကြာ ယောက်ျားကြီးဖြစ်ပြီး စပ်စုတယ် ထင်သွားရင်မလွယ်။

ကေန္တ အိမ်က ယောက်ျားပေးစားနေလို့များလားမသိဘူးဟု လျှောက်တွေးကြည့်၏။

ဒါလည်း ဖြစ်နိုင်ချေနည်းသည်။ သူ့လိုမိန်းကလေးမျိုးက

အိမ်ကပေးစားတဲ့ယောကျ်ားကို ကိုယ်မနှစ်သက်ဘဲနဲ့ အလွယ်တကူ လက်ခံမယ့်အနေအထားမှာ မရှိ။

ဒါဆို ဘာဖြစ်မလဲဆိုတာတော့ မတွေးတတ်ပေ။

ကျွန်တော် စဉ်းစားနေချိန်မှာပင် နေလုံးက လုံးဝဝင်ရောက်ပျောက်ကွယ်သွား၍ တဖြည်းဖြည်းမှောင်ရိပ်က ကြီးစိုးလာသည်။ ထိုဆည်ပတ်ဝန်းကျင်တွင်လည်း တစ်ယောက်မှမရှိသောကြောင့် ကျွန်တော်တို့နှစ်ယောက်သာ ...

ကျွန်တော်က ယောကျ်ားလေးဆိုတော့ ပြဿနာမရှိ။ သူက မိန်းကလေးဖြစ်နေ၍ ကျွန်တော်က အားနာစွာနှင့် ...

"လင်းသွဲ့ မှောင်နေပြီ ... အိမ်က ဖြစ်ပါ့မလား .."

သူမက ကျွန်တော့်စကားကို မကြားသည့်အလား ဟိုးအဝေးကို ငေးနေ၏။ ကျွန်တော် သူမနားသို့ နည်းနည်းတိုး၍ ထပ်ပြောလိုက်သည်။

"လင်းသွဲ့ ... မှောင်နေပြီ ပြန်ကြမလား ..."

ထိုအခါကျမှ သူမ ဖြည်းဖြည်းချင်း လှည့်ကြည့်သည်။ ပြီးတော့ ...

"ကိုမင်းသွေး ပြန်ချင်ပြီလား ..."

ကျွန်တော်က လက်ကာပြရင်း ...

"ကျွန်တော်က ကိစ္စမရှိဘူး ... လင်းသွဲ့အတွက် ပြောတာပါ ..."

သူမက တည်တည်ငြိမ်ငြိမ်နှင့်ပင် ...

"ကျွန်မ ကြယ်တွေကြည့်ချင်သေးတယ် ..."

သူမ ပြောမှ ကျွန်တော် သတိထားမိသည်။ ကောင်းကင်မှာ ကြယ်ပွင့်လေးတွေ ဟိုတစ်ပွင့်၊ ဒီတစ်ပွင့် ပေါ်လာကြလေသည်။ လေပြည်ညင်းက သူနဲ့ကျွန်တော့်ကြား ဖြတ်တိုက်ကာသွား၏။

သူ့ဆီမှ အမွှေးရနံ့တချို့ကို ရှူရှိုက်မိသည်။

ညသည် လတစ်ခြမ်းအောက်တွင် တဖြည်းဖြည်းလှပကာ လာသည်။ ဒီညလေးသည် ကဗျာဆန်သည်။ ဒီညလေးသည် အချစ်ဆန်၏။ ကျွန်တော် သူမကို ဒီညလေးအောက်တွင် မြတ်မြတ်နိုးနိုး ချစ်သည်။

☆ ☆ ☆ ☆ ☆

သူမ မျက်ဝန်းတွေက ညအမှောင်မှာ ကောင်းကင်ကကြယ်လေးတွေနဲ့အပြိုင် လင်းလက်တောက်ပကာနေသည်။ ကျွန်တော်တို့က ဆည်ဘောင်ပေါ်က အုတ်ခုံတန်းလေးပေါ်မှာထိုင်ရင်း ကြယ်တွေကို ကြည့်နေကြသည်။ သူမက . . .

"ကြယ်တွေထဲမှာ ဘယ်ကြယ်က အရင်ဆုံးပေါ်လာတတ်လဲ"

ဟု မေး၏။ ကျွန်တော် သိသော်လည်း မသိချင်ယောင်ဆောင်၍ သူမကို ခေါင်းခါပြလိုက်တော့ . . .

"သောကြာကြယ် . . ."

ဟု သူမက ဆိုသည်။ ဟုတ်တာမဟုတ်တာတော့ ကျွန်တော်လည်း မသိပါ။ ပြီးတော့ မောင်ရင်ဆိုင်းထမ်းကြယ်ကိုသိလားဟု မေး၏။ ကျွန်တော်လည်း အမှန်အတိုင်းပြောရရင် ကြယ်တွေအကြောင်းကို သိပ်နားလည်လှတာ မဟုတ်ပေ။ ထို့ကြောင့် ခေါင်းသာဆတ်ပြပြီး သူ ပြောသမျှ နားထောင်နေလိုက်သည်။

"ဟိုမှာတွေ့တဲ့ ကြယ်အစုလေးကို တွေ့လား . . ."

ကျွန်တော် သူ လက်ညှိုးညွှန်ပြရာ ကောင်းကင်ကိုမော့

ကြည့်လိုက်သည်။ ကြယ်လေးနှစ်လုံးနှင့် ထိုကြယ်လေးနှစ်လုံးအလယ်မှာ ကြယ်အသေးလေးသုံးလုံးကို အလွှားလိုက်ဖြတ်၍ တန်းနေတာကို တွေ့ရသည်။ သူမက ဆက်ပြီး . . .

"အဲဒါ မောင်ရင်ဆိုင်းထမ်းကြယ်လို့ ခေါ်တယ် . . ."

"ဟုတ်လား . . ."

"အင်း . . . သူတို့က ရာဇဝင်နဲ့လေ . . ."

ဒီလိုနဲ့ ကြယ်လေးတွေကိုငေးရင်း သူမနဲ့ကျွန်တော့်အကြား ခေတ္တတိတ်ဆိတ်သွားသည်။ တစ်ချက်၊ တစ်ချက် သူမထံမှ အသက်ရှူသံကို ကြားနေရ၏။

ကျွန်တော် သူမကို လှည့်ကြည့်လိုက်သည်။ ထိုအချိန် သူမကလည်း ကျွန်တော့်ကို လှည့်ကြည့်တာနှင့် တိုက်ဆိုင်သွား၍ မျက်ဝန်းချင်းသွားဆုံကြ၏။

သူမ မျက်ဝန်းက တလက်လက်ပောက်ပနေကာ အရောင်တွေ စိုလဲ့နေသည်။ ကျွန်တော် မျက်လုံးချင်း မဖယ်မိပါ။ သူမကလည်း မျက်လုံးချင်းမလွှဲ။

ကျွန်တော့်ရင်ခုန်သံကို ကျွန်တော်ကြားနေရသည်။ ပြီးတော့ လည်ချောင်းဝမှာ တစ်စုံတစ်ရာတို့ ထိုးထွက်ချင်နေသလို တစ်စို့ကာနေသည်။ သူမက ကျွန်တော့်ကိုကြည့်ရင်း မျက်လွှာလေးချကာသွားသည်။ ပြီးတော့ နှုတ်ခမ်းတစ်စုံက ခပ်ညှင်းသွဲ့သွဲ့ တုန်ခါနေတာကို တွေ့လိုက်ရသည်။

"လင်းသွဲ့ . . ."

ကျွန်တော် သူမနာမည်ခေါ်လိုက်တော့ မျက်လွှာကို အသာမ,ကာ ကြည့်သည်။

"လင်းသွဲ့ကို ကျွန်တော် ချစ်တယ်ဗျာ . . ."

ပတ်ဝန်းကျင်သည် ခဏတိတ်ဆိတ်ကာသွားလေသည်။

သူမ ခေါင်းငုံ့ကာသွား၏။ လေပြည်လေညင်းတို့က ကျွန်တော်တို့အကြား ရှက်ရွံ့စွာ တိုးဖြတ်သွားကြ၏။

သူမ မျက်နှာလေးကို လရောင်အားကိုးနှင့် ကျွန်တော် ခေါင်းငုံ့ကာကြည့်သည်။ ကျွန်တော် လိုက်ကြည့်တော့ သူမ မျက်နှာလေးကို ယခင်ကထက် ပိုငုံ့လိုက်တာ တွေ့လိုက်ရတော့ . . .

"လင်းသွဲ့ . . . "

"ရှင် . . . "

ခေါင်းငုံ့နေရင်းမှ သူမ ထူးလိုက်ခြင်းပါ။

"ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင် . . . "

သူမ ခေါင်းကို ဖြည်းညင်းစွာ ခါပြပါသည်။ ခဏနေတော့ သူမ ခန္ဓာကိုယ်လေး တသိမ့်သိမ့်တုန်ခါလာတာ တွေ့လိုက်ရတော့

"လင်းသွဲ့ . . . လင်းသွဲ့ . . . ဘာဖြစ်တာလဲဟင် . . . "

". . . . . . . . . . "

". . . . . . . . . . "

"လင်းသွဲ့ . . ကိုယ့်ကို ပြောပါဦး . . . ဘာဖြစ်တာလဲဟင်"

သူမရဲ့ ညာဘက်တစ်ဖက်က ငုံ့ထားတဲ့မျက်နှာကို လှမ်းသုတ်လိုက်တာ တွေ့လိုက်ရတော့မှ . . .

"ဟာ . . . လင်းသွဲ့ ငိုနေတယ် ဟုတ်လား . . . လင်းသွဲ့ . . . လင်းသွဲ့ . . . ဘာလို့ငိုနေတာလဲ . . . ကိုယ့်ကို . . . ကိုယ့်ကို"

ကျွန်တော့်စကားမဆုံးလိုက်ခင် သူမ ခန္ဓာကိုယ်လေး ကျွန်တော့်ပခုံးပေါ် မှီကျလာပါတော့သည်။ ကျွန်တော် အလိုက်သင့် ထွေးပွေ့ထားရင်း . . .

"လင်းသွဲ့ . . . ဘာလို့ငိုနေတာလဲ . . . ကိုယ့်ကို ပြောပြပါ လင်းသွဲ့ရယ် . . . ကိုယ် လင်းသွဲ့ရဲ့ဘယ်အခက်အခဲကိုမဆို ဖြေရှင်းပေးပါ့မယ် . . . "

သူမက ကျွန်တော့်ရင်ခွင်ကြားမှ ဦးခေါင်းကို ခါရမ်းကာပြ၏။ ပြီးတော့မှ ခပ်တိုးတိုး အသံလေးတစ်ခု ထွက်ကာလာသည်။

"ကိုနဲ့ အစောကြီးကတည်းက မဆုံဖြစ်ခဲ့ရင် ကောင်းမယ် . . . ကောင်းမယ်နော် . . . . "

ထို့နောက် သူမ သည်းသည်းမည်းမည်းငိုပါလေတော့သည်။ သူမ၏ ရှိုက်သံလေးတွေနဲ့အတူ နှင်းစက်တို့ ကျွန်တော်တို့ ခန္ဓာကိုယ်ပေါ် တသဲသဲ ရွာချကြ၏။ ဆောင်းနှင်းရာသီသည် တဖြည်းဖြည်း အေးမြလာသည်။

သူမ ငိုရှိုက်နေဆဲ . . .

တစ်စုံတစ်ခုသောအကြောင်းအရာတော့ သူမမှာရှိနေပြီဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပြီ။

သို့သော် ကျွန်တော့်ဘေးနားမှာ သူရှိနေ၍ ဘယ်အကြောင်းအရာတွေကိုမှ ကျွန်တော် ဂရုမစိုက်တော့။

ကျွန်တော့်အတွက် အရာရာကို ရင်ဆိုင်ဖို့ သူ တစ်ယောက်သာလိုပါတော့သည်။

☆ ☆ ☆ ☆ ☆

**ကျွန်တော်**တို့အပြန်လမ်းသည် တိတ်ဆိတ်ငြိမ်သက်ကာ နေသည်။ သူမက ကျွန်တော့်ပခုံးလေးကို မှီရင်းလိုက်လာ၏။ ကျွန်တော်လည်း စကားမပြောဖြစ်သလို သူလည်း စကားမပြောဖြစ်။ သူကတော့ ဘာတွေတွေးပြီး လိုက်လာလည်းတော့ မသိပေ။ ကျွန်တော်ကတော့ ကားကို ဂရုတစိုက်မောင်းနေရ၍ တစ်ကြောင်း၊ နောက်ပြီး သူမအကြောင်းကို တွေးနေမိသောကြောင့်တစ်ကြောင်း စကားမပြောဖြစ်။

ကျောက်တန်း-ရန်ကုန်လမ်းမကြီးက လူရှော၊ ကားပါ လုံးဝ ရှင်းလင်းသွားပြီဖြစ်သည်။ လမ်းဘေးဝဲယာကွင်းပြင်များဆီမှ ပိုးကောင်လေးများအော်သံကို တစ်ချက်တစ်ချက် ကြားနေရ၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီနေ့ပြောမပြတတ်အောင် ပျော်သည်။ ကျွန်တော် သိပ်ချစ်ရသောကောင်မလေးနှင့်လည်း ချစ်သူဖြစ်ခွင့်ရသလို စစချင်း ချစ်သူဖြစ်သည့်နေ့မှာပဲ အခုလို လွတ်လွတ်လပ်လပ်သွားလာလိုက်ရသောကြောင့် ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံကြပုံကလည်း ဆန်းကြယ်

သလို၊ ကျွန်တော်တို့နှစ်ယောက် ချစ်ကြပုံကလည်း အများနဲ့မတူ ဆန်းကြယ်သည်ဟု ဆိုရမည်။ အကယ်၍သာ ဒီနေ့ သူမအိမ်ရှေ့ကို ကျွန်တော် မရောက်ခဲ့ရင် ချစ်သူဖြစ်ခွင့်ရဖို့ ဘယ်အချိန်ကာလအထိ ကြာရှည်ဦးမည်မသိသေး။ ဒါကလည်း အစကတည်းက ကလူ၏သို့ မြူ၏သို့လုပ်နေသည်က ကံကြမ္မာတရားကလည်း ကလူကျီစယ်လိုက်တာ ဖြစ်ပေလိမ့်မည်။

သူမက ကျွန်တော့်ပခုံးလေးကို မှီထားရင်းနှင့် . . .

"ကို . . ."

"ဟင် . . ."

"ကို . . . သွဲ့ကို ဘာလို့ချစ်တာလဲဟင် . . ."

"အဲဒါဆို သွဲ့ကလည်း ကိုယ့်ကိုဘယ်လိုချစ်သွားတာလဲ"

သူမက ကျွန်တော့်လက်မောင်းလေးကို ဆိတ်ဆွဲလိုက်ကာ

"လူလည်မကျနဲ့ . . . ဒီက အဲဒီမေးခွန်းကို စမေးတာ . . ကို အရင်ဖြေ . . ."

ကျွန်တော် ရယ်လိုက်ရင်း . . .

"ဘယ်ကဘယ်လို ချစ်သွားတာလဲဆိုတာတော့ ကိုယ်လည်း အသေအချာမပြောတတ်ဘူး . . . ဒါပေမယ့် ကိုယ့်စိတ်ကိုယ်သိလိုက်ရတဲ့အချိန်မှာ လင်းသွဲ့ကို ကိုယ်အရမ်းချစ်မိနေပြီဆိုတာပဲ . . ."

ကျွန်တော့်စကားဆုံးတော့ သူမက ကျွန်တော့်ပခုံးလေးကို ပိုမိုတင်းကျပ်စွာ မှီလိုက်သည်။ ကျွန်တော်က . . .

"လင်းသွဲ့က ကျတော့ရော . . ."

"ပြောပြဘူး . . ."

"အာ . . . လူလည်မကျနဲ့ကွာ . . . ပြောပြ . . ."

"မပြောပြပါဘူးဆို . . ."

သူမ ညစ်နေတာပါ။ ကျွန်တော် သိတာပေါ့ . . . မပြော

လည်း နေပါစေလေ။ လူတစ်ယောက်လုံးပေါင် ရင်ခွင်ထဲရောက် နေပြီး ချစ်သူရည်းစားတွေတောင် ဖြစ်နေပြီပဲ . . . ဘယ်အချိန်က တည်းက စချစ်နေတာလဲဆိုတာ မေးစရာမလိုတော့ပေ။

ထိုအချိန်မှာ ဘာဖြစ်မှန်းမသိဘဲ ကျွန်တော့်ကားရဲ့ ဒက်ရှ် ဘုတ်အောက်က ဒိုင်ခွက်တွေ အကုန်လင်းလာသည်။ တစ်ခုခုတော့ ဖြစ်ပြီဆိုတာ ကျွန်တော်သိလိုက်ကာ ရင်ထိတ်သွားသည်။ သူမလည်း ဒါကိုသိ၍ ချက်ချင်းထလိုက်ကာ . . .

"ကို . . . ကားက ဘာဖြစ်တာလဲဟင် . . ."

"သိဘူး . . မောင်းနေရင်း အကောင်းကြီးကနေ . . ."

ကျွန်တော်ပြောလို့ စကားမဆုံးသေး။ ကားက လမ်းတစ် နေရာမှာ ထိုးရပ်ကာသွား၏။ ကျွန်တော် ကားစက်ပြန်နှိုးကြည့်သည်။ မရတော့။ ကျွန်တော် ကားအောက်ကိုဆင်းပြီး ရှေ့ဖုံးကိုဆွဲလှန်ကာ အင်ဂျင်ခန်းကို ဖွင့်လိုက်တော့ ဝါယာညှော်နံ့က ထောင်းခနဲထကာ သွားသည်။

ကားက ဝါယာရှော့ခ်ဖြစ်လေပြီ။ ကျွန်တော် ဒေါသထွက်စွာ တောက်တစ်ချက် ခေါက်ရင်း . . .

"သွားပြီ သွဲ့ရေ . . . ကားက ဝါယာရှော့ခ်ဖြစ်သွားပြီ . ."

သူမက အောက်ဆင်းလာပြီး အင်ဂျင်ခန်းကို လာကြည့်၏။ ပြီးတော့ နှာခေါင်းလေး ရှုံ့ပွ ရှုံ့ပွလုပ်ကာ . . .

"ဟုတ်ပ . . ဝါယာရှော့ခ်ဖြစ်သွားတာ . . ဒါဆို ဘယ်လို လုပ်မလဲ . . . ကို . . ."

ကျွန်တော်လည်း ဘယ်လိုလုပ်ရမှန်းမသိပေ။ ဆီပျောက်၊ မီးပျောက်လောက်တော့ ကိုယ်က လုပ်တတ်သည်။ အခုဟာက ဝါယာ ရှော့ခ်ထဖြစ်တာဆိုတော့ ဘာမှမလုပ်တတ်တော့။

ဒီနားမှာလည်း ဒီလိုကားမျိုးတွေလုပ်သည့် ဝပ်ရှော့လည်း

တော်ဝင်မြို့မ စာအုပ်တိုက်

မရှိ။ ပြီးတော့ ဝါယာရိန်းလိုက်တယ်ဆိုတာလည်း ဝပ်ရှော့တိုင်းမှာ လုပ်လို့ရတဲ့ကိစ္စလည်း မဟုတ်ပေ။

အခုမှ ဒုက္ခရောက်ပြီ။ ငါးပါးပါမှောက်ပြီ။ ဖြတ်သွားဖြတ်လာ ကားကလည်း အခုထိ တစ်စီးမှလာတာမတွေ့ရ။

ကျွန်တော် ကောင်မလေးမျက်နှာကို အကဲခတ်လိုက်သည်။ စိတ်ပူနေဟန်ပေါက်နေသော်လည်း လမ်းမှာ ကိုယ်စီးလာတဲ့ကား ပျက်သွားလို့ စိတ်ညစ်တာလောက်ပဲရှိ၏။ သိပ်ထူးထူးခြားခြားကြီး ပျာယာခတ်မနေပေ။

ကျွန်တော်က . . .

"လင်းသွဲ့ . . . ဒီနားမှာတော့ ဘာမှရှိမှာမဟုတ်ဘူး . . ရှိမယ့်ရှိရင် သန်လျင်မြို့ပေါ် လောက်မှာပဲ ရှိနိုင်တယ် . . . ဒါတောင် မသေချာဘူး . . . အချိန်က တော်တော်နောက်ကျနေပြီ . . ."

သူမကလည်း ကျွန်တော့်စကားကို နားလည်သည့်အလား ခေါင်းညိတ်ပြ၍ . . .

"ဒါတော့ ဘယ်တတ်နိုင်မလဲ ကိုရယ် . . . ဖြစ်ချင်လို့ဖြစ်သွားတာမှ မဟုတ်တာ . . ."

"ဒါဆို လင်းသွဲ့ ကားထဲဝင်ထိုင်နေလေ . . . အပြင်မှာ အေးတယ် . . ."

သူမက ခေါင်းညိတ်ပြရင်း ကားထဲမှာဝင်ထိုင်နေသည်။ ကျွန်တော်ကတော့ ဘာမှလုပ်မရတော့တဲ့ကားကို ရှေ့ဖုံးပြန်ပိတ်၍ ဘောနက်ဖုံးပေါ်မှာပဲ ငုတ်တုတ်ထိုင်နေရင်းလာမည့်ကားကြုံကိုသာ မျှော်နေမိတော့သည်။

ခဏနေတော့ ကတ္တရာလမ်းအတိုင်း မောင်းလာသော ထော်လာဂျီတစ်စီးကို လှမ်းတွေ့ရ၍ အကူအညီတောင်းဖို့ စဉ်းစားလိုက်သည်။ ထော်လာဂျီက ကျွန်တော်တို့နားရောက်လာ၍ လှမ်းတား

တော်ဝင်မြို့မ စာအုပ်တိုက်

လိုက်ကာ အကျိုးအကြောင်းပြောကာ အကူအညီတောင်းလိုက်သည်။

ထော်လာဂျီသမားကလည်း သဘောကောင်းသည်။ သူက ဒီနားက ရွာမှာနေကြောင်းနှင့်ကားကို ရွာထဲဆွဲသွားချင်လျှင် သူ့ကားနှင့် ဆွဲသွားပေးမည့်အကြောင်း ပြော၏။

ကျွန်တော်က ပထမတော့ ကားကိုဆွဲသွားမလို့ စဉ်းစားသော်လည်း နောက်တော့ ထိုအကြံကို ပယ်ဖျက်လိုက်သည်။ အကယ်၍ နောက်နေ့မှ ကားကိုဆွဲယူသွားရလျှင် ရွာထဲက တစ်ဖန်ပြန်ဆွဲနေရလိမ့်မည်။ ထို့ကြောင့် ကားကိုလမ်းဘေးနား တွန်းရပ်ခဲ့ပြီး တံခါးတွေ သေချာပိတ်ကာ ရွာထဲကို လူချည်းသက်သက် လိုက်သွားဖို့ ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် လင်းသွဲ့ဆီသို့ ကျွန်တော် လှမ်းသွားလိုက်ကာ

"လင်းသွဲ့ . . . ကိုတို့ ဒီနေရာမှာထက်စာရင် ရွာထဲသွားပြီး တစ်အိမ်အိမ်မှာ အကူအညီတောင်းပြီးနေရင် ပိုကောင်းမယ် . . . ကိုက ပြဿနာမရှိဘူး . . . လင်းသွဲ့က မိန်းကလေးဆိုတော့ ဒီမှာ ညဉ့်နက်သန်းခေါင်ထိနေလို့ မသင့်တော်ဘူး . . . ပြီးတော့ ရွာထဲမှာကားငှားလို့ရရင် ရမှာလေ . . ."

လင်းသွဲ့က ကျွန်တော့်စကားကို မငြင်းပါ။ ထို့ကြောင့် ခေါင်းညိတ်ပြပြီး ကားပေါ်ကဆင်းလာသည်။ ပြီးတော့ ကားကိုလမ်းဘေးနားတွန်းကပ်၍ ကားတံခါးတွေကို သေသေချာချာပိတ်ပြီး ထော်လာဂျီနှင့်ရွာထဲသို့ လိုက်လာခဲ့တော့သည်။

ကျွန်တော် ထော်လာဂျီပေါ်ရောက်တော့ သူမကို လှမ်းကြည့်လိုက်ရာ ပြုံးပြုံးရွှင်ရွှင်ပင် ပါလာသည်။ ဒီလိုမျိုး သွားရလာရတာကို ပျော်နေသလားတောင် မသိပေ။ ကျွန်တော်က . . .

"လင်းသွဲ့ . . ."

"ဟင် . . ."

"လင်းသွဲ့ စိတ်ညစ်နေလားဟင် . . ."

"မညစ်ပါဘူး ဘာလို့လဲ . . ."

"ဘာမှမဟုတ်ပါဘူး . . . ကိုယ်က လင်းသွဲ့ကို အားနာလို့ မေးကြည့်တာပါ . . ."

သူမက ရယ်ပြုံးပြုံးလေးလုပ်၍ ခေါင်းခါပြရင်း . . .

"သွဲ့က ပိုတောင်ပျော်နေတာ . . . ပြီးတော့ ဒီလိုမျိုး စိတ်လွတ်ကိုယ်လွတ် မပျော်ရတာ ကြာပြီ . . ."

သူမ စကားဆုံးတော့ ကျွန်တော် တစ်ခုသတိရသွားဟန်နှင့် . . .

"လင်းသွဲ့အိမ်ကမေးရင် ဘယ်လိုပြောမလဲ . . ."

သူမက ကျွန်တော့်အမေးကို တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေ၏။

"သူငယ်ချင်းတွေနဲ့ သွားတယ်ပြောလိုက်မှာပေါ့ . . ."

"အခု လင်းသွဲ့ထွက်လာတော့ ဘယ်လိုပြောခဲ့လဲ . . ."

"ဘယ်လိုမှ မပြောခဲ့ဘူး . . . ခိုးထွက်လာတာ . . ."

"ဟင် . . . ခိုးထွက်လာတာ . . . ဟုတ်လား . . ."

"ဟုတ်တယ်လေ . . . ခိုးထွက်လာတာပေါ့ . . ."

အဲဒါကြောင့် ကျွန်တော် သူမကို စစတွေကချင်း မူပျက်နေတာဟု တွေးမိ၏။

"ဒါဆို ကိုယ်နဲ့မတွေ့ရင် လင်းသွဲ့ ဘယ်လိုလုပ်မလဲ . . ."

"ကကငှားပြီး လာမှာပေါ့ . . ."

"ဟာ . . . ကားငှားပြီးလာရင် ဒီအချိန်ကြီး ဘယ်လိုပြန်မလဲ . . ."

"ဩော် . . . ကိုရယ် . . . တွေးပြီး စိတ်ပူတတ်ပြန်ရော . . . ကားငှားပြီးလာမှတော့ အခုလို ညကြီးမိုးချုပ်အထိ နေမလား"

"ဒါဆို အခုလိုနေတာ ကိုယ်ပါလို့ပေါ့ ဟုတ်လား . . ."

သူမ ရှက်ပြုံးလေးပြုံးရင်း ခေါင်းညိတ်ပြသည်။

ကျွန်တော် သူမလက်ကလေးကို ဆုပ်ကိုင်လိုက်ရင်း . . .

"အဲဒါ ဘာလို့လဲ ဟင် . . ."

"ပြောတတ်ဖူး . . . ကို့ကို သွဲ့ယုံကြည်လို့ပဲ ဖြစ်မှာပေါ့ . ."

ကျွန်တော် ဘာမှဆက်မမေးဖြစ်တော့ပါ။ ထိုအချိန်မှာ ထော်လာဂျီက ရပ်သွား၍ ဖြစ်သည်။ ကားဆရာက ရှေ့ခန်းမှ ဆင်းလာ၍ . . .

"ဒါ ကျွန်တော့်အိမ်ပဲ ခဏဆင်းကြပါဦး . . . ကျွန်တော် ရွာထဲသွားပြီး ကားသွားမေးပေးမယ် . . ."

ထို့နောက် ကားဆရာခေါ်ရာနောက်သို့ ကျွန်တော်လိုက်ခဲ့သည်။ အိမ်လေးက သပ်သပ်ရပ်ရပ်နှင့် ချစ်စရာလေးဖြစ်၏။ အိမ်ရှေ့ကွက်လပ်လေးမှာ မီးဖိုထားပြီး အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက် ထိုင်ရင်း မီးလှုံနေကြသည်။

ကားဆရာမိတ်ဆက်ပေးမှုကြောင့် အမျိုးသမီးငယ်က သူ့မိန်းမဟု သိရပြီး အဘိုးကြီး၊ အဘွားကြီးကတော့ သူ့အဖေနှင့်အမေဟု သိရသည်။ သူကပင် ဆက်ပြီး ကျွန်တော်တို့ ကြုံတွေ့လာရတာတွေကို ရှင်းပြသည်။

အဘိုးကြီး၊ အဘွားကြီးရော၊ သူ့မိန်းမပါ သဘောကောင်းကြပါသည်။ ကျွန်တော်တို့ကို ဝမ်းသာအယ်လဲ ကြိုဆို၍ ထိုမီးဖိုဘေးမှာတင် နေရာထိုင်ခင်းပေးသည်။

တစ်လမ်းလုံး ချမ်းချမ်းစီးစီးဖြစ်နေတာ မီးဖိုရှေ့ရောက်မှ အတော်နွေးထွေးကာ သွား၏။ ခဏနေတော့ ကားဆရာက ရွာထဲသွားပြီး ကားသွားမေးကြည့်ဦးမည်ဟုပြောကာ ထွက်သွားပါတော့သည်။

ထို့နောက် ကျွန်တော်တို့ အိမ်ရှင်မိသားစုနှင့်စကားစမြည်ပြောဖြစ်ကြသည်။ ပွင့်လင်းရိုးသားသော ရွာသူရွာသားများဖြစ်၍ ခင်မင်ဖို့အလွန်ကောင်း၏။ ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် စားစရာတွေချပေးသည်။ ထန်းလျက်နဲ့လက်ဖက်သုတ်၊ ပြီးတော့ ရေနွေးကြမ်း။

ကျွန်တော်တို့ စားရင်းသောက်ရင်းနှင့် စကားကောင်းနေစဉ် ကားဆရာ ပြန်ရောက်လာသည်။ မျက်နှာ သိပ်မကောင်း . . .

"ရွာထဲက ကားတွေက ဒီည ကျောက်တန်းဘက်မှာ ကုန်သွားသယ်ရင် ဟိုမှာ ညအိပ်ကြမယ်တဲ့ . . . လိုချင်ရင်တော့ မနက်ငါးနာရီလောက်မှ ရောက်မယ်ပြောတယ် . . ."

ကျွန်တော်နဲ့လင်းသွဲ့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း သက်ပြင်းကိုချမိ၏။ အခုမှတော့ ဘာမှမတတ်နိုင်တော့ပေ။

လင်းသွဲ့က ကျွန်တော် သူ့အတွက်ကြောင့် အနေရခက်သွားမှာစိုး၍ထင်သည်။ ချက်ချင်း ညှိုးနွမ်းသွားတဲ့မျက်နှာကို အပြုံးရိပ်တင်လိုက်ကာ . . .

"ငါးနာရီလောက်ဆိုလည်း မဆိုးပါဘူး . . . မနက်လင်းမှဆိုတော့ ပိုတောင် အဆင်ပြေပါသေးတယ် . . . နောက်ပြီး ကျွန်မတို့ကားကလည်း ဒီမှာတင် ပျက်နေတာဆိုတော့ ဝပ်ရှော့တွေ၊ ဘာတွေဝင်ပြောခဲ့လို့ ရတာပေါ့ . . ."

ကျွန်တော် ဘာမှဝင်မပြောဘဲ အသာငြိမ်နေလိုက်၏။ အိမ်ရှင်အဘွားကြီးမှ ဝင်၍ . . .

"ဒီလိုဆို သမီးတို့၊ သားတို့ ဒီည ဒီမှာနေကြလေ . . . အမေတို့အိမ်မှာက ဒီလူလေးယောက်ပဲ ရှိတာပါ . . . ဒီသမီးလေးက အမေ့ချွေးမနဲ့အတူ အိပ်ပေါ့ . . ."

တော်ဝင်မြို့မ စာအုပ်တိုက်

ကျွန်တော် အားနာသည့်ကြားမှပင် ကျေးဇူးတင်သွားမိသည်။ ဒီအချိန်မှာ ဒီလိုစီစဉ်ရုံမှတစ်ပါး အခြားမရှိတော့ပေ။

ဤသို့ဖြင့် ထိုညသည် အဲဒီအိမ်မှာပဲ ကျွန်တော်တို့ နေဖြစ်လိုက်ကြသည်။ အိမ်ရှင်တွေကလည်း ကျွန်တော်တို့ကို သမီးရည်းစားစုံတွဲမှန်း ရိပ်မိနေဟန်ရှိသည်။ ထို့ကြောင့် အလိုက်သိစွာပင် အိပ်ရာခင်း ပြင်ပေးဦးမယ်ဆိုပြီး ရှောင်ပေးသွားကြ၏။

သူတို့အိမ်ထဲဝင်သွားတော့ ကျွန်တော်နဲ့လင်းသွဲ့သာ မီးပုံဘေးမှာ ကျန်ခဲ့သည်။

ကျွန်တော်က ကောင်မလေးမျက်နှာကို မီးရောင်အောက်တွင် ကြည့်ပြီး . . .

"လင်းသွဲ့ . . ."

"ရှင် . . ."

"ကိုယ့်ကို နားလည်ပေးတဲ့အတွက် ကျေးဇူးပါ . ."

သူမ ဘာမှမပြောပါ။ ကျွန်တော့်လက်မောင်းလေးကိုသာ ဖက်ရင်း မှီထားပါသည်။

ဆောင်းညသည် မီးပုံမှအပူရှိန်ကြောင့် နွေးနွေးလေးဖြစ်နေပါတော့သည်။

☆ ☆ ☆ ☆ ☆

**နောက်** တစ်ရက်ကြာတော့ ကျွန်တော့်ဆီကို သူ့ဆီမှဖုန်းလာ၏။ သူ့မိဘနှစ်ပါးက ကျွန်တော်နဲ့တွေ့ချင်တယ်ဟုဆို၍ ဖြစ်သည်။ အကျိုးအကြောင်းမေးကြည့်တော့ ထိုနေ့ညက သူ ကျွန်တော်နဲ့ရှိနေတာကို သူ့မိဘတွေက သိသွားသည်ဟု ပြောသည်။ ကျွန်တော့်ရင်ထဲ ဒိန်းခနဲဖြစ်သွားကာ . . .

"လင်းသွဲ့ပြောတော့ သူငယ်ချင်းတွေနဲ့ သွားနေတာလို့ ပြောလိုက်မယ်ဆို . . ."

"အို . . . ကိုကလည်း သွဲ့လည်း အဲလို ပြောမလို့ပဲ . . . ဒါပေမယ့် သွဲ့ပျောက်သွားပြီးတော့ မကြာခင်ပဲ သူတို့သိသွားတော့ သွဲ့သူငယ်ချင်းတွေဆီ ဖုန်းဆက်မေးတာပေါ့ . . . အဲဒီမှာတင် သူငယ်ချင်းတွေနဲ့သွားတာမဟုတ်ဘူးဆိုတာ သိသွားတာပေါ့ . . . အဲဒါနဲ့ သွဲ့လည်း အမှန်အတိုင်း ပြောလိုက်ရတာ . . ."

"အဲဒီတော့ ဘာပြောလဲ . . ."

"ကိုနဲ့တွေ့ချင်တယ်ပြောတယ် . . ."

ကျွန်တော့်ရင်ထဲမှာ ဘုရားတနေမိသည်။ သူနဲ့ကျွန်တော်

ထိုနေ့ညက ရိုးရိုးသားသားပြန်ခဲ့ကြတယ်ဆိုတာ မှန်သော်လည်း သူ့မိဘတွေက ယုံချင်မှယုံမည်။ တော်ကြာ ပြဿနာတွေဘာတွေရှာပြီး ကျွန်တော့်မိဘတွေဆီပါ အကြောင်းကြားတာတို့၊ ဘာတို့ဖြစ်လာရင် ခက်ပြီ။

သို့သော် သူမကတော့ စိတ်ပူစရာမရှိကြောင်း အထပ်ထပ်ပြော၏။ သူ့မိဘတွေက သူ့ကို အရမ်းချစ်၍ အလိုလိုက်ကြောင်း၊ နောက်ပြီး သူ့ဘဝတွင် ယောကျ်ားလေးနဲ့ပတ်သက်လို့ အိမ်ကို ဖွင့်ပြောတာ ဒီတစ်ခါ ပထမဦးဆုံးပင်ဖြစ်ကြောင်း ပြောပြ၏။

ကျွန်တော် ဘာမှဆက်မမေးတော့ဘဲ သူမအိမ်သို့ ထွက်ခဲ့ပါတော့သည်။ ဟိုရောက်တော့ သွဲ့ပြောတာမှန်သည်။ သူ့မိဘတွေက အေးအေးချမ်းချမ်းပင် ကြိုဆိုပါသည်။ လင်းသွဲ့က ခြံထိပ်က ထွက်စောင့်နေပြီး သူမကပင် ဦးဆောင်၍ ဧည့်ခန်းသို့ခေါ်သွား၏။ ဧည့်ခန်းရောက်တော့ သူ့မိဘတွေက . . .

"လာထိုင် . . . မောင်မင်းသွေး , . . "

ဟု ဖိတ်ခေါ်သည်။ ကျွန်တော် သူတို့နှင့်မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

"ဘာသောက်မလဲကွဲ့ . . . "

သူမအမေက မေးတော့ . . .

"ရပါတယ် အန်တီ . . . အဆင်ပြေတာသာ လုပ်ပါ . . "

ထို့နောက် လင်းသွဲ့က အအေးတစ်ခွက်ဖျော်ကာ လာချပေး၏။ ပြီးတော့ ခပ်လှမ်းလှမ်းကခုံမှာ သွားထိုင်နေသည်။ လင်းသွဲ့၏ မိဘနှစ်ပါးစလုံး ကျွန်တော့်ရှေ့တွင် ရှိနေကြသော်လည်း လင်းသွဲ့အဖေက အခုထိ ဘာစကားမှ ဝင်မပြောသေးပေ။ လင်းသွဲ့အမေကသာ စကားကိုဦးဆောင်ပြီး ပြောနေသည်။

"ဟိုနေ့က သမီးနဲ့အတူရှိနေတာ မောင်မင်းသွေးနဲ့ဆို"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်တော့ . . .

"အေးကွယ် . . . သမီး ပြောပြလို့ အန်တီတို့ အားလုံးသိပြီးပါပြီ . . . မောင်မင်းသွေးကိုလည်း အခုလို မိကောင်းဖခင် သားသမီးပီပီ အဲဒီနေ့က တစ်ညလုံး သမီးလေးကို အစ်ကိုတစ်ယောက်လို စောင့်ရှောက်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် . . ."

"ဟုတ်ကဲ့ . . . ရပါတယ် ခင်ဗျာ . . ကျွန်တော်နဲ့လင်းသွဲ့ကလည်း အရင်ကတည်းက ခင်မင်ပြီးသားပါ . . ."

အန်တီက ခေါင်းညိတ်ပြ၍ . . .

"အန်တီ သားတို့အခြေအနေကို အားလုံးသိပြီးပါပြီ . ."

"ဗျာ . . ."

အန်တီက ကျွန်တော့်စကားအဆုံးတွင် လက်ကာပြကာ . .

"အန်တီကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်ကွဲ့ . . ကြိုက်ရင်ကြိုက်တယ် . . . မကြိုက်ရင် မကြိုက်ဘူးပဲ . . . အဲ . . . မောင်မင်းသွေးမိဘတွေကိုလည်း အန်တီ သိပါတယ် . . . မောင်မင်းသွေးနဲ့ဆို အန်တီတို့ဘက်က ကန့်ကွက်စရာမရှိပါဘူးကွဲ့ . . . ဒါပေမယ့် တစ်ခုတော့ ရှိတယ် . . ."

အဘွားကြီးကပြောပြီး စကားကိုခဏရပ်သည်။ ကျွန်တော်က စကားထောက်ပေးသည့် အနေနှင့်ဝင်၍ . . .

"ဟုတ်ကဲ့ . . . ပြောပါ အန်တီ . . ."

"တခြားဟာတော့ မဟုတ်ပါဘူး . . . အန်တီ့သမီးလေးကို မောင်မင်းသွေးဘက်က စိတ်ချမ်းချမ်းသာသာ ထားပေးဖို့ပါ . . . ပြီးတော့ သမီးက တစ်ခါတလေ ကလေးဆန်တယ်ကွဲ့ . . . မောင်မင်းသွေးဘက်က သမီးကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးပါ . . ."

"ဟုတ်ကဲ့ပါ . . အန်တီ . . . စိတ်ချပါ ခင်ဗျာ . . ."

"အေး အေး . . . အန်တီပြောချင်တာ ဒါပါပဲ . . . တဲ့ ကဲ . . စကားပြောကြဦး . . . အန်တီတို့က သွားစရာရှိသေးလို့ ခွင့်ပြုပါဦး . . ."

အဘွားကြီးစကားဆုံးတော့ အဘိုးကြီးကပါ ထရပ်၍ ကျွန်တော်လည်း မတ်တတ်ရပ်ကာ နှုတ်ဆက်လိုက်သည်။ ခဏနေတော့ သူတို့ထွက်သွား၍ ကျွန်တော်နဲ့လင်းသွဲ့သာ ဧည့်ခန်းထဲ ကျန်ခဲ့၏။ ကျွန်တော်လည်း အခုမှလွတ်ကျွတ်လျက် ဝမ်းသာနိုင်သွား၍ လင်းသွဲ့ လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ . . .

"ပျော်လိုက်တာ လင်းသွဲ့ရယ် . . . ယောက္ခမကြီးက တော်တော်သဘောကောင်းတာပဲနော် . . ."

လင်းသွဲ့က ကျွန်တော့်ရင်ဘတ်ကိုထုကာ မျက်စောင်းထိုးပြီး . . .

"သိပ်မကဲနဲ့ . . . အိမ်မှာ ခိုင်းတဲ့ကောင်မလေးရှိတယ်"

သူ ပြောမှ အနောက်ဘက်ကို လှည့်ကြည့်လိုက်ရာ ခန်းဆီးလိုက်ကာကလေး မသိမသာ လှုပ်သွားတာ တွေ့လိုက်ရသည်။

ကျွန်တော် ပြုံးမိလိုက်ပါသည်။

☆ ☆ ☆ ☆ ☆

ချစ်သူ ၊၊ တွေဖြစ်သွားပြီဆိုတော့ သူနဲ့ကျွန်တော် တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြ၏။ သူ ဆေးရုံသွားတဲ့နေ့တွေဆို ကျွန်တော်လိုက်ပို့သည်။ ဆေးရုံကပြန်လျှင် သွားကြို၏။ နိုက်ဂျူတီကျတဲ့ရက်တွေဆို တစ်ခါတလေ ကျွန်တော် ညလုံးပေါက်ဆေးရုံမှာ သွားစောင့်ပေးသည်။ ကျွန်တော့်ကိုကြည့်၍ သူငယ်ချင်းတွေက . . .

"မင်းက ရူးမယ့်ရူးတော့လည်း မယားတရူး၊ စုန်းပူးသလိုပဲကွ . . သိလား . . ."

ဟု ကောင်းချီးဩဘာပေးကြ၏။ သူတို့တွေ ဘယ်လိုပဲပေးပေး ကျွန်တော် ဂရုမစိုက်ပါ။ ကျွန်တော့်ဘဝမှာ ဘာမှလိုလေသေးမရှိအောင် အဆင်ပြေနေသည်ပဲ။

ဒီနေ့ သူမက ကြက်ဆီထမင်းစားချင်သည်ဆို၍ ကျွန်တော်ကြက်ဆီထမင်းသွားဝယ်ကာ ဆေးရုံကို ထွက်ခဲ့သည်။ သူမ တာဝန်ကျရာ ဝပ်ကိုရောက်တော့ ဆေးရုံဝန်ထမ်းတချို့က ကျွန်တော့်ကိုကြည့်၍ . . .

"ကိုမင်းသွေးကတော့ ရထားထက်တောင် အချိန်မှန်သေး

တယ်နော် . . . မီးရထားတောင် တစ်ခါ . လေ ပျောက်တတ်သေး
တယ် . . . ကိုမင်းသွေးကတော့ ပုံမှန်ပဲ . . . "

"ဟား ဟား . . . ချစ်တာကိုးဗျ . . . "

ဒီဆေးရုံက ဝန်ထမ်းတော်တော်များများနဲ့ ကျွန်တော် ရင်းနှီးနေပြီ . . . မရင်းနှီးဘဲ ခံနိုင်မလား . . . ကျွန်တော်က ဒီဆေးရုံကို ချောင်းပေါက်မတတ် လာနေတာကိုး . . . ဆေးရုံပိုင်ရှင်သာ ဒါကို သိရင် အခွန်တောင် ကောက်မလား မသိပေ။

ထို့နောက် ကျွန်တော် သူမရှိရာအခန်းသို့ သွားလိုက်သည်။ သူမအခန်းထဲက ခုံလေးတစ်ခုမှာ ငုတ်တုတ်လေးထိုင်ကာနေ၍ မှိုင်တွေတွေလေးဖြစ်နေသောကြောင့် ကျွန်တော် ရင်ထိတ်သွားကာ. .

"လင်းသွဲ့ . . . နေမကောင်းဘူးလားဟင် . . . "

သူမက ကျွန်တော့်ကိုတစ်ချက်ကြည့်၍ ခေါင်းတစ်ချက် ညိတ်ပြကာ . . .

"ခေါင်းထဲမှာ မူးနောက်နောက်ကြီးဖြစ်နေလို့ . . အဲဒါ ခွင့်ယူပြီး အိမ်ပြန်မလား စဉ်းစားနေတာ . . . "

"ဒါဆို ပြန်လေ . . ကိုယ် လိုက်ပို့ပေးမှာပေါ့ . . . ဆေးရော သောက်ထားလား . . . "

သူမက ခေါင်းညိတ်ပြသည်။ ဘာဆေးသောက်ထားလဲ ဆိုတာတော့ ကျွန်တော် ဆက်မမေးဖြစ်ပါ။ ဆရာဝန်တစ်ယောက် အနေနဲ့ သူ့ကိုယ်သူ ဘာဆေးသောက်ရမလဲဆိုတာတော့ အသိဆုံးဖြစ်၏။

ထို့နောက် သူမကို ဖေးမကာ ကျွန်တော်တွဲခေါ် လာလိုက်သည်။ အပြင်ရောက်တော့ ခွင့်တိုင်စရာရှိတာ တိုင်သည်။ ပြီးနောက် သူမအိမ်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

သူမ အိမ်ရောက်တော့ အားလုံးက စိတ်ပူပင်စွာ ဆီးကြိုကြသည်။ သူတို့အိမ်သားတွေကြည့်ရတာ သူမ ဒီနေ့တစ်ခုခုဖြစ်မယ်

ဆိုတာ ကြိုသိနေတဲ့ အမူအရာမျိုးတွေ။ ဒါကလည်း သိပ်အဆန်းတော့ မဟုတ်ပေ။ ဖုန်းကြိုဆက်ထားရင် ရသည်ပဲ။

သူမ အိမ်ကိုရောက်တော့ ကျွန်တော် ဧည့်ခန်းမှာထိုင်နေသည်။ သူမကတော့ ခေါင်းကလေးကို ဖိ၍ကိုင်ကာ တအင်းအင်း ညည်း၍ အိမ်ပေါ်ထပ်သို့ တက်သွားပါတော့သည်။ ခဏနေတော့ သူမအမေ အပေါ်ထပ်မှဆင်းလာ၍ ကျွန်တော် မတ်တတ်ရပ်လိုက်ကာ . . .

"အန်တီ . . . အခြေအနေ ဘယ်လိုရှိလဲဟင် . . . "

"ကောင်းသွားမှာပါ သားရယ် . . . သိပ်လည်း စိတ်မပူပါနဲ့"

သူ့အမေက သိပ်လည်း စိတ်မပူပါနဲ့သာ ပြောနေသည်။ မျက်နှာက သိပ်မကောင်း . . .

"ကဲ ကဲ . . . သားလည်း ပင်ပန်းနေပြီ . . . ပြန်ချင်ပြန်တော့လေ . . . မနက်ကျမှ တစ်ခေါက်လာကြည့်ပေါ့ . . . "

ကျွန်တော်လည်း သက်ပြင်းချ၍ ပြန်လာခဲ့တော့သည်။ ဒီနေ့ အန်တီ့ပုံစံကြည့်ရတာ ခါတိုင်းနေ့တွေနဲ့ မတူဘူးဟု သတိထားမိ၏။ ကျွန်တော့်ကိုလည်း အိမ်မှာဆက်ရှိနေတာ မကြိုက်တဲ့ပုံမျိုး။

ဘာတွေလဲ . . .

ကျွန်တော် စဉ်းစားကြည့်တော့ အဖြေမပေါ်ပါ။

☆ ☆ ☆ ☆ ☆

နောက် နေ့တွေမှာ သုံးလေးရက်လောက် သူမကို ကျွန်တော် မတွေ့ရတော့။ ဆေးရုံသွားမေးတော့လည်း ခွင့်ယူထားတယ်ဟု ဆိုသည်။ သူမဆီ ဖုန်းဆက်ကြည့်တော့လည်း ဖုန်းပိတ်ထားသည်။ နောက်ဆုံးအိမ်ကိုလိုက်သွားတော့ သူမ သူငယ်ချင်းတွေနှင့်အပြင် ထွက်သွားသည်ဟု ဆိုပြန်၏။

တစ်စုံတစ်ခုတော့ ထူးခြားစွာ မှားယွင်းနေပြီဆိုတာ ကျွန်တော်သဘောပေါက်လိုက်၏။ ဘာလဲဆိုတော့ ကျွန်တော်မပြောတတ်။ စိတ်ထဲမှာလည်း တစ်မျိုးကြီးခံစားနေရသည်။ မတွေ့ရပါဘူးဆိုမှ အလွန်တွေ့ချင်နေမိပြီ။ လွမ်းလည်း တော်တော်လွမ်းနေပြီ။ သုံးရက်လောက် အတွေ့မခံဘဲ ပစ်ထားခံရသည့်ချစ်သူတစ်ယောက်၏ ရင်ထဲက ခံစားချက်ကို သူမ နားမလည်နိုင်ဘူးလား။ ဒီရက်ပိုင်းအတွင်း သူကရော ကျွန်တော့်ကို မလွမ်းဘူးလား။ မတွေ့ချင်ဘူးလား။

ကျွန်တော် မေးခွန်းပေါင်းများစွာနှင့် တစ်ယောက်တည်း ရှုပ်ယှက်ခတ်ကာနေ၏။ ကျွန်တော် ဘာလုပ်ရမလဲ။ ဒီရက်ပိုင်းအတွင်း လူက ယောက်ယက်ခတ်နေသည်။ နောက်ဆုံးတော့ ဟိုအရင်

တစ်ခါကလို သူမတို့အိမ်ရှေ့မှာပဲ သွားစောင့်ဖို့ဆုံးဖြတ်လိုက်ကာ သူမတို့အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

ထိုးနေကျနေရာမှာပင် ကားထိုးပြီး စောင့်နေလိုက်သည်။ ဒီနေ့တော့ ပုံမှန်မဟုတ်တဲ့ရာသီဥတုအခြေအနေကို ကျွန်တော် အဖြေရှာမည်။ ကျွန်တော် မနက်မိုးလင်းကတည်းက တစ်နေ့လုံး သွားစောင့်နေသည်။ ဗိုက်ဆာရင်စားဖို့ ပေါင်မုန့်တွေ၊ ရေတွေယူသွားသည်။

တစ်နေ့လုံးတော့ သူမ အိမ်ထဲမှာခွေနေမည်မဟုတ်။ တစ်ချိန်ချိန်မှာတော့ သူမ ထွက်လာလိမ့်မည်။ ထိုအခါကျရင် ကျွန်တော့်ဘက်က မေးသင့်တာ မေးရမည်။ သူမဘက်က ကျွန်တော့်ကို ရှောင်နေရတဲ့အဖြေတစ်ခုရှိမည်ဟု ကျွန်တော် ထင်၏။

တဖြည်းဖြည်းနဲ့ ထမင်းစားချိန်ကျော်လာသည်။ အခုထိ တစ်အိမ်သားလုံး တုတ်တုတ်မျှမလှုပ်။ ကျွန်တော် ပါလာတဲ့ ပေါင်မုန့်နဲ့ရေကိုသောက်ရင်း ပေပေပြီးစောင့်နေလိုက်သည်။ ခဏနေတော့ ကျွန်တော် စောင့်ရကျိုးနပ်ပါသည်။

နေ့လယ်တစ်နာရီကျော်တော့ ခြံတံခါးပွင့်ကာသွား၏။ သူ့အိမ်က ခြံစောင့်ကောင်လေးက လာဖွင့်ခြင်းဖြစ်သည်။ ပြီးတော့ သူမအိမ်ကကား ထွက်လာသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ သူမကို အနောက်ခန်းမှာ အိမ်ကခိုင်းတဲ့ကောင်မလေးနဲ့ ထိုင်ကာပါသွားသည်။

အရှေ့ခန်းကမောင်းတဲ့သူနေရာမှာတော့ သူ့အဖေဖြစ်၍ ဘေးမှာ သူ့အမေ ပါလာသည်။

သူတို့ပုံစံထွေကြည့်ရတာ တစ်စုံတစ်ခုကို လောကြီးနေဟန်ရှိ၍ တစ်ခုခုတော့ တစ်ခုခုပဲဟုတွေးကာ ကျွန်တော် နောက်မှနောက်ယောင်ခံလိုက်ခဲ့တော့သည်။

သူတို့တွေ အရေးကြီးနေတာတော့ သေချာ၏။ ကားက လိုအပ်တာထက် ပိုမြန်အောင်မောင်းနေ၍ ကျွန်တော်တောင် မနည်း မီအောင်လိုက်ရသည်။ နောက်ဆုံးတော့ သူတို့ကားဝင်သွားတဲ့နေရာ ကိုကြည့်၍ ကျွန်တော် အံ့ဩသွားသည်။

"ဦးနှောက်နှင့်အာရုံကြော ဆေးရုံကြီး ..."

ကျွန်တော် ချက်ချင်း ရင်ထဲမှာ ဒိန်းခနဲဖြစ်ကာသွားသည်။

"ဘယ်သူ ဘာဖြစ်တာပါလိမ့် ..."

ကျွန်တော်တွေးနေရင်း ကားကို ထိုဆေးရုံထဲ ထိုးဝင်လိုက် သည်။ သူမတို့ကားနဲ့ ခပ်လှမ်းလှမ်းမှာ ကျွန်တော်ရပ်၏။

သူမကားထဲမှာ အရင်မဆင်းဘဲ အိမ်ဖော်ကောင်မလေးက အရင်ဆင်းလာသည်။ ပြီးတော့ သူမထိုင်တဲ့ဘက်က တံခါးပေါက်ကို ဖွင့်ကာ သူမကိုတွဲပြီး ဆင်းလာတော့ ကျွန်တော့်ရင်ထဲမှာ အုန်းခနဲ မြည်ဟီးသွားမိသည်။

သူမ[illegible] မျက်မမြင်တစ်ယောက်ပမာ လမ်းကိုစမ်းတဝါးဝါး လျှောက်နေရ၏။ ဘေးကကောင်မလေးက သူမကိုတွဲ၍ လမ်းပြပေး နေလေသည်။ သူမလက်ထဲမှာလည်း မျက်မမြင်ဘွေအသုံးပြုသည့် တုတ်ကလေး။

ကျွန်တော် ကားပေါ်မှချက်ချင်းဆင်းပစ်လိုက်ကာ သူမဆီ လှမ်းသွားမလို့အလုပ် အန်တီက ကျွန်တော့်ကိုမြင်သွား၍ အရမ်း အံ့ဩသွားပုံရသည်။ ပြီးတော့ နှုတ်ခမ်းရှေ့မှာ လက်ညှိုးကပ်ပြကာ တိုးတိုးနေရန် အချက်ပြသည်။

ကျွန်တော် ရုတ်တရက်ဆိုတော့ ကြောင်တောင်တောင်ကြီး ရပ်ကြည့်နေမိသည်။ သူမက ဘာလို့ မျက်စိကွယ်သွားရတာလဲ။ ကျွန်တော့်ရင်ထဲမှာ ပတ်ဝန်းကျင်အသံတွေအားလုံး ငြိမ်ကျကာသွား ၏။ ပြီးတော့ ဒီကိစ္စကို ဘာလို့မသိရတာလဲ။

ကျွန်တော် ကြောင်တောင်တောင်ကြီး ရပ်နေစဉ်မှာ အန်တီက ကျွန်တော့်အနားသို့ လှမ်းလာသည်။ မျက်ဝန်းမှာလည်း မျက်ရည်တွေ စို့ရွှဲကာနေ၏။ ကျွန်တော့်အနားရောက်တော့ . . .

"သား မြင်တဲ့အတိုင်းပါပဲကွယ် . . . သမီးလေးဘဝက သနားစရာပါ . . ."

ကျွန်တော့်ပါးစပ်က ရုတ်တရက်စကားမပြောနိုင်သေး။

"အမှန်တော့ သားစိတ်ဆင်းရဲမှာစိုးလို့ သူ့ရောဂါအခြေအနေကို သူက ပြောမပြခဲ့တာပါ . . . သူ ဒီရောဂါဖြစ်နေတာ သားနဲ့မတွေ့ခင်ကတည်းကပါ . . . သူကိုယ်တိုင်လည်း ဆရာဝန် တစ်ယောက်ဆိုတော့ ဒီရောဂါနဲ့ပတ်သက်လို့ ဘယ်လိုမှ ကုလို့မရနိုင်ဘူးဆိုတာ သိနေတော့ ပိုဆိုးတာပေါ့ကွယ် . . ."

ပြောပြီး အန်တီက တရှုံ့ရှုံ့ငိုသည်။ ကျွန်တော်လောလောဆယ် တခြားတိုင်းပြည်တစ်ခုကို ရောက်သွားသလို အူတိအူကြောင်ဖြစ်နေဆဲ . . . ခဏနေတော့မှ အသိပြန်ဝင်လာကာ . . .

"သူ . . . သူက ဘာဖြစ်တာလဲဟင် . . ."

"ဦးနှောက်အကြိတ်ကင်ဆာပါ . . ."

"ဗျာ . . ."

ကျွန်တော့်ရင်ခုန်သံသည် ချက်ချင်း ငြိမ်သက်ကာသွားသည်။ နောက်တော့ ချက်ချင်းပင် ရင်တစ်ခုလုံး ဆူလောင်ပွက်လောရိုက်သွားကာ စကြဝဠာတိုက်တစ်သောင်းက နတ်ဆိုးအပေါင်းတို့၏ အော်ဟစ်သံများလို ကြားနေရ၏။

ခဏအကြာ ကျွန်တော့်ပါးပြင်ပေါ် နွေးခနဲဖြစ်ကာသွားသည်။ ကျွန်တော် သတိမထားမိခင်မှာ ကျွန်တော် မသိလိုက်သော မျက်ရည်တို့ကို ပါးပြင်ပေါ် သို့ လိမ့်ဆင်းကာလာ၏။ အန်တီက စကားဆက်သည်။ သို့သော် အန်တီ့စကားသံကလည်း ငိုသံတို့နှင့်ရောယှက်

နေ၍ ဝေဝေဝါးဝါးသာ ကြားနေရ၏။

"အခု သူ့ဦးနှောက်အကြိတ်က တဖြည်းဖြည်းကြီးလာတော့ အမြင်အာရုံနဲ့ အကြားအာရုံရှိတဲ့အပိုင်းတွေကို ဒုက္ခပေးနေပြီပြော တယ် . . . အခု သမီးလေးက မျက်စိကွယ်သွားပြီ သားရယ် . . ."

ကျွန်တော် သူ့မရှိရာဆေးရုံအတွင်းသို့ ပြေးလိုက်သွားမလို့ လုပ်လိုက်သည်။

"သား . . ."

အန်တီ့ခေါ်သံကြောင့် ကျွန်တော့်ခန္ဓာကိုယ် တုန့်ခနဲရပ် လိုက်ကာ လှည့်ကြည့်တော့ . . .

"သား လိုက်မသွားပါနဲ့လား သားရယ် . . . သားရှိနေရင် သူ ပိုပြီးစိတ်ထိခိုက်လိမ့်မယ် . . . အိမ်ကိုလည်း သားလာမေးတာ သူသိပါတယ် . . . အဲဒီ့နေ့က သူ တစ်နေ့လုံး ငိုနေတယ် . . . အန်တီ့ ကိုလည်း သူ့အကြောင်း လုံးဝမပြောပါနဲ့လို့ ကတိတောင်းထားလို့ပါ . . . သူ့ရဲ့နောက်ဆုံးအချိန်လေးတွေမှာ သူ့ဆန္ဒလေး လိုက်လျော လိုက်ရအောင်လား သားရယ် . . ."

ကျွန်တော့်မျက်ဝန်းမှာ အမြင်တွေအားလုံး ဝေဝါးကာလာ သည်။ ခန္ဓာကိုယ်က မြေကြီးပေါ်မှာ ရပ်နေသော်လည်း မြေကြီးနှင့် လွတ်နေသည်ဟု ခံစားနေရ၏။

အဲဒီ့နေ့က အိမ်ကို ဘယ်လိုပြန်ရောက်လာသည်။ ဘာတွေ ဖြစ်ခဲ့သည်ဆိုတာ ကျွန်တော် မမှတ်မိတော့။ ကျွန်တော် သိနေတာ တစ်ခုပဲရှိသည်။

ကျွန်တော် သူ့ကို အရမ်းချစ်သည်။

☆ ☆ ☆ ☆ ☆

**တစ်ပတ်** အတွင်း သူမရောဂါ သည်းထန်လာ၍ နောက်ဆုံး အသက်ရှူရပ်ပြီး မေ့လဲသည်အထိ ဖြစ်ပေါ်လာ၍ သူမကို ဆေးရုံ တင်လိုက်ရပါသည်။ ထိုဆေးရုံကလည်း သူမ အလုပ်လုပ်ခဲ့သည့် ဆေးရုံပင် ဖြစ်သည်။

ကျွန်တော် သူမနဲ့ဆုံတွေ့ခဲ့တဲ့ ဆေးရုံလေး။ အခုတော့ ထို ဆေးရုံက သူနဲ့ကျွန်တော့်ကို ခွဲခွာပေးတော့မယ့် ဆေးရုံ။

သူမ အနားမှာ ကျွန်တော် ရှိသည်။ သို့သော် သူမ မသိနိုင် တော့ပါ။ ကျွန်တော့်ရင်ထဲမှာ စကားတွေအများကြီး ပြောနေမိ၏။

သို့သော် သူမ မကြားနိုင်တော့။ သူမကို ကျွန်တော် ကြယ် လေးတွေအကြောင်း မေးချင်မိသည်။

သူမ ကျွန်တော့်ကို မျက်ဝန်းတောက်တောက်လေးတွေနှင့် ကြည့်ပြီး မဖြေနိုင်တော့ပြီ။

သူမက . . .

ကျွန်တော်နဲ့စတင်တွေ့ဆုံခဲ့တဲ့ နှင်းစက်လေးတွေကို ဒီရာသီ အနွေးမှာပဲ နှုတ်ဆက်သွားတော့မည်။

ကျွန်တော့်မျက်ရည်တို့သည် ဘယ်နှကြိမ်၊ ဘယ်နှခါမှန်းမသိ စီးကျနေသည်။ ကျွန်တော် သူမကို ထိုမျက်ရည်တွေကြားမှ အားယူ ရှုကြည့်၏။

သိပ်ချစ်တယ် လင်းသွဲ့ဝေဝေရယ် . . .

ကျွန်တော် . . . .

ကျွန်တော် . . . . .

☆ ☆ ☆ ☆ ☆

တစ်လခန့်ကြာသော်

# ဆည်ရေ

ပြင်ကို တိုက်ခတ်လာသော လေပြည်ညင်းက ကျွန်တော့်ကိုယ်ကို တိုက်ခတ်သွား၏။ ထိုလေညှင်းနှင့်အတူ သူမ ကျွန်တော့်ကို ခွဲခွာခဲ့တာ တစ်လပြည့်ပြီ။

ဒီနေ့ ကျွန်တော့်ဆီကို သူမ သူငယ်ချင်းဆီမှ တိပ်ခွေတစ်ခွေ ရောက်လာသည်။

သူမက 'တစ်လပြည့်တဲ့နေ့မှ ပေး' ဟု မဆုံးခင်က သူ့ကိုမှာ ခဲ့၍ ဒီနေ့ကျမှ ကျွန်တော့်ကို လာပေးခြင်းဖြစ်သည်ဟု ဆို၏။

ကျွန်တော် ထိုအခွေလေးကို အခုဖွင့်ထားသည်။

သူမ ပျော်တဲ့ဒီနေရာ . . .

သူမ ချစ်တဲ့ ကြယ်လေးတွေ . . .

ပြီးတော့ . . .

သူမ သနားတဲ့ ခွန်ဆန်လောနဲ့ နန်းဦးပြင် . . .

သူမ ချစ်ခဲ့တဲ့ ကျွန်တော် . . .

နောက်ဆုံး . . .

သူမကို တိုးဝှေ့ကျီစယ်ခဲ့ဖူးတဲ့ လေပြည်လေညင်းလေးတွေ

ဒါတွေအားလုံး ကြားအောင် ကျွန်တော် ဖွင့်ထားပါသည်။ သူမအသံလေးက ယခင်အတိုင်းပင် တိုးတိတ်သာယာစွာ ထွက်လာတော့၏။

ကို/

သွဲ့ကို လွမ်းနေပြီလားဟင် . . .
ကို မငိုနဲ့နော် . . .
ကိုကိုလည်း သွဲ့က လွမ်းနေမှာပါ . . .

ကိုရေ . . .

ဒီနေ့ သွဲ့တို့ခွဲခွာခဲ့တာ တစ်လပြည့်ပြီနော် . . .
ဒီအခွေလေးကိုနလ တစ်လပြည့်တိုင်း၊ ပြည့်တိုင်း ကို နားထောင်ပေးနော် . . .
အဲဒါမှ သွဲ့က ကိုယ့်အနားကို တစ်လတစ်ခါ ရောက်လာနိုင်မှာ . . .
ကို . . .သွဲ့က အချစ်ကြယ်လေးဖြစ်နေပြီ သိလား . . .
ကိုကို အခု သွဲ့မြင်နေရတယ်လေ . . .
ကိုကို အရမ်းချစ်တယ်ကွယ် . . .
ကို တိုတစ်ခါ သွဲ့ကိုမေးဖူးတယ်နော် . . .
သွဲ့က ကိုကို ဘယ်တုန်းက စချစ်တာလဲလို့လေ၊
အဲဒီတုန်းက သွဲ့ မဖြေခဲ့ဘူးနော် . . .
အခု ဖြေမယ် သိလား . . .
သွဲ့ကိုယ့်ကို Mister Guitar မှာ စတွေ့ပြီး
ပိုက်ဆံအိတ်လေး ယူထားတဲ့နေ့က စချစ်သွားတာ . . .

ထော်ဝင်းမြို့မ စာအုပ်တိုက်

ကို...

လိမ်လိမ်မာမာနေနော် . . .

သွဲ့ကိုချစ်ပေးတဲ့အတွက် ကိုယ့်ကို အမြဲကျေးဇူးတင်နေမှာပါ . . .

ထာဝရလည်း သတိရနေမှာပါ ကိုရယ် . . .

တိပ်ခွေလေးပြီးသွားတော့ ကျွန်တော့်ပါးပြင်ပေါ် စီးကျလာသော မျက်ရည်တို့ကို ခပ်ဖွဖွ စမ်းမိသည်။

ပြီးတော့ နှုတ်ဖျားမှ တီးတိုးရေရွတ်မိလိုက်၏။

သိပ်ချစ်တယ် ချစ်သူရယ် . . .

ကြိုးစားလျက်
မိုးဆောက်လင်းထက်